လူထုဒေါ်အမာ

# ပြည်သူ့ချစ်သော အနုပညာသည်များ

နေမျိုးဗလကျော်သူဘွဲ့ရ

# ရှာ
# စား
# စိန်
# ဗေ
# ဒါ



ပြည်သူချစ်သောအနုပညာသည်များအစဉ်

လူထုဒေါ်အမာ

# ပြည်သူချစ်သော
# အနုပညာသည်များ

နေမျိုးဗလကျော်သူဘွဲ့ရ

## ဂျာစားစိန်ဗေဒါ

ပြည်သူချစ်သောအနုပညာသည်များ အဖွဲ့

https://www.facebook.com/groups/647233945371254/

# ကျေးဇူးမှတ်တမ်း

- ပြည်သူချစ်သော အနုပညာသည်များ အဖွဲ့ Facebook Group ကို ဦးမောင်မောင်သန်းက စတင်ထူထောင်ပြီး လူထုဒေါ်အမာရဲ့ ပြည်သူချစ်သော အနုပညာသည်များ (စတုတ္ထအကြိမ် ပုံနှိပ်ခြင်း) စာအုပ်ကို scan ဖတ်ပေးခဲ့ပါတယ်။

- စိန်ဗေဒါ ကဏ္ဍမှ စာများအားလုံးကို မဝင်းဝင်းသန့်က အစအဆုံး တစ်ဦးတည်း စာရိုက်ပေးခဲ့ပါတယ်။

- စိန်ဗေဒါ သီချင်းများ၊ တီးလုံးများ အသံဖိုင်များကို ကိုခွန်ကြီးနှင့် ဆရာကျော်လွင်တင့်ဦးတို့က ရှာဖွေပေးခဲ့ပါတယ်။

- ယခု မျက်နှာဖုံးမှ စိန်ဗေဒါ ပန်းချီပုံဟာ ပြည်သူချစ်သော အနုပညာသည်များ (ဆဋ္ဌမအကြိမ် ပုံနှိပ်ခြင်း) စာအုပ်မှာ ကာတွန်းကိုဖော်မောင် ရေးဆွဲခဲ့တဲ့ပုံ ဖြစ်ပါတယ်။ ပြည်သူချစ်သောအနုပညာသည်များ စာလုံးကတော့ စတုတ္ထအကြိမ် ပုံနှိပ်ခြင်း စာအုပ်မှ ယူထားခြင်း ဖြစ်ပါတယ်။

- ယခု pdf စာအုပ်က စာလုံးပေါင်း သတ်ပုံကို စတုတ္ထအကြိမ် ပုံနှိပ်ခြင်းမူအတိုင်းပဲ ထားပါတယ်။

- ဒေါ်အမာ စာအုပ်မှာ စာသားနှင့်တကွ ဖော်ပြထားတဲ့ သီချင်း သုံးဆယ့်ခြောက်ပုဒ် အနက်မှ သီချင်း နှစ်ဆယ့်ကိုးပုဒ်ကို ရှာဖွေ ဖြန့်ဝေနိုင်ခဲ့ပါတယ်၊ (အဲဒီထဲက သီချင်းနှစ်ပုဒ်ကတော့ စိန်ဗေဒါမူရင်း ရှာမရတာကြောင့် မန္တလေးစိန်သောင်းနှင့် စိန်ချစ်တီးတို့ ပြန်လည် အသံသွင်းထားတာနဲ့ အစားထိုးရပါတယ်။) ယခု ရှာမတွေ့သေးတဲ့ သီချင်းတွေ နောက်များမှာ ရှာဖွေ တွေ့ရှိမယ် ဆိုရင် ထပ်မံဖြည့်စွက်ပါမယ်။

- ဆရာမကြီးရဲ့ စာအုပ်ထဲမှာ ဖော်ပြထားခြင်း မရှိတဲ့ သီချင်းတီးလုံး ဆယ့်လေးပုဒ်ကိုပါ ရှာဖွေရရှိတဲ့အတွက် sound file တွေကို နောက်ဆက်တွဲ အဖြစ် ဖြည့်စွက်ပါတယ်။ ဒီ့ပြင် စိန်ဗေဒါ ကွယ်လွန်ခြင်း နှစ်ဆယ့်ငါးနှစ်ပြည့် အထိမ်းအမှတ် အဖြစ် ကမ္ဘာ့ဂီတဦးသန်းမြင့်၊ ဆရာကြီး ဦးဂုဏ်ဘဏ်၊ ဒေါ်အောင်ကြည်၊ ဘာဂျာဆရာစိုး၊ စန္ဒယား ဆရာတောက်၊ ဦးလှဖေ (ဦးဟန်ပရဲ့ ညီ ဟသာ်တဦးလှဖေ ဖြစ်မလားပဲ) တို့ရဲ့ ဆွေးနွေးချက်များကိုပါ ဖြည့်စွက်နိုင်ခဲ့ပါတယ်။ ဆရာကျော်လွင်တင့်ဦးကို အထူးကျေးဇူးတင်ရမှာပါ။

- sound file တွေကို download link သာ ပေးနိုင်ပါတယ်။ pdf နှင့်အတူ sound file တွေပါ တစ်ပါတည်း ပေါင်းပေးလိုက်မယ်ဆို upload/download အဆင်ပြေမှာ မဟုတ်ပါဘူး၊ အဲဒီလို ပေးနိုင်ဖို့ ဆိုရင် CD ခွေနဲ့ ဖြန့်ဝေ ပေးနိုင်မှသာ ရပါလိမ့်မယ်။

- ဓာတ်ပုံများနဲ့ ပတ်သက်လို့တော့ တောင်းပန်စရာ ရှိပါတယ်။ ကျွန်တော်ပုံတွေ အားလုံးကို ခေတ္တဖြုတ်ထားပါတယ်။ အရည်အသွေးကောင်းတဲ့ ဓာတ်ပုံဆိုလို့ ဆရာဆူးငှက်ဆီက ရတဲ့ ဆင်တိုဘီးနဲ့ စိန်ဗေဒါ ဓာတ်ပုံတစ်ပုံပဲ ရှိလို့ပါ။ ကျန်တဲ့ ဓာတ်ပုံတွေကို ကျွန်တော့်ဆီမှာ ရှိတဲ့ ဆဋ္ဌမအကြိမ် ပုံနှိပ်ခြင်း စာအုပ်ထဲက scan ဖတ်ရပါတယ်။ ဒါပေမယ့် ဓာတ်ပုံတွေက ပုံနှိပ် စာအုပ်ထဲမှာကို တော်တော်လေး အခြေအနေ ဆိုးနေပါပြီ၊ scan ဖတ်လိုက်တော့ ပိုပြီး ဆိုးသွားပါတယ်။ ဒါကြောင့် အရည်အသွေးကောင်းကောင်း ဓာတ်ပုံတွေများ ရနိုင်ဦးမလား ရှာကြည့်ချင်သေးတဲ့ အတွက် ပုံတွေကို ခေတ္တချန်ထားခဲ့ပါတယ်။ ရှာလို့ ရခဲ့ရင် ဓာတ်ပုံတွေ ပြန်လည်ဖြည့်ပြီး pdf စာအုပ်ကို update လုပ်ပါမယ်။ တကယ်လို့ ရှာလို့ မရခဲ့ရင်တော့ scan ဖတ်ထားတဲ့ ပုံတွေနဲ့ပဲ လုပ်ရမှာပါ။

- ဆရာဆူးငှက်၊ ဆရာကျော်လွင်စန်းနှင့် ဝိုင်းဝန်း အားပေး ကူညီကြသူများ အားလုံးကို ကျေးဇူးတင်ရမှာပါ။

...

- ကျေးဇူးတင်ပါတယ် ခင်ဗျား။

--- * * * ---

# မာတိကာ

## နေမျိုးဗလကျော်သူဘွဲ့ရရွှာစားစိန်ဗေဒါ


ရွှာစားစိန်ဗေဒါ ........ 3

မန္တလေးအလှူ........ 5

ဆိုင်းတော်ဘွဲ့ခံ သာကွင်း ........ 7

စိန်ဗေဒါ၏မျိုးရိုး ........10

ရတနာဂီရိသို့ ........21

စိန်ဗေဒါ၏ လက်ပေါက် ........25

ပတ်စာတပ် မြန်လှသူ........28

ဦးဗေဒါနှင့် စောင်း ........31

မိကျောင်း ........38

ဦးဗေဒါနှင့် နဲ........39

ဦးဗေဒါနှင့် ပတ္တလား ........39

အဆိုပညာ ........45

ဦးဗေဒါနှင့် အငြိမ့်မင်းသမီးများ........48

တီထွင်မှုများ........49

ဆရာ့ဓာတ်ပြားများ........52

သီချင်းများ ........61

အသားမဲ တီးလုံး ........61

အလှူတော် မင်္ဂလာ တီးလုံး ရှစ်ဌာန သာလာဃံ သီချင်း ........62

အလှပြိုင်ပွဲ ........63

ကပ္ပလီ ........64

ဓာတ်တူ နံတူ ........65

မင်္ဂလာယင်မယ့် သတိုးသား ........66

ရဲမြန်မာ တီးလုံး ........67

မင်္ဂလာချို တီးလုံး ........68

ပပဝင်းဝင်း ...69
လေှလော်သံ ...70
အင်္ဂလန် ပတ်စမ်း ...71
ပဥ္စသိခ် သီချင်း ...72
အလှူတော် မင်္ဂလာ သီချင်း ... 73
သာသနာ့ အမွေခံ ...74
မဟာမြိုင် ...75
မင်္ဂလာရကင်း ...76
ပိတုန်းရောင် ...77
ကျေးဇူးလည်ပြန် ...78
ဝမ်းသာစရာ တီးလုံး ...79
ဒွိဘာသာ သာသနာ တီးလုံး ...80
ချောကလက် ...81
ရွှေရေစင် တီးလုံး ပဏာမ ...82
နှုတ်ဆက် တီးလုံး ...83
နိဗ္ဗာန်မဂ်ဖိုလ် တီးလုံး ...84
သံဃသြဝါဒခံ ...85
နွားဝန်တင် တောက်ခေါက်သံ ...86
လယ်ထွန် မင်္ဂလာ ...87
မဟာတူရိယာ ...88
ဝါသနာဘာဂီ ...89
ရွှေမန်ကျည်း ခုနစ်စင် ...90
၁၆ မိုင် သက်တော်ရှည် ...91
အလှူ မင်္ဂလာပွဲများတွင် တီးနေရင်း ပျင်းသည့်အခါ လက်ဖက်ရည်ပွဲ တောင်းသည့် သီချင်း ...92
အပါးတော်ပြန် ဆိုင်းဆင့် ...93
စိန်ဗေဒါ ကိုယ်ရည်သွေး ဆိုင်းဆင့် ...94
ဂုဏ်ပညာ တေးထပ် တီးလုံး ...95
ဆရာ ဦးဗေဒါ စောင်းသံမှန်နှင့် တီးသည့် ရွှေတိုင်ညွှန့်၏ ဗိမ္ဗိသာရ သီချင်း ...96

## နောက်ဆက်တွဲ

စာအုပ်ထဲတွင် မပါသော သီချင်းများ ...97
စိန်ဗေဒါ ကွယ်လွန်ခြင်း ၂၅ နှစ်ပြည့် အထိမ်းအမှတ် ဆွေးနွေးချက်များ...99

< ပုံ ၁ - ပန်းချီပုံ - စိန်ဗေဒါ၏ ပုံ >

# aer;pAv aumfolbG
# &mpm; pelA'g

မန္တလေးမြို့မှ ဆိုင်းဆရာ ရွှာစားကြီး စိန်ဗေဒါ ကွယ်လွန်သည်မှ ၁၉၄၂ ခုနှစ်က ဖြစ်သဖြင့် ယခုအခါ အနှစ် ၃၇ ကျော်ပါပြီ။ သို့သော် ဆရာ ဦးဗေဒါ မရှိသည့်နောက် ဆရာ့လို တော်သည့် ကျော်သည့် ဆိုင်းဆရာကား တယောက်မှ မပေါ်လာသေးပါ။

မန္တလေး သဘင်လောကမှ ရှေ့မှီနောက်မှီ ပုဂ္ဂိုလ်များက ဆရာဦးဗေဒါ ရှိစဉ်က မန္တလေးသို့ ဘယ်ဆိုင်းဆရာမှ တက်လာပြီး ဆရာနှင့် မယှဉ်ဝံ့ပါ၊ ယခု ဆရာမရှိသည့် နောက်တွင်ကား အောက်က ဆိုင်းဆရာတွေ တက်လာကြပါသည်။ လာသည့်အခါ ပတ်တီးချင်း ယှဉ်လျှင် အောက်က အတီးကောင်းသည်က များပါသည်၊ ပညာအနေနှင့်သာလျှင် မန္တလေးမှ သာသူ ရှိပါတော့သည်ဟု ပြောကြပါသည်။

ဆိုင်းဆရာကြီး ဆရာစိမ့် ကွယ်လွန်သွားသည့်နောက် ဆရာစိမ့်၏ ဇနီး ဒေါ်တိုးက ဗေဒါမောင်လေးကို ခံပြင်း နေသောကြောင့် အပြိုင် ခိုင်းရန်ဟု ဆိုပြီး ဆိုင်းဆရာ ဦးဟံပကို မန္တလေးကို ခေါ်ယူသည်။ သို့သော် ဦးဟံပ ရောက်လာသည့် အခါ ဦးဟံပက ဒေါ်တိုး ပြိုင်စေချင်သလို စိန်ဗေဒါကို မပြိုင်ပါ။ အစ်ကိုကြီးဟု ခေါ်ပြီး ရွှာစား စိန်ဗေဒါကြီးကို ဆရာခံသည်ဟု ကြားဘူးပါသည်။

ဦးဗေဒါသည် အသက် ၁၂ နှစ်သား လောက်က စ၍ ဂီတနယ်ထဲ ရောက်လာပြီး အသက် ၆၇ အရွယ်သေမှ ဂီတနှင့် ခွဲ၍သွားသည်။ အနှစ် ၅၀နီးပါး အသက်မွေး၍ သွားရာ၌ စိန်ဗေဒါသည် ပညာကို ပညာလို မြတ်နိုးသည်၊ ပညာလို လိုက်စားသည်။ အနုပညာနှင့် သူနှင့် ကြက်ကောင်း ကြိုးမကျွာ အမြဲနေသည့်ပုဂ္ဂိုလ် ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဗေဒါ့ လက်သံကို မကြားဘူးသူ ရှိချင်ရှိမည်၊ ဗေဒါ့နာမည် မကြားဘူးသူ၊ ဗေဒါ ဘယ်သူမှန်း မသိသူ မြန်မာပြည်၌ မရှိသလောက် ကျော်ကြားခြင်း ဖြစ်ပါလိမ့်မည်။

## ရွှာစားစိန်ဗေဒါ

"ဆရာ ဦးဗေဒါတို့လို ပညာရှင်ကတော့ အခုအထိ ရှိးစွဲ မရှိပါဘူး ခင်ဗျာ၊ ကျော်ထိုက်လို့ ကျော်တဲ့ ပုဂ္ဂိုလ်ပါ၊ သဘင်ပညာသည် အချင်းချင်း အနေနဲ့ ပြောရရင် လေးဖက်လေးတန်စုံတဲ့ ပညာသည်ပါပေ။ အရိုးအသားကလဲ

အလွန် ပြည့်ပါတယ်၊ သူကိုယ်တိုင်ကလဲ ပညာကို တကယ်မြတ်နိုး လိုက်စားတဲ့ လူပါ” ဟူ၍၎င်း၊ “မမနယ် ကျွန်တော်တို့ အဘ စိန်ဗေဒါက ဘယ်တော့မှ အအား နေတာမှ မဟုတ်ဘဲ၊ တခုခုကိုရင်လဲ တီးခတ် နေမယ်၊ ဒါမှမဟုတ် တယောက်ယောက် ဆီကရင်လဲ ပညာယူနေမယ်၊ ဒါမှမဟုတ် တယောက်ယောက်ကိုရင်လဲ ပညာပေး နေမယ်၊ အမြဲတမ်း ဒီလိုနေတဲ့လူဟာ ဘယ်မတော်ဘဲ နေပါ့မလဲ” ဟူ၍၎င်း ဆိုင်းဆရာ ရွှေစားကြီး စိန်ဗေဒါ အကြောင်း ကျွန်မက စုဆောင်း မေးမြန်းသည့် အခါ ဆရာဦးဗေဒါကို ကောင်းကောင်း သိမှီ ကျွမ်းဝင်သည့် သဘင်ပညာသည် တို့က ပြောပြပါသည်။

ကျွန်မတို့ အညာ၌ “ဆရာမပါရင် အလှူ မဖြစ်သလောက်ပါဘဲ” ဟူ၍ ဆရာဦးဗေဒါ၏ ဆိုင်းကဆိုသည့် သီချင်းမှာ ကြွား၍ ဆိုသည့် သီချင်း မဟုတ်ဘဲ တခေတ်တခါ ဆရာဦးဗေဒါ ရှိစဉ်က တကယ် ဖြစ်ခဲ့ရသည့် အခြေအနေတရပ် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ အဖို့ ရင်နှစ် သီးချာ သားရတနာကို သာသနာ့ အမွေခံနိုင်ရန် သာမဏေရ ပဗ္ဗဇ္ဇ ဘုံရောက် ချီးမြှောက် သွတ်သွင်း ရမည်ဆိုသည့် တာဝန်သည် မိဖတိုင်း၌ သားယောက်ျားကို မွေးကတည်းက သား ကြီးပြင်းရေး မွေးကျွေးရခြင်းနှင့် အတူ ပါလာသည့် တာဝန်တရပ် ဖြစ်ချေသည်။ ထိုတာဝန်ကို မိဖက ထမ်းဆောင်လိုသည့် အခါ “ပြော စည် တီး၍ အလှူကြီး ပေးလိုသည်” မှာ မိဖတိုင်း၏ ရည်မှန်းချက် ဖြစ်ပါသည်။ ယင်းသို့ ပေးနိုင်ရန် မိဖလုပ်သူက ၁၀နှစ် ၁၀မိုးထက် မနည်း ပစ္စည်း ဉစ္စာ ရှာဖွေ စုဆောင်းသည်။ ရသည့်အခါ သား ရှင်ပြုသည့် အလှူကြီး ပေးလေသည်။ ထိုအခါ သားရှင်ပြုသည့် အလှူတွင် စိန်ဗေဒါဆိုင်းနှင့် အလှူပေးရသည် ဆိုခြင်းမှာ အလှူရှင် မိဖအား အကြီး အကျယ် ပီတိ ပွားစေသော ကိစ္စ ဖြစ်ပါသည်။ ထို့ကြောင့် အလှူ ပေးလိုသည့် မိဖသည် ဗေဒါ ဆိုင်းကိုပါ ထည့်နိုင်အောင် ငှါးနိုင်အောင် ကြိုးပမ်း ရှာဖွေရသည်။ ရှာဖွေ၍ ရပြီဆိုလျှင် ဗေဒါကြီးထံ လာ၍ အလှူရက် တောင်းကြသည်။ အချို့လည်း ဗေဒါကို မထည့်နိုင်သေး၍ သားက ရှင်ပြုမခံဟု ဆိုသည်လည်း ရှိ၊ မိဖက အလှူ မပေးချင်သည်လည်း ရှိသဖြင့် ရှင်ပြုချိန်လွန်၍ သားကြီး မြီးကောင်ပေါက်သို့တိုင် ကုန်ရသည်များလည်း ရှိလေသည်။

ကျွန်မတို့ အညာ၌ သားရှင်ပြု အလှူတွင် ဆိုင်းကင်းလျှင် အလှူ မပီသတော့ပါ။ အလှူမှ ဆိုင်းသံပြောသံ ကြားရမှ အလှူပီသ၍ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည်၊ သို့မှ အလှူ အထမြောက်သည် ဟူ၍ ယခုတိုင် ယုံကြည်သူတွေ အများကြီး ရှိပါသည်။ ဤအစွဲကို ပို၍မြဲအောင် ဆရာ ဦးဗေဒါက ပြုလုပ်ထားခဲ့ခြင်း ဖြစ်သည်ဟု ပြောမည် ဆိုကလည်း ပြောနိုင်ပါသည်။

မြန်မာ့ဆိုင်းသဘင်၌ ဇာတ်ဆိုင်း၊ ရုပ်သေးဆိုင်း၊ နတ်ဆိုင်း၊ ဗလာဆိုင်း ဟူ၍ ဆိုင်း ၄မျိုး ၄စား ရှိပါသည်။ ရွှေစား စိန်ဗေဒါ၏ ဆိုင်းသည် ဗလာဆိုင်း အဖြစ်နှင့် ကျော်ပါသည်။ ဗလာဆိုင်း ဆိုသည်မှာ အလှူ မင်္ဂလာများ၌ ဆိုင်းချည်းသက်သက် လိုက်တီးသည့် ဆိုင်းကို ခေါ်ခြင်း ဖြစ်ပါသည်။

## မန္တလေးအလှူ

မန္တလေး၌ အလှူပေးမည်ဟု ဆိုလျှင် အလှူရှင် အိမ်ရှေ့၌ စက္ကူဖြင့် ဝါးဖြင့်ပြီးသည့် မဏ္ဍပ်ကြီးတလုံး ထိုးပါသည်။ မဏ္ဍပ်တလုံး၏ တန်ဖိုးသည် ၃ဂဂဂ တန်လောက်မှ ၅ဂဂဂ တန်လောက် အထိ ရှိ၍ စက္ကူဖြင့် ဝါးဖြင့် မဏ္ဍပ်ထိုးသည့် အတတ်မှာ မန္တလေးတွင် ယခုတိုင် အကြီးအကျယ် ထွန်းကား ဖွံ့ဖြိုးဆဲ ရှိပါသည်။ ထိုမဏ္ဍပ်ထိုးခြင်း၏ အဓိပ္ပါယ်မှာ သားရှင်ပြုရာတွင် ဘုရားတဆူ ပူဇော်သေးသောကြောင့် မြတ်စွာဘုရား ဆင်းတုတော် ဓေတ္တယာယီ စံပယ် သီတင်းသုံးရန် ကျောင်းတော်အဖြစ် ထိုး၍လှူခြင်း ဖြစ်ပါသည်။ ဤမဏ္ဍပ်တွင်းမှာပင် ဖိတ်ကြားထားသည့် ဧည့်ပရိတ်သတ် ကိုလည်း ကောင်းမွန်စွာ ဧည့်ခံရန် ဖြစ်ပါသည်။ မဏ္ဍပ်ကို အလှူမတိုင်ခင် ၄-၅ ရက်က စ,ထိုး၍ နက်ဖန် အလှူပြုတော့မည် ဆိုလျှင် မဏ္ဍပ်ဆရာက ယနေ့ သူ့မဏ္ဍပ် ပြီးပါပြီဟု အလှူရှင်ကို အပ်နှံသည်။ ဤမဏ္ဍပ်ကိုပင် ဓာတ်မီးများ ဆင်သည်။ ဓာတ်မီးမှာ မဏ္ဍပ်၏ မုခ်ဦး ပြသာဒ်နှင့် တကွ အဝေးမှ နေ၍ ကြည့်လိုက်လျှင် မဏ္ဍပ်ပုံအတိုင်း မြင်စေရမည့် မဏ္ဍပ်ပုံ ဖေါ်၍ ထွန်းညှိပေးသော မီးမျိုးဖြစ်သည်။ ထို့ပြင် မဏ္ဍပ်တွင်းမှာလည်း ဘုရားစင်နှင့်တကွ မဏ္ဍပ်တခုလုံးကို ညဧည့်ခံအတွက် မီးထွန်းညှိ ပေးရသည်။ နေ့ ဧည့်ခံအတွက် လေယပ် တပ်ဆင်ပေးရသည် ဖြစ်၍ ဓာတ်မီးချည်း တညလျှင် ၈ဂဂ-၁ဂဂဂ အထိပေးပြီး တတ်နိုင်သူများ ငှါးကြသည်။

< ပုံ ၂ - ဓာတ်ပုံ - ဓာတ်မီးများထွန်းညှိထားသည့် မန္တလေးမှ အလှူမဏ္ဍပ် တခု>

မန္တလေး အလှူသည် နက်ဖြန် မနက် ၈နာရီတွင် ဧည့်ခံစ,မည်ဆိုလျှင် အလှူ့ရှင်နှင့် အထူးတလည် ရင်းနီးသော မိတ်သင်္ဂဟများက ညဦးကလာ၍ နက်ဖြန်တွင် ဘာတာဝန် ယူရမည်ကို မေးရင်း၊ ဘုရားကြည်ညို လာကြသည်ဟု ဆိုသောကြောင့် နက်ဖြန် အလှူ မတိုင်မီ ယနေ့ည ၇ နာရီလောက်က စ၍ ည ၁၁ နာရီလောက် အထိ ညဧည့်ခံတခု ပြုလုပ်ရပါသည်။

ထို့ကြောင့် ငှါးရမ်းထားသည့် ဗလာဆိုင်းမှာလည်း ညကပင် ဧည့်ခံ ဝင်ရသည်။ ဆိုင်းသည် ညပိုင်းတွင် အလှူမဏ္ဍပ်ထဲ၌ နေရာမယူ၊ အလှူမဏ္ဍပ်၏ အပြင်တွင် မလှမ်းမကမ်း တနေရာ၌ အလှူမဏ္ဍပ်ဖက်သို့ မျက်နှာမူပြီး နေရာယူ၍ ထားရသည်။ မဏ္ဍပ်တွင်း၌ တီးသည့်အခါ ဆိုင်းပွဲ နားထောင်သူများကြောင့် မဏ္ဍပ်ရှေ့တွင် ခင်းကျင်းထားသည့် ဥယျာဉ်နှင့် မဏ္ဍပ်ရော မီးများပါ ပျက်လွန်းသောကြောင့် ညဧည့်ခံ၌ ဆိုင်းကို မဏ္ဍပ်ထဲတွင် နေရာ မပေးနိုင်ပါ။

အလှူအပြင်ဘက်မှ ဆိုင်းသည် ည ၇ နာရီလောက်က စ၍ ပြောတီးပြီး အလှူမှန်း သိအောင် လုပ်နေသည်။ ပြောတီး ပြီးသည့်အခါ ကရောင်းတီးသည်။ ထို့နောက် ည ၉ နာရီလောက်က စ၍ ဆိုင်းဆရာက ဧည့်ခံတီးလုံးများ တီးပြီး ည ၁၁ နာရီလောက် အထိ အလှူ အကြိုည အတွက် ဧည့်ခံပေးလေသည်။ ညဆိုင်းများတွင် အများအားဖြင့် ကာလပေါ် တီးလုံးဆန်းများကို အတီးများ၍ အလှူ နေ့ဧည့်ခံတွင်ကား သီချင်းကြီး သီချင်းခန့်များကို တီးသည်က များသည်။ ညဧည့်ခံတွင် ဆရာဦးဗေဒါ ဆိုင်းဝိုင်း အတွင်းသို့ ဝင်၍လာပြီဟု ဆိုလျှင် ကာလပေါ် တီးလုံးများ တီးရန် ဆိုင်းနောက်ထိုင် တယောက်ယောက်က ...

" *ယခုအခါ ရှုလာကြ၊ ပြဒါးနသသော၊ အညီအမျှ အရှည်ရသောကြောင့်၊ ဂီတလို့ ဟောပါသတဲ့၊ ဒီယရသော၊ နမသဏ္ဍာန်လို၊ သဒ္ဒါထံ ကဗျာအခြေနှောပီး၊ တျာ တျေ တျော၊ စည်းထုံး မပျက်ဘဲ၊ တီးလုံးအကွက် သီချင်းခံ ဖန်တတ်သူကြီးရေ့၊ တီရင်းသံ လက်ဖျားနဲ့ ကြုံးပီး၊ မက်ထားဆုံး သူ့အရုပ်၊ ဝင်၍လုံး ခုတသုတ်နဲ့၊ စိန်ဗေဒါရေ့ ဂရုတပုဒ် တင်ပြတော် မူစမ်းပါအုံးဆရာ*"
ဟူ၍ ပြောပြီး ပွဲထုတ်ပါသည်။

တခါတရံ ဆရာစိန်ဗေဒါက ဆိုင်းတဖွဲ့လုံးနှင့် မဟုတ်ဘဲ သူချည်း တယောက်တည်း တပါးသွားလည်း တီးတတ်သည်။ ထိုသို့ တီးမည် ရှိသည့် အခါ နောက်ထိုင် တယောက်ယောက်က-

" *နမလို့ န၊ နကြစို့ တခါ၊ ပတ်မ ထိ ပလို့ရယ်နဲ့၊ တို့လိုက်ပါ ဆရာ၊ နဲကြီးကိုသာ လက်ကိုင်ကာ အသာချထားပြီး၊ ဝါးလက်ခုပ် ဉာဏ်ဆင်၍၊ ကြီး (ကြေး) သံလွင် တယ်မရှုပ်နဲ့၊ (ရွှာစား စိန်ဗေဒါရေ့) တယောက်ထဲ လုပ်လိုက်ပ့ါ အကို့၊ တက္ကသိုလ်* "
ဟူ၍ ဆိုင်းဆင့်ပေး အပြီး၌ တပါးသွား လက်စွမ်းပြ တီးပါလေသည်။

ဆိုင်းသည် ည တာဝန်ကို ထိုမျှသာ ယူပြီး ဆိုင်းကို မဏ္ဍပ်တွင်းသို့ ရွှေ့ထားလိုက်သည်။ နောက်မနက် အလှူရက်တွင်ကား အလှူတွင် ဆွမ်းချက် ထကြရန်၊ ဆွမ်းပွဲ ပြင်ကြရန် အတွက် မနက် ၄ နာရီမှ စ၍ ပြောတီးပေးသည်။ အလှူမဏ္ဍပ် အတွင်း၌ ဘုန်းတော်ကြီးများကို ဆွမ်းကပ်လှူ၍ ပြီးသည့် အချိန်တွင် ရေကင်းသံ တီးပေးသည်။

မိုးလင်းလာသည့် အခါတွင်ကား တောအလှူများ ဆိုပါလျှင် ပတ်စာထည့်ရင်း 'အဝေးကြား'ဟု ဆို၍ ပတ်မကြီးကို မနေမနား တီးပြီး အသံ ပေးနေရသည်။ တောရွာများ၌ အလှူ လာကြရသည်မှာ မနက် အစောကြီး မလင်းခင်က ထလာရခြင်း ဖြစ်သည်။ ထို့ကြောင့် ပတ်မသံကို နားထောင်၍ အလှူသည် ဘယ်နားတွင် ရှိလေသည်ကို သိပြီး အသံကို မှန်း၍ လှည်းမောင်းခဲ့ကြ၊ ခြေလျင် လျှောက်လာရမည် ဖြစ်၍ 'အဝေးကြား' ပတ်မသံ ပေးနေရခြင်း ဖြစ်သည်။ ပတ်မသံ ပေးရင်း ပတ်စာထည့် လာ၍ ပတ်လုံး ၉လုံးလောက်

ပတ်စာထည့် ပြီးလျှင် ဝေလာကို တီးပေးတတ်သည်။ ဝေလာ ဆိုသည်မှာ 'မိလ္လာရည် ဆိုင်းပြန်ပြီလေ၊ ပြာချေအုံ့မှိုင်း ဝေလို့မှောင်' စသည့် "သေနင်္ဂမည်" ပတ်ပျိုးထဲတွင် ပါသည့် အပိုဒ်ကို အဆူတီး, တီးပေးခြင်းကို ခေါ်ခြင်း ဖြစ်ပါသည်။

ထိုအတီး ပြီးသည့်အခါ ပတ်မကြီးကို တကြိမ် ထပ်တီးပြီး ဆိုင်းဆရာကြီး မလာခင် ဆိုင်းထဲမှ ပညာသင်များက အခွင့်ရရိုက် ဝင်၍ လက်စွမ်း တီးကြလေသည်။ သူတို့ လူစုသည် ပတ်စာစုံသည်နှင့် တပြိုင်နက် သာကွင်းခံပြီး 'ထူးမခြားနား' ရောင်ခြည်တော်ဘွဲ့သီချင်းခံ ဖြစ်စေ၊ သို့မဟုတ် မိမိအိမ်တွင် ပတ္တယားနှင့် သင်ထားသဖြင့် တတ်မြောက်ကျွမ်းကျင်သည့် သီချင်းခံ ပတ်ပျိုးနှင့် ကြိုးများ ဖြစ်စေ တီးနေပြီး စောစော ရောက်စ လူမစုံသေး ချိန်၌ ကြေးစုံပတ်စုံနှင့် ဆော့ခံနှင့်ကြ လေသည်။

အလှူစ၍ ဆော့ခံမည့် ၈ နာရီ အချိန်တွင်ကား ဆိုင်းဆရာ ရောက်လာပြီး ပရိသတ်ကို ဆရာကိုယ်တိုင် ဆော့ခံဖျော်ဖြေမှု စ လေတော့သည်။ ဆရာ ဦးဗေဒါသည် နေ့အလှူ ဆော့ခံတွင် သီချင်းကြီး သီချင်းခန့်များနှင့်သာ ဆော့ခံသည်က များသည်၊ သို့မှ ခန့်ထည်သည်၊ သို့မှ ယဉ်ကျေးသည်၊ သို့မှ ဂုဏ်မြောက်သည် ဟူသည့် အဓိပ္ပါယ်ကို ဆောင်ခြင်းဖြစ်သည်။ ဆရာ ဝင်လာ၍ တီးတော့မည် ရှိသည့်အခါ နောက်ထိုင် တယောက်က အောက်ပါ ဆိုင်းတော်ဘွဲ့ သာကွင်းကို ခံပြီး ဆိုင်းဆင့် ပေးလေသည်။

## ဆိုင်းတော်ဘွဲ့ခံ သာကွင်း

" *လေးဒီပ့ါ ပတ်ရုံ၊ နိုင်ငံတော့် အတွင်း၊ ရွှေနန်းဘုရာ့ လက်ရွေးစင်ပါနော်။ ဗျာဒိတ်ခံ နားတော် သွင်းရလျှင်၊ ဆိုင်းဆိုသမျှ မင်း၊ ဆိုင်းဆိုသမျှ မင်း၊ ကြော့ရှင်းမူယူ၊ လာလာသူ ပရိသတ်တို့၊ နားတံဆိပ် ခပ်ရအောင်၊ နဝရတ် ပတ်ပြင် လက်တင်ကာ ရေလှည့်လို့၊ မန်းဘွဲ့နှင့် ပို့တော်မူပ့ါ ကိုတက္ကသိုလ်_ _ _"*
ဟူ၍ ဆရာ ဦးဗေဒါကို ပွဲထုတ်လိုက်သည်။ ဤတွင် ဆရာက သီချင်းကြီး သီချင်းခန့်များကို စ၍ တီးလေသည်။ မနက် ၈နာရီမှသည် မနက် ၁၀နာရီခွဲလောက် အထိ ဆရာက ဆိုင်းတီး၍ ပရိသတ်ကို ဆော့ခံသည်။

< ပုံ ၃ - ဓာတ်ပုံ - စိန်ဗေဒါဆိုင်းမှ နောက်ထိုင် ညိုစိမ့် (ဆရာနှင့် ၁၅ နှစ်လုံးလုံး အလုပ်လုပ်ခဲ့၍ ဆရာသေမှ ခွဲသူတဦး) >

အလှူတွင် ဗြောတီးတော့မည် ဆိုလျှင် ဗြော စ၍ မတီးမီ သပြေမှ အစ ခံရသည်။ သပြေခံရန် သပြေလင်္ကာနှင့် နောက်ထိုင်များကို ဆင့်စေသည်။

သပြေလင်္ကာ အဆင့်ကလေးမှာ....

*" ဇမ္ဗူဒီကျွန်း၊ မြောက်ညာစွန်းမှ၊ ပင်ဝန်းစွင့်စွင့်၊ သပြေမြင့်က၊ ရာသီလေလှုပ်၊ သီးကြွေပြုတ်၍၊ သမုဒ်နစ်သောခါ၊ နတ်ဖြစ်တူရိယာ၊ စည်တံပွါသို့၊ ပမာနိုင်းစံ၊ ဝါပေါင်းရွှေရွှေ၊ ညှာညောင်းကြွေတဲ့အသံ၊ နယားက ခံတော်မူလိုက်ပ့ါ၊ အသုံးခံ"*
ဟူ၍ ဆင့်လိုက်သည်။ ထိုအခါမှ ယခုလို ပြောကို စသည်။

*" ပြော-ပြော-သာစွ၊ သာစွ၊ ပြောသာစွ၊ ပြောသံကလေးက သာသာယာယာ၊ တောင်ကျွန်းမြေ လက်ျာ၊ ဇမ္ဗူရွှေဝါ ကြွေသည့်ထုံး၊ တုတ် ပလုပ်တုတ် ပြုံး၊ အုံးအုံးမြိမ့်မြိမ့် ဗွေအာကာ၊ စည်ပြောသံကသာ၊ တူရိယာသည်က စတယ်လေး"* ဟူ၍ ဖြစ်ပါသည်။ ဤသည်မှာ အခြေခံ ပြောသီချင်း ဖြစ်ပါသည်။ ထို ပြောသီချင်းကိုပင် တီးကြသည်။ ဤပြောသီချင်းကို အခြေခံ ပြု၍ ရွှေတားကြီး စိန်ဗေဒါက 'မင်္ဂလာပြောညွှန့်' ဟူသော အလှူတီး, တီးလုံးတခု ၁၂၉၀ ခုနှစ် (၁၉၂၈-ခု)ဆီက တီထွင်ခဲ့ပါသည်။ ဆရာ ဦးဗေဒါ၏ မင်္ဂလာပြောညွှန့်မှာ-

*" မြို့လယ်က မကျာပ်၊ အရပ်မှာတဲ့ ကုသိုလ်၊ ကျောင်းကြီးရယ် အို၊ လက်ရမ်းငယ် ပြို၊ ရှင်လှူမျို ဝင်ကတည်းက ကျောင်းစိုလို့ ရွှဲ တော့၊ (အရှေ့ကို လျှောက်ပါလို့၊ အနောက်ကယ်တဲ့ မျှော်လိုက်ရင်) ၂ ၊ ရွှေတံခွန် ကုက္ကားနဲ့၊ တံခွန်တိုင် ရွှေကုက္ကားနဲ့၊ ဘုရားကို ဝင်၊ ဘုရားလေးလေး၊ ဘုရားလေးလေး ဘုရားကိုဝင်။*

*(စာပုလွေ မောင်မှာပိုက်ပါလို့) ၃၊ (ကျောင်းတော်ကိုတဲ့ လိုက်မယ်ပြင်) ၃ ၊ (ဘယ်စာကို ဘယ်နှစ်ဝါ မောင်သင်မတုံး) ၃၊ မွေးမေလေးကို သံချိုနောလို့ (ပြောခဲ့ပါအုံး) ၊ မမလေးတို့ မယ်ဥယျာဉ်၊ အဝင်ကလေးကွယ် သာပေတောင်း၊ ဇောဓိရွှေကျောင်း"*
ဟူ၍ ဖြစ်ပါသည်။

ဤတီးလုံးနှင့် သီချင်းကို အလှူတွင် တီးပေးသည့် အခါ ဤအလှူမျိုးတွင် သည်ဆိုင်း၊ သည်အတီးနှင့် သည်အဆိုမျိုးမှာ လိုက်ဖက်လှသဖြင့် ခွဲ၍မရအောင် ဖြစ်သွားပြီး ဤပြောညွှန့်သံကို နာခံရင်း အလှူရှင်များမှာ အလွန် ကြီးမားသည့် ပီတိများ ဖြာရသည်။ ငွါသားကြီး ဘုရား သာသနာ့ အမွေခံ ဖြစ်ရလေပြီဟု အတိုင်းမသိ တက်ကြွရလေသည်။ လှူနိုင်ရန် ချွေတာ ခဲ့ရသမျှ၊ စုဆောင်း ခဲ့ရသမျှ၊ အဆင်းရဲ ခံခဲ့ရသမျှ ဤတချီနှင့် အားလုံး ကျေသည်ဟုလည်း အောက်မေ့ တင်းတိမ်လိုက်သည်၊ ကြွေးတင်ချင်လည်း တင်စေဦး၊ အကုန်ခံရကျိုး နပ်ပြီဟု ယုံလေတော့သည်။

ပြီးတော့မှ အဖေအမေ မစုံ၍ ဖြစ်စေ၊ အဖိုးအဖွား မစုံ၍ ဖြစ်စေ၊ မိကြီးဖကြီး မစုံ၍ ဖြစ်စေ အလှူတွင် မရှိကြရသူများကို အောက်မေ့ သတိရသဖြင့် ဒို့အလှူကြီးကို သူတို့တတွေ မြင်မသွားရ လေခြင်းဟု မျက်ရည် စမ်းစမ်း ဝမ်းပန်း နည်းကြရ ပြန်ပါသည်။

သည်တခါဖြင့် အလှူ အောင်ပေပြီဟု ဝမ်းသာမျက်ရည် ဝေကျရခြင်းများလည်း ဖြစ်ကုန်ပါလေတော့သည်။

ဆရာ ဦးဗေဒါ၏ ဤတီထွင်မှုသည် အလှူ့ရှင်ကို အလွန့်အလွန် နှစ်သိမ့်စေသဖြင့် ယခုထက်တိုင် အစားထိုး မရသည့် အလှူဆိုင်း အဖြစ်နှင့် ကျန်ရစ်လျက် ရှိပါသည်။

ဆိုင်းဆရာသည် မောင်ရှင်လောင်းများ သင်္ကန်း မဆီးမီ၊ နားဖောက်သည်များ နားမထွင်းမီ ဘိသိက်သွန်းသည့် ဆရာနှင့် အပေးအယူ ပြုပြီး ကိုယ်တိုင် တီးပေးရသည်။ ဘိသိက် သွန်းပြီးပြီ ဆိုလျှင် ဆိုင်းဆရာ၏ တာဝန် ကုန်သည်။

အလှူ ရေစက်ချသည့် အခါ၌ နဲ၊ လင်းကွင်းနှင့် စည်တိုများက ပြောလိုက်၍ တီးပေးသည်။

အလှူမတိုင်မီ ညက တီးပေးသည့် အတီးကို မဏ္ဍပ် လိပ်ပျာသွင်း တီးခြင်း၊ သို့မဟုတ် မဏ္ဍပ်ကို မြတ်စွာဘုရား ကျောင်းဆောင်တော် အဖြစ် ရည်မှတ်စေရန် တီးပေးခြင်းဟု အစဉ်အလာက မှတ်ထားကြပါသည်။

ဆရာ ဦးဗေဒါသည် မန္တလေးတွင် ဗလာဆိုင်း တီးနေရာမှ ၁၂၈၄ ခုနှစ်ဆီတွင် မင်းသားရာပြတ်နှင့် ရန်ကုန် လိုက်သွားပြီး ၁၂၈၅ ခုနှစ်တွင် မင်းသား စိန်ကတုံးနှင့် တွဲ၍ ဇာတ်ဆိုင်း အဖြစ် ၅ နှစ်လုံးလုံး လိုက်တီးနေလျက် မန္တလေးသို့ မပြန်မလာဘဲ နေဘူးပါသည်။

ထိုစဉ်က ရှင်ပြုကြမည့် မိဖအချို့က ဗေဒါလာမှ ရှင်ပြုမည်ဟု အလှူ မပေးဘဲ စောင့်နေကြသည်။ ဤတွင် အလှူဆိုင်းပွဲတွေ ပါးကုန်ပြီး အငြိမ့်များ ခေတ်စားလာသည်။ ထို့ကြောင့် မန္တလေးမှ ဆိုင်းဆရာ အချို့မှာ အငြိမ့်ထဲ လိုက်၍ ဒိုးတီးနေကြ ရသည်။ ၁၂၉၀ ခုနှစ်တွင် ဦးဗေဒါ ရန်ကုန်မှ ပြန်လာသည့် အခါ အလှူ မပေးဘဲ ဆရာ့ကို စောင့်နေသည့် လူတွေ ရှိသည်ဟု ကြားသိရသဖြင့် ဆရာ ဦးဗေဒါက ဤမျှချစ်သည့် မြို့ကို သူဘယ်တော့မှ မခွဲတော့ဘူး၊ မန္တလေးမြို့ကို ဖက်နေပါတော့မည်ဟု ကျေညာ၍ မင်္ဂလာပြောညွှန့်ကို ထိုစဉ်က စထွင်တီးခြင်း ဖြစ်ပါသည်။

ယင်းသို့တီးစဉ် ဆရာ ဦးဗေဒါ၏ အဆိုသမား ကိုစိန်ခင် ဆိုသည့် သီချင်းကလေး တပုဒ်မှာ-

" *ကိုဗေဒါ၊ သေချာအောင်ပ၊ ကျုပ်က ကြားမယ်၊ နှုတ်ဝစန စကားရယ်၊ မုချ မမှားဘူယ်၊ မှတ်ပဲ့ါဆရာ၊ ကိုဗေဒါ၊ မသွားဖြစ်အောင်လို့၊ ကျုပ်က တားရတာ၊ ဆရာ့စိတ်ကသာ အောက်ပြည်ရန်ကုန်မှ ငွေရမယ်လို့ ထင်သလားဗျာ၊ မန္တလေး အလျှူတော်ကြီးတွေမှာ၊ ဆရာ့တယောက်တည်း၊ တီး၍ မကုန်နိုင်ပါ*"။

ကျွန်မတို့ အညာတွင် ဗလာဆိုင်းမှာ အလှူ၏ တစိတ်တဒေသ အဖြစ် ရှေးရတနာပုံ ခေတ်ကတည်းက ရှိခဲ့ဟန် တူပါသည်။ ထို့ကြောင့် ဆိုင်းတော်တီး ဆရာဖေကြီးနှင့် သားများ ဖြစ်ကြသည့် ဆရာစိမ့်တို့ ရွာစား စိန်ဗေဒါတို့သည် သားရှင်ပြု အလှူများတွင် ဗလာဆိုင်း အဖြစ် တီးကြသည်က များကြခြင်း ဖြစ်ပါလိမ့်မည်။

## စိန်ဗေဒါ၏မျိုးရိုး

ဆရာ ဦးဗေဒါမှာ ဆိုင်းမျိုးရိုး မြန်မာဘုရင်များ လက်ထက်တော်က အတွင်းတော်တီး လက်ျာစိန်ဆိုင်း အမှုထမ်း ဆီဆုံဆယ်ရွာစား "နေမျိုးကျော်စွာခေါင်" ဘွဲ့ရ ဆရာဖေကြီး၏ သား ဖြစ်ပါသည်။ (ဆီဆုံဆယ်ရွာ ဆိုသည်မှာ ကျောက်ဆည်ခရိုင် ပလိပ် အနီးတွင် ရှိပါသည်။)

၎င်းအကောင်းဆုံး အတော်ဆုံး ဆိုင်းဆရာကို ဘုရင်က တီးခွင့်ပြုသည့် ဆိုင်းဝိုင်းမှာ စိန်ဆိုင်းဖြစ်သည်။ စိန်ဆိုင်း ဆိုသည်မှာ မှန်စီရွှေချ ဆိုင်းဝိုင်းကြီးတွင် အခြားအရောင် မှန်များ မစီခြယ်စေဘဲ အဖြူရောင်ချည်း စီခြယ်ထားစေခြင်းကြောင့် စိန်ရောင်သက်သက် ခြယ်သသော စိန်မှန်ဆိုင်းကို တီးခွင့်ရသူတွေ ဟူ၍ အဓိပ္ပါယ် ရှိပါသည်။ အရပ်စကားနှင့် ပြောရသော် မြန်မာဘုရင်များ ရှိစဉ်က ဆရာဖေသည် ဆိုင်းဆရာထဲတွင် အတော်ဆုံး အကောင်းဆုံး အဖြစ်နှင့် ဘုရင်က မြှောက်စား ချီးမြှင့် တော်ကောက်ထားသူ ဟူ၍ အဓိပ္ပါယ် ရပါသည်။

မြန်မာမင်းများ လက်ထက်က အတွင်းတော်တီး ဆိုင်း ၃ မျိုး ၃ စား ရှိသည်။ ၎င်းတို့မှာ စိန်ဆိုင်း၊ မြဆိုင်းနှင့် ပတ္တမြားဆိုင်း ဖြစ်သည်။ စိန်ဆိုင်းမှာ ဘုရင့် ရှေ့တော်တီး ဆိုင်းဖြစ်သည်။ ဆိုင်းဝိုင်းတွင် မှန်ဖြူများချည်း စီခြယ်ထားသည်။ မြဆိုင်းမှာ မိဖုရားရှေ့တော်တီး ဆိုင်းဖြစ်၍ အစိမ်းရောင် မှန်များ ကျောက်များချည်း စီခြယ်ထားရသည်။ ပတ္တမြားဆိုင်းမှာ အိမ်ရှေ့မင်းနှင့် သားတော် မင်းသားများ ရှေ့တော်တီးဆိုင်း ဖြစ်၍ အနီရောင်မှန်များ ကျောက်များချည်း စီခြယ်ထားသည်။ အတွင်းတော်တီး ဘုရင့်ဆိုင်းကို ဘုရင်က ချီးမြှင့် မြှောက်စားလိုလျှင် ဆိုင်းဝိုင်းကြီးတွင် သိုင်းဘယ်နစ်ချက် တပ်ဆင်စေ၊ အလံဘယ်နစ်ခု ထိုးစေ၊ ဖလ်အိုး ဘယ်နစ်လုံး စိုက်စေ ဟူ၍ ဆိုင်းတော်၏ အဆောင်အယောင်များ အဖြစ် ချီးမြှင့် ခွင့်ပြုသေးသည်။

ထို့ကြောင့် အတွင်းတော်တီး ဆိုင်းများမှ ဝိုင်းတော်သားများသည် အတွင်းတော်၌ တီးမှုတ်ဖြေဖျော်ပြီး၍ အိမ်ပြန်သည့် အခါ ဆိုင်းဝိုင်းမှ မီးတိုင်ပါ ဖလ်အိုးကို ဖြုတ်ကိုင်၍ ပြန်လာတတ်ကြသည်။ အပြန်၌ ပျော်ချင်ပါးချင်လျှင် အချိန်မဲ့၍ ပိတ်ထားပြီ ဖြစ်သော အရက်ဆိုင်များကို နှိုး၍ ဖလ်အိုးပြပြီး အဖွင့်ခိုင်းနိုင် အရောင်းခိုင်းနိုင်သည်။ ဖလ်အိုးကို မြင်လျှင် ဆိုင်းတော်တီး ဝိုင်းတော်သားတွေမှန်း သိ၍ ဆိုင်ရှင်များက အချိန်မရွေး ဖွင့်ပေးကြသည်ဟု ပြောသံ ကြားရဘူး ပေသည်။

ရွှာစား စိန်ဗေဒါ၏ ဆိုင်းနှင့် ဖခင် ဆရာဖေကြီး၏ ဆိုင်းတော်က ယိုးဒယား တီးခါနီးတွင် နောက်ထိုင်များ ထိုးသည့် သံချပ်မှာ-

နန်းတွင်းဆိုင်း သံချပ်

*၁။ "ဘုန်းတော်ကြီးလို့ သက်တော်ရှည်၊*
*တို့တတွေ ရေချမ်းအိုး။*
*၂။ ဘုန်းတော်ထွန်းလို့ လေးကျွန်းသာ၊*
*ရွှေမြို့အောင်ချာ နတ်ပြည်အလား။*
*၃။ ဘုန်းတော်တောက်လို့ ထိန်ထိန်ပြောင်၊*
*ရွှေတောင်ငွေတောင် ပေါက်လိမ့်ချက်ခြင်း။*
*၄။ ရွှေရာဇမတ် ပတ်လည်ကာ၊*
*ဆိုင်းတော်မဟာ ကျုပ်တို့ပါဘဲ။*
*၅။ ရွှေသိုင်းလေးချက် ဘွဲ့ဖြူဆင်၊*
*ဆိုင်းများဘုရင် ကျုပ်တို့ပါဘဲ။*
*၆။ ဘွဲ့ဖြူစိန်ဆိုင်း သတင်းကျော်၊*
*အတွင်းတော် ၁-မှတ်ဆိုင်းဘဲ။*
*၇။ မယုံစမ်းတော့ နန်းရိပ်ခို၊*
*ဘုရင့်အလိုတော် လိုက်တဲ့ဝိုင်းသား။*
*၈။ ရွှေနန်းဘုရာ့ ငယ်ကျွန်ယုံ၊*
*မှုတော်ကုန်အောင် ထမ်းတဲ့ဝိုင်းသား။*
*၉။ ဆရာတကာ့ တက္ကသိုလ်၊*
*ပညာဆို ဒီကနည်းပေး။*
*၁၀။ ဆိုင်းတော်၏ တန်ခိုး၊ ခေါင်ကမိုး၊ ခေါင်ကမိုး၊*
*ပေါ်လာရင် ဂုတ်ကဝါး၊ ရွှာစား မင်း ကျား"*

ဟူ၍ ဖြစ်ပါသည်။ ဤသံချပ်ပြီးမှ ယိုးဒယား ကောက်တီးကြပါသည်။

အရပ်ထဲတွင် ထိုစဉ်က တီးကြရသည့် ဆိုင်းဝိုင်းများမှာ မှန်စီခြင်း ရွှေချခြင်း အလျင်း မပြုလုပ်ကြရဘဲ ဟသံပြဒါး တရောင်ထဲ သုတ်လိမ်းထားသည့် ဆိုင်းဝိုင်း နီနီရဲရဲများ ဖြစ်ပါသည်။

ဆရာဖေ၏ မိဖသည် သဘင်မျိုးရိုး ဟုတ်သည် မဟုတ်သည်ကို မေးမြန်း စုံစမ်း၍ မရတော့သော်လည်း ဆရာဖေ၏ အစ်ကိုမှာ ဆရာစိန် ဆိုသည့် ဆိုင်းတော်တီး ဖြစ်သည်။ ဆရာဖေ၏ ညီမှာ ဆရာဆယ် ဆိုသည့် နဲဆရာကြီး ဖြစ်သည်။ ဆရာဖေကြီး၏ အစ်မ ဒေါ်ပိုက မွေးသည့်တူ ဆရာနွဲ့ မှာလည်း ဆရာဖေ၏ မွေးစားသား ဖြစ်ပြီး ကြေးတီးကောင်း ဖြစ်သည်ဟု စုံစမ်းသိရှိ ရပါသည်။ ၎င်းဆရာနွဲ့မှာ နောင်တွင် ဆိုင်းဆရာ တဦး ဖြစ်လာပြီး ရနောင်မောင်တုတ်က ချစ်လှသဖြင့် သူနေသည့် ရနောင်ဝင်း (ယခု ရွှေတိုက်ရုံဝင်း) သို့ ခေါ်ယူထားပြီး " နေမျိုးသူရ မောင်နွဲ့" ဟူ၍ ရနောင်က ဘွဲ့ပေးသည်ဟု ကြားရဘူးပေသည်။

ဆိုင်းတော်တီး ဆရာဖေမှာ အသား အလွန် မဲသည်။ လူကလည်း ပုသည်၊ မျက်နှာပေါက်မှာ မျက်နှာဝိုင်း ဖြစ်ပြီး မျက်နှာထား ချိုသည်။ ဆရာဖေကြီးသည် ဆင်စွယ် စပယ်ဖူးကလေးကို ဖြစ်စေ၊ တကယ့် စပယ်ဖူးကလေးကို ဖြစ်စေ သူ့နားတွင် ပန်ထားလေ့ရှိသည်။ ဆရာဖေတွင် ဇနီးဒေါ်သစ်က ဆိုင်းဆရာ ဆရာစိမ့်ကို မွေးသည်။ ဇနီး အပျိုတော် ဒေါ်မမလေးက မိကျောင်းတီး ကောင်းသည့် သမီးမသီနှင့် ဆိုင်းဆရာ ရွာစား စိန်ဗေဒါမောင်လေးတို့ကို မွေးသည်။ အင်းဝသူ ဇနီးက နဲ အလွန်ကောင်းသည့် နဲဆရာ ဦးဇေယျာကို မွေးသည်။ ဇနီးဒေါ်စိန်ရင်က မငွေလှိုင်ကို မွေးသည်။ ဆရာဖေကြီးက ဒေါ်စိန်ရင်ကို ပစ်ထားသည့်အခါ သမီး မငွေလှိုင်ကို ဦးဗေဒါ၏ အမ ဒေါ်မမလေးက ယူမွေးသည်။ မငွေလှိုင်သည် မင်းသမီး မထွေးလေး၏ တပည့် ဖြစ်လာပြီး ယိုးဒယားအက, အလွန်ကောင်းသည့် မင်းသမီး "ယိုးဒယား မငွေလှိုင်" ဖြစ်လာသည်။

ဆရာဖေကြီး၏ ဝိုင်းတွင် နဲမှုတ်သူမှာ ဆရာဆယ်ကြီး (ဆရာဖေ၏ ညီဝမ်းကွဲ) ဖြစ်၍ နှုတ်ခမ်းမွေး ဆယ်ဆယ်ကြီး ဟု လူငယ်တွေက ခေါ်ကြသည်။ ကြေးတီးနှင့် ပတ်တီးလက်ထောက်မှာ ဆရာဖေကြီး၏တူ ဆရာစိန် ဖြစ်သည်။ ပတ်မတီးမှာ ဆရာဖေကြီး၏တူ ဆရာကြယ် ဖြစ်သည်။ စည်းတီး ကြယ်ကြယ်ဟု လူငယ်တွေက ခေါ်ကြသည်။

ဆရာစိန်က ပတ်တီးလက်ထောက် အဖြစ် နှင့် ဆရာဖေ မလာမီ ဆိုင်းဝိုင်းထဲ ဝင်တီးလျှင် တူ ဆရာနွဲ့က ကြေးတီးသည်။ ကျန်ဆိုင်းသား တစုမှာ မန္တလေး ရွာသစ်သားချည်း ဖြစ်ကြသည်။

မင်းတုန်း ဘုရင်ကြီး၏ လက်ထက်တော်၌ လက်ဝဲ ၂ဆိုင်း၊ လက်ျာ၂ဆိုင်းနှင့် အခြား ဆိုင်း ၅ဆိုင်း၊ ပေါင်း အတွင်းတော်တီး ဆိုင်း ၉ဆိုင်း ရှိသည်ဟု မှတ်သားရဘူးသည်။ လက်ဝဲ လက်ျာ ဆိုင်း ၄ဆိုင်းမှာ (၁)ဆရာဖေ၏ ဆိုင်း၊ (၂)ဆရာလပ်ကြီး ဆိုင်း၊ (၃)ဆရာမင်း၏ ဆိုင်း၊ (၄)ဆရာစီ၏ ဆိုင်းများ ဖြစ်ကြသည်။

(၁) ဆရာဖေမှာ ဆိုင်းဆရာ ဆရာစိမ့်၊ ဆိုင်းဆရာ စိန်ဗေဒါတို့၏ ဖခင်ဖြစ်၍ ဘုရားကြီးမြောက်ရွာသစ် နန္ဒာအလယ်ပိုင်းတွင် နေသည်။ ဆရာဖေ နေသည့်ဝင်းကို တောင်ဆိုင်းဝင်းဟု ခေါ်သည်။ (၂) ဆရာလပ်ကြီးမှာ လေဘာတီမမြရင်၏ ကြေးတီး ပတ္တယားတီး ဆရာစံတို့၊ ကိုအုံးဖေတို့၊ မင်းသားရွှေဒေါင်းညို ကိုညာဏ် တို့၏ အဖိုးဖြစ်၍ မန္တလေး အရိုးအိုးကြီး တောင်ဘက်တွင် နေသည်။ ဆရာလပ် နေသည့် ဝင်းကို အရှေ့ဆိုင်းဝင်းဟု ခေါ်သည်။ (၃) ဆရာမင်းကြီးမှာ ရုပ်သေးမင်းသမီး ဆရာပု၏ စင်တော်ကြီးနှင့် တွဲတီးခဲ့ကြသော ဆိုင်းဆရာ ဆရာသားတို့ ဆိုင်းဆရာ ဆရာပွား တို့၏ ဖခင် ဖြစ်သည်။ ရေကြည် ဆိုင်းဝင်းအတွင်း နေ၍ ယခု မန္တလေး ဆိုင်းတန်းမှာ ဆရာမင်းတို့ နေခဲ့ခြင်းကို အစွဲပြု၍ ခေါ်ခြင်းဖြစ်သည်။ (၄) ဆရာစီမှာ မြောက်ရေတံခါးတွင် နေ၍ ထိုအရပ်ကို မြောက်ဆိုင်းဝင်းဟု ခေါ်သည်။

ယင်းသို့ အတွင်းတော်တီး လက်ဝဲ လက်ျာဆိုင်း ၄ဆိုင်း ရှိရာ၌ သီပေါမင်း လက်ထက် တနေ့၌ ဆရာဖေက သူ့ယောင်ထုံးတွင် စာချွန် ပေတရွက် ထိုးလာပြီး ဆိုင်းတီးသည်။ ဘုရင်က မောင်ဖေ၏ ယောင်မှ ပေကို ယူကြည့်စေရာ မြန်မာဆိုင်းပညာများကို စစ်ဆေး မေးမြန်းတော် မူသင့်ပါသည် ဘုရား၊ မြန်မာသီချင်းကြီး သီချင်းခန့်များကို စီစစ်တော် မူသင့်ပါပြီ ဘုရား ဟူ၍ ရေးသားထားသည်။ ဘုရင်က မောင်ဖေ သတိပေးသည်ကို သဘောကျတော်မူ၍ လက်ခံသည့်အခါ မောင်ဖေက မြန်မာသီချင်းကြီး သီချင်းခန့်များကို သင်ကြား တတ်မြောက်လိုကြလျှင် ဤသည် ဤသည်တို့ကို သင်သင့်ပါသည်ဟု သင်ရိုး ညွှန်းတမ်း တခုကိုလည်း တင်ပြသည်။ ၄င်းတို့ ဝိုင်းတော်သားများ မန္တလေး သိန္နီကြီးဘုရား (အာနန္ဒာဘုရား) အတွင်းသို့ တိတ်တဆိတ် သွားတီးကြပြီး မှုကွဲ ရှိသည်များကို သုဓ်သင် တည်းဖြတ် ထားသည့် သီချင်းများကိုလည်း မူအဖြစ်နှင့် ညှိနှိုင်း တီးပြသွားသည်။ ထိုနေ့က မြဝတီမင်းကြီး ဦးစ၏ ဇေယျာရွှေမြေ သီချင်းခံကြီးကို ရှေ့တော်တွင် သန့်သန့်ရှင်းရှင်း ပြတ်ပြတ်သားသား တီးပြသည်။ ဆရာဖေ တင်ပြသည့် သင်ရိုးညွှန်းတမ်းမှာ မြန်မာ သီချင်းကြီးများကို တက်လို သူတို့သည် အောက်ပါ အစီအစဉ်များနှင့် သင်ထိုက် တက်ယူထိုက်သည် ဟူ၍ ဖြစ်ပေသည်။

ဤနည်းဖြင့် ဝဲယာဆိုင်း ၄ဆိုင်း ရှိရာ၌ ဆရာဖေက သူ့ဆိုင်းကို နံပါတ် (၁)ဆိုင်းအဖြစ် ဘုရင်မင်းမြတ်က သိမှတ်အောင် ပြုလုပ်ခဲ့သည်။ ဆရာဖေ၏ သီချင်းကြီး သီချင်းခန့် သင်ရိုးညွှန်းတမ်းမှာ-

ကလပ်ကြိုး ၅ ပုဒ်

ထံတျာ၊ သီတာ၊ သာယာ၊ ဝေဘာ၊ ထွေတလာ။

သာနိုးကြိုး ၅ ပုဒ်

စံရာတောင်ကျွန်း၊ ရွှေပြည်ကြီးရော၊ ကိုးပါးပေါင်းစု၊ မြို့နန်းငယ်လေ၊ ရွှေဘုန်းရွှေဘုန်းတော်လေတည့်မှ။

ကြာချပ်ကြီးကြိုး ၂ ပုဒ်

ရွှေနန်းအောင်ခြာ၊ မင်းလမ်းစပ်ကာ။

အတွင်းတီးပြေ၊ အပြင်တီးပြေကြိုး ၂ ပုဒ်

အတွင်းတီးပြေကြိုး ဝေယံလိုပင်၊

အပြင်တီးပြေကြိုး ခွဲခွဲခြားခြား။

ဒုတ်သုံးချက်ကြိုး ၃ ပုဒ်

သပြေပင်ဝန်း၊ ပုံပမာ၊ မြန်သပြေဘောင်။

သိကြားခလုပ် ၁ ပုဒ်

ရွှေပင်ရွှေဘုန်း ပပဝင်း၊ ကျန်ကြိုးများ ကြိုက်ရာ ဆက်လိုက်စား။

သီချင်းခံ ၇ ပုဒ်

(၁) သီချင်းခံအငယ် ဘုန်းမိုးသွန်းလောင်း။ သီချင်းခံအလတ် ၃ပုဒ်-(၂) ထူးမခြားနား။ (၃) ဆဒ္ဒန်အိုင်သာ။ (၄) ထောင်ရောင်နေကသာ။ သီချင်းခံအကြီး (၅) ဇမ္ဗူကျွန်းလုံး။ (၆) စုံသာမြိုင်လယ်။ (၇) ဖေယျာရွှေမြေ။

ယိုးဒယား ၈ ပုဒ်

(၁) ရွှေတညာ၊ (၂) နှင်းယွန်းသာပေမန်၊ (၃) တောတောင်စွယ်၊ (၄) တောမြိုင်ခြေလမ်း၊ (၅) ပန်းမြိုင်လယ်၊ (၆) ခိုင်ပန်းစုံ၊ (၇) မော်ရုံဟေဝန်၊ (၈) မိုးမှုန်ပြာညို ဆိုသည့် သီချင်းများဆက်တက်။

တလိုင်း ၇ ပုဒ်

(၁) တောင်ယံတောကလေး၊ (၂) စိန်ခြယ်ညီးလင်း၊ (၃) စိန်မြလျှံခြယ်၊ (၄) နှင်းယွန်းဂိမှာန်၊ (၅) တောင်ယံတောကြီး၊ (၆) ညှင်းညှင်းပဥ္စင် ရွှေတံမြွာ၊ (၇) ကောင်းချီးသခ်၊ ကျန်တလိုင်းများ အလိုရှိရာ လိုက်ကြ၊ ပတ်ပျိုးကလေး အမြောက်အမြားရှိ၍ ကြိုက်ရာတီး။

ပတ်ပျိုးကြီး ၄ ပုဒ်

(၁) အထူးထူး၊ (၂) ကုန်းဘောင်ပရမေ၊ ဘုန်းတော်ဘွဲ့၊ (၃) မိုင်းပြာမှုန်ဝေ၊ (၄) ဘုံပျံနေနန်း။

ဆိုင်းတော်တီး ဆရာဖေက ဆိုင်းတွင် အသံ အကူးအပြောင်းများ၌ အထစ်အငေါ့ မရှိအောင်လည်း ညှိထားခဲ့သည်။

ဆရာ ဦးဗေဒါ အိမ်တွင် ဒုတိယကမ္ဘာစစ် မဖြစ်မီက ဆိုင်းဝိုင်းကြီး တခုကို ကြိုးဖြင့်ဆိုင်း၍ အမြင့်တွင် ချိတ်ဆွဲထားသည်ကို တွေ့ရဘူးပါသည်။ ထိုဆိုင်းဝိုင်းကြီးမှာ ယခုခေတ် ဆိုင်းဝိုင်းများကဲ့သို့ တချပ်စီ ဖြုတ်၍ရသည့် ဆိုင်းဝိုင်းမျိုး မဟုတ်ပါ၊ အခွေလိုက်ကြီး ဖြစ်ပါသည်။ အပြင်တွင် မှန်ဖြူများ စီ၍ ရွှေချထားပြီး ဆိုင်းဝိုင်း၏ မင်းပေါက် (ဆိုင်းဆရာ အဝင်အထွက် လုပ်သည့် အပေါက်) အတွင်းထိပ်တွင်ကား လက်ရုံး၏

အောက်မှ နေရာတွင် သားရိုးဖြင့် 'ဆီဆုံဆယ်ရွာစား မောင်ဖေ ၁ မှတ် ဘွဲ့ဖြူ လက်ျာစိန်ဆိုင်း' ဟူ၍ ကမ္ပည်းထိုးထားသည်ကို တွေ့မြင်ရပါသည်။

ဆရာ ဦးဗေဒါက ဤဆိုင်းဝိုင်းကြီးသည် သူ့အဖေ ဆရာဖေကြီး၏ ဆိုင်းဝိုင်းကြီး ဖြစ်သည်၊ နန်းတော် စနဆောင်တွင် အမြဲခင်းထားပြီး ဆရာဖေကြီး တီးရသည်။ အရှင်၂ပါး ပါတော်မူသည့်နောက် ဆိုင်ရာ အရာရှိများက ကိုယ့်ပစ္စည်းကိုယ် သိမ်းခွင့်ပြုသည် ဆိုသဖြင့် ဆရာဖေသည် နန်းတော်ထဲသို့ သွား၍ စနဆောင်မှ စိန်ဆိုင်းကြီးကို လှည်းဖြင့်တင်ပြီး ယူလာခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

ဆရာဦးဗေဒါသည် သူ့အဖေ ဆိုင်းဝိုင်းကြီးကို အမြတ်တနိုး ကြိုးဖြင့် ချိတ်၍ဆွဲပြီး သူ့အိမ်၌ ထားရှိလေသည်။

ဆရာဖေ၏ အတွင်းတော်တီး ဆိုင်းကြီးကို ဒုတိယကမ္ဘာစစ် ဖြစ်သည့် အခါ ကပိုင်သို့ ပြောင်းရွှေ့ သိမ်းဆည်းထား သေးသည်။ သို့သော် စစ်ပြီးမှ ပြောင်းထားသည့်အိမ် မီးလောင်သဖြင့် ထိုဆိုင်းကြီး မီးထဲ ပါသွားရ ပါသည်။ ဆရာ ဦးဗေဒါ တီးသည့် မိကျောင်းမှာ ရန်ကုန်ပြတိုက်တွင် ရှိပါသည်။

ဆရာဖေသည် အရှင်နှစ်ပါး မရှိတော့သည့်နောက် အရှင်နှစ်ပါး၏ အဆက်အနွယ်များက ကျင်းပ ဧည့်ခံသည့် မန္တလေး တောင်ခြေမှ ကုသိုလ်တော် ဘုရားပွဲနှင့် စန္ဒာမုနိ ဘုရားပွဲများ၌ ဤစိန်ဆိုင်းဝိုင်းကြီးဖြင့် သွားရောက် အသုံးတော် ခံသေးသည်။ နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ် လပြည့်နေ့၌ မန္တလေး တောင်ခြေတွင် ကျောက်တော်ကြီး ဘုရားပွဲ ကျင်းပသည်။ လပြည့်ကျော် ၁-ရက်နေ့တွင် မင်းတုန်းမင်း၏ ကုသိုလ်တော် ဖြစ်သည့် ကုသိုလ်တော် ဘုရား၌ မင်းတုန်းမင်း၏ အနွယ်တော်များက ဆွမ်းတော်ကြီးကပ်၊ မီးမြင့်မိုရ်ထွန်း၊ ရေကန်တွင် ကရဝိတ်ဖေါင် မီးထွန်း၍ ရေကင်းတီးပြီး လှည့်၍ ဧည့်ခံသည်။ လပြည့်ကျော် ၂ရက်နေ့တွင်ကား ညီတော် အိမ်ရှေ့မင်းသား ကနောင်မင်း၏ အနွယ်တော်များက စန္ဒာမုနိ ဘုရားတွင် အလားတူ ဆွမ်းတော်ကြီး ကပ်၍ ဆီမီးများ ထွန်းညှိ ဧည့်ခံသည်။ ထိုပွဲများတွင် ဆရာဖေကို အစိုးရ အရာရှိများက လာခေါ်ပြီး "မင်းကိုယ်တိုင် တီးလှည့်" ဟု ဆိုသဖြင့် ဆရာဖေကြီးသည် ဤဆိုင်းဝိုင်းကြီးကို မန္တလေး တောင်ခြေသို့ လှည်းဖြင့် တင်သွားပြီး မန္တလေးတောင် ဘုရားပွဲများ၌ တီးရသည်ဟု ဦးဗေဒါက ပြောပြဘူးပါသည်။

ဆိုင်းဝိုင်းမှာ ဆရာဖေတို့ လက်ထက်က အခွေလိုက်ကြီး ဖြစ်သည်။ သူ့သားများ ဖြစ်ကြသည့် ဆရာစိမ့်နှင့် ဦးဗေဒါတို့ လက်ထက်ရောက်မှ သယ်ရာပြောင်းရာ ရွှေ့ရာတွင် လွယ်ကူစေရန် ဖြုတ်၍ တပ်၍ရသည့် ဆိုင်းဝိုင်း အရှင်များ တီထွင်ပြုလုပ် လာကြခြင်းဖြစ်သည်။ ထို့ကြောင့် ရှေးဆိုင်းဝိုင်းများတွင် စိန်တောင် ၂ခုကြား၌ သံချောင်းများ မရှိပါ။ သစ်သား စရွေးများသာ ဖြစ်ပါသည်။

ဆိုင်းတော်တီး ဆရာဖေကြီးတွင် ဇနီးမယား အများရှိပေရာ ဇနီးတယောက် ဖြစ်သော အပျိုတော် ဒေါ်မမလေးသည် စိန်ဗေဒါ ဖြစ်လာမည့် ဦးမောင်ကလေးကို ၁၂၄၄-ခုနှစ်တွင် မွေးသည်။ ထိုနှစ်တွင် ဆရာဖေမှာ ဆိုင်းတော် အဖြစ်သို့ ချီးမြှင့် မြှောက်စားခြင်း ခံရသည့်နှစ် ဖြစ်သည်ဟု သူ့အမေက ပြောဘူးကြောင်းနှင့် ဦးဗေဒါက ပြောပြဘူးပါသည်။

ဦးဗေဒါ၏ မိခင် ဒေါ်မမလေးက ဗေဒါအရင် သမီးအကြီး မသီကို မွေးသည်၊ မသီမွေးပြီးမှ သားယောက်ျား ဦးဗေဒါကို မွေးသည်။ ဦးဗေဒါမှာ မသီအဖို့ မောင်လေး ဖြစ်သောကြောင့် မသီက "မောင်လေး မောင်လေး"နှင့် ခေါ်သည့်အတိုင်း ဦးဗေဒါ၏ နာမည်မှာ မောင်လေး ဖြစ်လာသည်။ ဇာတာတွင်ကား ၁၂၄၄-ခု၊ နတ်တော်လဆန်း ၁ ရက် သောကြာနေ့ မနက်တွင် မွေးဖွားသဖြင့် "မည်တွင်သာယာ ခေါ်တွင်ရာကား သော်ဒါ အသက် ၁၂၀ရှည်စေသော်"ဟူ၍ ပါရှိပါသည်။

မောင်လေးသည် ဖခင်က ဆိုင်းတော်တီး ဖြစ်သဖြင့် တူရိယာပစ္စည်းများ ကြားတွင် ကြီးပြင်းရသောကြောင့် ငယ်စဉ်ကစ၍ တူရိယာသံကို သိပြီး တီးတတ် ခေါက်တတ် ရှိနေသည်။ ထို့ပြင် ဖခင်ထံ ဝင်ထွက်သွားလာ သူများကလည်း တကယ့် ပညာသည်များချည်း ဖြစ်ပေရာ မျက်စိရည် နားရည်ဝလျက် ပတ္တလားကို ငယ်ငယ်က စပြီး တီးတတ်နေသည်။ ထို့ကြောင့် ဖခင်က သူ့ဆီ ဝင်ထွက်သွားလာသူ မိတ်ဆွေ သင်္ဂဟများကို သူ့သား မောင်လေး ပတ္တလား တီးတတ်နေပြီကို တီးခေါက်ပြစေရင်း သင်ကြားပေးကြပါဟု လူတိုင်းကို အပ်နှံသည်။ ဤတွင် ဖခင်၏ မိတ်ဆွေများက လက်စ လက်နကောင်းသော မောင်လေးကို ချစ်ချစ်ခင်ခင်နှင့် သင်ပြပေးကြသည်။ စည်းတီးအဆို ဆရာကြီး ကြယ်ကြယ်ကမူ " မင့်အဖေ ဆိုင်းတော် ဖြစ်နေပေမဲ့ ပညာတော်တာ မဟုတ်ဘူး၊ လာ ငါသင်ပေးမယ်၊ တကယ်တော်အောင်၊ မောင့်အဖေ သင်တာတွေ မေ့လိုက်" ဟု ရယ်မောပြောဆို၍ မောင်လေးကို ကျကျနန သင်ပေးပါသည်။ ဖခင် ဆရာဖေသည် ဇနီး ဒေါ်မမလေးကို ထားခဲ့၍ ရန်ကုန် ဆင်းသွားသဖြင့် ဒေါ်မမလေးတို့ သားအမိ စားရေးသောက်ရေး ခဲယဉ်းနေခိုက် ၁၃နှစ်သားခန့် ရှိပြီဖြစ်သည့် သားမောင်လေးက ဆွမ်းတော်ကြီးခံ လှည့်လည်ရာမျိုး၌ ၁၂လုံးနရည်းကို လိုက်တီးပြီး မိခင်ကို လုပ်ကျွေးဘူးသေးသည်ဟု ပြောဘူးသဖြင့် ဆရာဦးဗေဒါသည် ၁၃နှစ်သားလောက်ကပင် တော်တော်လေး တီးတတ် ခေါက်တတ် ဖြစ်ပြီဟု ခန့်မှန်းရပါသည်။

ဆရာဖေကြီးတွင် ဇနီးအကြီးမှ မွေးသည့် သားကြီး ဆရာစိမ့် ရှိသေးသည်။ ဆရာစိမ့်မှာလည်း ဦးဗေဒါ ကဲ့သို့ပင် သဘင်ပညာကို ဖခင်ထံက ရယူခဲ့၍ သွေးထဲက ပါလာသူ ဖြစ်သည်။ ထို့ကြောင့် ငယ်ငယ်ကပင် အတီးအမှုတ်များ တတ်နေသည်။ ပညာအတန်စုံသည့်အခါ ဆရာစိမ့်ကို ဆရာဖေက ဆိုင်းဝိုင်းတဝိုင်း ထောင်၍ပေးသည်။ ဆရာစိမ့်၏ ဆိုင်းဝိုင်းတွင် သားငယ် ကိုမောင်လေးကို လက်ထောက် အဖြစ်နှင့် တီးစေသည်။ ကိုမောင်လေး ပညာတော်တော် ပြည့်လာသည့်အခါ အဖေကြီးက ကိုမောင်လေးကိုလည်း တဆိုင်းခွဲ၍ ထောင်ပေးသည်။ မင်းသမီး မထွေးလေးထံက စရံယူပြီး မောင်လေးကို မထွေးလေး ဇာတ်၌

အတီးခိုင်းသည်။ ထိုအခါ မောင်လေးမှာ တကယ့် ငယ်ငယ်ကလေး ဆံတောက်ကလေးနှင့် ၁၄ နှစ်သား ရှိသေးသည်ဟု ဆိုပါသည်။ ကိုမောင်လေး အသက် ၁၆ နှစ်၊ ၁၇နှစ်သားလောက် ရှိသည့်အခါ လူလားမြောက်၍ ညီအစ်ကို နှစ်ယောက် ပြိုင်ပြီး တီးကြပြီ။ ထိုအခါ၌ ဆရာစိမ့်၏ လက်သံက နွဲ့သည်၊ ညင်သာသည်။ ကိုမောင်လေး၏ ပတ်သံက တောက်တောက်ခါးခါး ထွက်သည်၊ ပြတ်ပြတ်သားသား ရှိလှသည်ဟု လူကြီးတွေက ဝေဖန်လာကြသည်။

ကိုမောင်လေး ၁၆ နှစ်သားလောက် သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်လောက်တွင် ရန်ကုန်ဆင်း၍ ဆိုင်းတီးသည့်အခါ ဖိုးစိန်က ဆိုင်းမင်းသား အဖြစ်နှင့် မောင်လေးနှင့် တွဲ၍ က,လေသည်။ သို့ တီးကြ က,ကြသည်ကို မြင်ဘူးသူများက "ဖိုးစိန်က အချိတ်ပုဆိုးကလေးနဲ့ ဆိုင်းရှေ့က, ကတယ်၊ ဆံတိုလေးနဲ့ နားကပ်နဲ့ မောင်လေးက တီးတယ်" ဟု ပြောပြသည်ကို ကြားဘူးရသည်။

ဖိုးစိန်နှင့် ဗေဒါတို့ တွဲစဉ်က တီးလေ့ရှိသည့် ဗေဒါသီချင်းမှာ "ဗေဒါ ဗေဒါ နှင့်ပူးကို ဘယ်သူချဲ့ ပြောဟဲ့ ဗေဒါ၊ မိဗေဒါ။ အသေအချာ ဗေဒါမက၊ နေရာချလို့ မပြောနိုင်။ မြတ်ဆရာ အော်ကာဝေါက်-ခေါင်းဖျောက်ပါလို့ ဗေဒါမှိုင်" ဆိုသည့်သီချင်း ဖြစ်သည်။ ဤသီချင်းကို မောင်လေးက အပီတီး တီးသည့်အခါ အတီးကောင်းလှသည်။ ဤတီးကွက် အတီးကောင်းမှုကြောင့် ဗေဒါတီးတာ ဘယ်သူတဲ့လဲ၊ မောင်လေးတဲ့ ဟူသော သတင်းဖြစ်လာပြီး "ဗေဒါမောင်လေး" ဟု ပရိသတ်က အမည်ပေးလာခြင်း ဖြစ်သည်။

သို့နှင့် မန္တလေးသို့ ပြန်လာသည့် အခါ၌ ဤ ဗေဒါသီချင်းကို တီးပြန်သည်။ တီးသည့်အခါ မန္တလေးကလည်း ဘယ်သူမှန်း မသိကြ၊ နောက်မှ ဆရာဖေ့သားမှန်း သိကြသဖြင့် စိန်ဆိုင်းအမှုထမ်း မောင်ဖေ့သားကပဲ၊ "စိန်ဗေဒါ" လို့ ခေါ်ကြပါစို့ဟု ဆိုပြီး စိန်ဗေဒါ အမည် ရလာခြင်း ဖြစ်ပါသည်ဟု ဤစာအုပ် ပထမနိုပ်နှင့် ဒုတိယနိုပ်တွင် ဖော်ပြခဲ့ပါသည်။

ဗေဒါ ရတနာဂီရိတွင် သီပေါဘုရင်၏ ရှေ့တော်၌ တီးခဲ့စဉ်က ဘုရင်က ဗေဒါဟု ဘာ့ကြောင့် အမည်ရသလဲဟု မေးသည်။ ဗေဒါက ဖိုးစိန်နှင့် မတွဲခင် သူ ၁၄ နှစ်သား အရွယ်တွင် ကိုဘိုးကွန်း မထွေးလေးတို့နှင့် ရန်ကုန်ဆင်းက,စဉ်က ဗေဒါသီချင်း အတီးကောင်း၍ ဗေဒါအမည် ရခဲ့ပါသည်၊ ထိုဗေဒါသီချင်းမှာ ဖခင် ဆရာဖေကြီးက တော၊ တျာ၊ ဒူး၊ ဒုံး၊ ဘယ်တျော ပတ်လုံးကြီး ၅လုံးနှင့် အပီတီး တီးရမည်ဟု ကျကျနန သင်လွှတ်လိုက်သည့် သီချင်း ဖြစ်ပါသည်ဟု တင်လျှောက်ကြောင်း ရတနာဂီရိက ပြန်မှ စိန်တပ်ခြင်း ဖြစ်ကြောင်းနှင့် ဇနီးဒေါ်စိန်မေက ပြောပြပါသည်။

ဦးဗေဒါကို ငယ်ပေါင်း ရင်းနှီး ချစ်ခင်သူများက "ဖူးကလေး" ဟု ခေါ်တတ်ကြသည်။

ဗေဒါ လူလားမြောက်စတွင် ဖခင်ကြီးက သား နှစ်ယောက်စလုံးကို ပွဲထုတ်လာတော့သည်။ ပွဲထုတ်ပုံမှာ ညီအစ်ကို နှစ်ယောက်ကို မလှမ်းမကမ်းတွင် ချ၍ ပြိုင်တီးကြစမ်းဟု ဆိုသည်။ ဆရာဖေကြီး ကိုယ်တိုင်ကမူ ဆိုင်းဝိုင်းကြီး ၂ ခုကြား၌ သေတ္တာကြီး တလုံးချထား၍ ထိုင်ပြီး နားထောင်သည်။ ပြိုင်တီးသည့်အခါ တယောက်က တယောက်ကို မညစ်ရ၊ ညစ်တီးသည် ထင်လျှင် ဆရာဖေက မင်းပေးသည့် တောင်ဝှေးကြီးနှင့် ဝင်၍ ရိုက်သည်။ ဆိုင်းဝိုင်း ၂ ဝိုင်းစလုံးမှာ ဖခင်ကြီး နားထောင်ခြင်း ဖြစ်၍ အစွမ်းကုန် ကြိုးစား လိုက်ရသည်မှာလည်း ဖတ်ဖတ်မောမျှ ရှိသည်။ သူ့ထက်ငါ သာချင်လိုက်သည်မှာလည်း အလွန်ပင် ဖြစ်သည်။ ထို့ကြောင့် ငယ်ရွယ် တက်ကြွကြသေးသည့် သားနှစ်ဦးတို့၏ လက်သံကို နားထောင်ဘူးသမျှ လူများက သဘောကျမဆုံး ဖြစ်ခဲ့ကြသည်။ သို့နှင့် ညီအစ်ကို ဆိုင်းပြိုင်တီးကြသည့် ခေတ်ရောက်လာပြီး ဗေဒါ၏ တီးပေါက်မှာ ကာလသားကြိုက် လူငယ်ကြိုက် အနေနှင့် အချောက်အချား များသောကြောင့် ပွဲခင်းအနေအားဖြင့် ဗေဒါကြီးက ပရိသတ်များသည်။ ပွဲသိမ်းချိန်လည်း ဗေဒါက နောက်မှသိမ်းရသည်။ ဤသို့ဖြစ်သည့် အခါ လူကြီးပိုင်းက "ဆရာစိမ့်က သူ့ညီကို အလကားရှုံးအောင် တီးပဲ့မလား၊ ညှာတီးမှာပေါ့" ဟု ပြောတတ်သည်။ ဤအပြောမျိုးကို စိန်ဗေဒါက မခံနိုင်၊ အလွန်ခံပြင်းသည်။ ဘယ်တော့တီးတီး နိုင်ရမည် ဟူ၍ချည်း ပြောပြီး မီးကုန်ယမ်းကုန် သူ့ဘက်က တီးလေ့ ရှိပေသည်။ ဖခင် ဆရာဖေကြီးကမူ ဆိုင်းဝိုင်း ၂ ဝိုင်းကြား၌ ဂဏာငြိမ်ငြိမ် နားထောင်နိုင်သည် မဟုတ်။ သားအကြီးဝိုင်းသို့ ပြေးသွားပြီး "ငါ့သားက အငယ်ကို ညှာကွ" ဟု ပြောသည်။ ဗေဒါဝိုင်းသို့ တဖန် သွားပြန်ပြီး "ဒါမှ ငါ့သားကွ၊ ဗေဒါမောင်လေးကွ၊ တီးလိုက်စမ်းကွ" ဟု အားပေး အားမြှောက် ပြုလေသည်။ ဤအခါ အချို့သော ဆိုင်းနားထောင် ပရိသတ်က ဆိုင်း ၂ ဆိုင်းကို နားမထောင်နိုင်ဘဲ သား ၂ ယောက်ကြား ဗျာများ နေတတ်သည့် ဆရာဖေကြီးကို ကြည့်ပြီး သဘောကျ နေတတ်ကြလေသည်။ မန္တလေးတွင် ဆရာစိမ့်နှင့် စိန်ဗေဒါဟူ၍ ဆရာဖေကြီး၏ သားနှစ်ယောက်စလုံး ဆိုင်းတီးနေကြပြီး အပြိုင်တီးနေကြသည်။ ပြိုင်တီးသည့်အခါ အလွန် နားထောင်၍ ကောင်းသည် ဟူသော သတင်း ဂယက်များ တနေ့တခြား ကြီးမားလာပါသည်။ ထို့ကြောင့် ပိုက်ဆံ တတ်နိုင်သူများက ဤဆိုင်း ၂ ဆိုင်းစလုံးငှါး၍ အပြိုင်တီးခိုင်းသည့် ခေတ်တခေတ်ပင် ရှိခဲ့ဘူးပါသေးသည်။ ဆရာစိမ့်နှင့် ဦးဗေဒါတို့သည် ရတနာဂီရိမှ ပြန်လာချိန် ၁၂၇၃ ခုနှစ်ဆီလောက် အထိ အပြိုင်တီးကြဆဲ ဖြစ်သည်။ ဆရာဖေကြီးမှာ ၁၂၆၉ ခုနှစ်တွင် အနိစ္စရောက်သည်။

ဆရာဦးဗေဒါသည် မန္တလေးမြို့တွင် နာမည်ကျော်သည့် ရုပ်သေး မင်းသမီး အရာတော် ဆရာဖေလေး၏ သမီး မညာဏ်ဝင်းနှင့် အိမ်ထောင်ကျသည်။ (ဤ မညာဏ်ဝင်း၏ မောင်မှာ သီချင်းရေးဆရာ ဦးဘိုးဂုဏ် ဖြစ်ပါသည်။ ဦးဘိုးဂုဏ်သည် ပန်တျာ အက,သင် ဆရာမကြီး မင်းသမီး ဩဘာသောင်း သီဆိုသည့် သီချင်းများကို အများဆုံး ရေးစပ်ပေးသူ ဖြစ်ပါသည်။) မညာဏ်ဝင်းသည် စိန်ဗေဒါနှင့် အိမ်ထောင်ကျ၍ ၁ နှစ်မျှ ရှိသော အခါ ကလေးမျက်နှာ မြင်ပြီး ကွယ်လွန်သွားရှာသည်။

ဇနီး မဉာဏ်ဝင်း ကွယ်လွန်သဖြင့် စိန်ဗေဒါ ကိုမောင်လေးမှာ အသက်ငယ်ငယ်နှင့် မုဆိုးဖိုဖြစ်၍ ကျန်ရစ်သည်။ မုဆိုးဖိုဘဝနှင့် ရှိစဉ် မန္တလေး ရွှေ့တော်ပြေး ဝင်းထဲ၌ နေသော အစ်ကို ဆရာစိမ့်၏ ဇနီး ဒေါ်တိုးက ထောင်သည့် အငြိမ့်မှ အငြိမ့် မင်းသမီးကလေး မစိန်မေကို ဦးဗေဒါက စိတ်ထဲ၌ စွဲလမ်း နှစ်သက်နေသည်။

မစိန်မေကလေးမှာ ညောင်လေးပင် ပုစွန်မြောင်းသူ ဖြစ်သည်။ ပုစွန်မြောင်းတွင် မင်းသားက, ကောင်းသည့် တောမင်းသမီးကလေး ဖြစ်သည်။ ထို့ကြောင့် မန္တလေးသို့ တက်၍ သဘင်ပညာများ အထက်တန်းကျကျ ဆည်းပူး နိုင်စေရန် အဒေါ်, ဒေါ်သင်းက မန္တလေးသို့ ခေါ်လာပြီး အငြိမ့်ထောင်ဆရာ ဒေါ်တိုးထံတွင် အပ်နှံထားသူ ဖြစ်လေသည်။

စိန်ဗေဒါ ကိုမောင်လေးသည် အကို့အိမ်သို့ အားအားရှိတိုင်း လာသည်။ လာပြီး ရုပ်ချောသည့် မစိန်မေကို ပိုးသည်။ ပိုးရင်း သူက စောင်းတီးမည် ဆို၍ မစိန်မေကို စည်းကိုင်စေလျက် သီချင်း အဆို ခိုင်းတတ်သည်။ အကြံနှင့်လူ စိန်ဗေဒါသည် မစိန်မေကို သူ ဆိုစေချင်သည့် သီချင်းများ အဆိုခိုင်းပြီး သူက စောင်းတီးရင်း နောက်ပိုးနေလေသည်။ စိန်ဗေဒါ နောက်ပိုးရင်း တီးသည့် စောင်းသံမှာ ရုပ်သေးမင်းသမီး ဆရာမုန်းကြီးသီဆိုသည့် သံဆန်းသီချင်းဖြစ်၍ ထိုသီချင်းကို မင်းသမီး မစိန်မေက စည်းနှင့် လိုက်ဆို ပေးရပါသည်။

သီချင်းမှာ....

" *ကုန်စီစဉ် ပေါင်းပါလို့ ဖြစ်ပေါင်းကို ပြန်မျှော် ရွှေဉာဏ်တော်ခွင့်ရေး၊ သာတင့်နိုင်သေးငယ်လေ၊ မှိုင်ငေးယောင်ဆိုမိ၊ ဟိုရွေးကာံ၊ ဒေဝါနတ်မင်း ဆင်းလို့ဖန်၊ ကူညီရန်၊ နံ့သက်လှယ်က၊ ငယ်ချစ်ကယ် ဘုန်းရယ်လေး.. အို မေ့နိုင်ဆုံး*"။

ဟူသည့် သီချင်းဖြစ်ပါသည်။

ဤသံဆန်းအပြင် ချစ်သမျှကို၊ နှစ်ကိုယ်သစ္စာ စသည့် သီချင်းများ များကိုလည်း မစိန်မေက ဆိုရပါသေးသည်။ ပါးစပ်နှင့် ရည်းစားစကား မပြောဘဲ တယောက်က စောင်းနှင့်ပြော၍ တယောက်က သီချင်းနှင့် စည်းနှင့် ခွန်းတုံ့ပြန်ရင်းနှင့် စိန်ဗေဒါက ၂၆နှစ်၊ မစိန်မေက ၁၉နှစ်သမီးတွင် အကြောင်းဆက်၍ ပေါင်းဖက်သွားကြ ပါလေတော့သည်။

စိန်ဗေဒါ မောင်ကလေးက မင်းသမီး မစိန်မေကို ပိုးနေသည်မှာ ကာလအတန် ကြာသဖြင့် သူတို့ချင်း ချစ်နေကြပြီကို သဘင်နယ်က လူများအားလုံး ရိပ်မိကုန်သောကြောင့် ကြုံကြိုက်သည့် အခါများ၌

ရုပ်သေးမင်းသမီး ဆရာမှန်းကြီးကပင် မစိန်မေကို တခါတရံ သီချင်းနှင့် စောင်း၍ စတတ် ကလိတတ်သေးသည်။

< ပုံ ၄ - ဓာတ်ပုံ - ရွှာစားစိန်ဗေဒါ >

စိန်ဗေဒါတို့ အိမ်တွင် တလလျှင်တကြိမ် နှစ်လလျှင်တကြိမ် ဘုန်းတော်ကြီးများကို ဆွမ်းကပ်လေ့ ရှိသည်။ ဆွမ်းကပ်သည့်အခါ အရုဏ်ဆွမ်း ကပ်မည်ဆိုလျှင် တညလုံး ချက်ကြ ပြုတ်ကြရသည်။ ချက်ပြုတ်ရာသို့ အပေါင်းအသင်းများ ဖြစ်ကြသည့် သဘင်နယ်မှ လူတွေက လာရောက်ကူညီ ချက်ပြုတ်သည်။ ချက်ပြုတ်၍ ပြီးသည့် အချိန်၌ တီးကြ မှုတ်ကြရင်း အရုဏ်ဆွမ်း ကပ်ချိန်ကို စောင့်သည်။ ထိုအချိန်မျိုး၌ စိန်ဗေဒါက ပတ္တလားတီးပြီး ရုပ်သေးမင်းသမီး ဆရာမှန်းကြီးက သီချင်းဆိုပေး တတ်သည်။ ရုပ်သေးမင်းသမီး ဆရာမှန်းကြီးမှာ ဆရာပုတို့ အရင်ကျသည့် ရုပ်သေးမင်းသမီးကြီး ဖြစ်၍ အဆို အလွန်ကောင်းသည်။ နောက်ပိုင်း၌ မျက်စိ ၂ ကွင်း အလင်း မရရှာတော့။

ဆရာမှန်းသည် ထိုကဲ့သို့ စိန်ဗေဒါ ပတ္တလား တီးသည်ကို သီချင်းဆို၍ ပေးရသည့်အခါ မစိန်မေကို စောင်း၍ ခနဲ့လိုသောကြောင့် မင်းသမီး လင်ပျောက်သည့်အခါ ဆိုကြသည့် သံဆန်း သီချင်းများ ဆို၍ ခနဲ့တတ်လှသည်။ ဆရာမှန်းက မစိန်မေလေးကို စောင်းဆိုသည့် လင်ပျောက်ရှာ သံဆန်း တပုဒ်မှာ-

မင်းသမီး လင်ပျောက်ရှာ သံဆန်း

" *ဘွားကနဲနော် ခုနယ်များ၊ မောင်ဘုရား လာမယ်ဆို သပဂိက၊ သည်မှာ ရင်ဆိုင်တွေ့မယ်ဆို၊ သည်မှာ ရင်ဆိုင်တွေ့မယ်ဆို၊ နမလေး သည်မယ့်ကိုယ်က၊ ငိုမလို ဟန်နွဲ့နွဲ့၊ သူ့ရှေ့တော် တဲ့တဲ့က၊ မွဲမွဲကြီး ထိုင်လိုက်ပါလို့၊ ပိုင်ပိုင်ကြီးရှင် ရန်ငယ်တွေ့ချင်လှ၊ သီသေးသလား သခင်ရဲ့၊ မြင်သေးသလား ထိပ်တင်ရယ်၊ ကြင်ယာတော် အသစ်တွေ့လို့၊ မေ့ပါပြီ သည်အဟောင်း ကြောင်းမတန့် လူပါပေကို၊ ရှာသူကိုတဲ့မှ အားမနာ၊ အလိုတော့် ဘုန်းလူရယ်၊ ပူသူကို မြင်လှည့်ပါအုံး"*
ဟူ၍ဖြစ်ပါသည်။

(ဤသီချင်းနှင့် ဤအကြောင်းကို ဤစာအုပ် ဒုတိယနိပ်တွင် ထည့်ရေးမည် ရှိသည့်အခါ ရွှာစားကြီး စိန်ဗေဒါ၏ ဇနီး ဒေါ်စိန်မေက ရှက်ပါတယ်ကွယ်၊ မရေးပါနဲ့ဟု တားပါသေးသည်။ ဤသီချင်းကလေးကို ဒေါ်စိန်မေထံမှပင် ရပါသည်)

ဦးဗေဒါနှင့် ဒေါ်စိန်မေတို့ အိမ်ထောင်ကျပြီး ၃ နှစ် အကြာ၌ ရတနာဂီရိသို့ သွားဖို့ အကြောင်းဖန်၍ လာလေသည်။ ရတနာဂီရိသို့ စိန်ဗေဒါ လိုက်တီးရသောကြောင့် ဘုရင် မရှိသည့်ခေတ် ဖြစ်လင့်ကစား

"နေမျိုးဗလ ကျော်သူ" ဟူသော ဘုရင် ပေးသည့်ဘွဲ့၊ ဘုရင်ပေးသည့် ဒေါင်းရုပ် ရွှေတံဆိပ်နှင့် ဆိုင်းတွင် သိုင်း ၄ ချက် တပ်ခွင့် ရခဲ့လေသည်။ ထို့ပြင် စောင်းပညာကိုလည်း ရတနာဂီရိ လိုက်သွား ခဲ့ရ၍ တလေးတစား သင်ယူဖို့ အကြောင်း ဖန်လာသည်။ ထို့ကြောင့် ဦးဗေဒါ၏ ဘဝ၌ ရတနာဂီရိသို့ သွားရသည့် ခရီးမှာ အရေးပါလှပါသည်။

## ရတနာဂီရိသို့

အကြောင်းဖန်လာပုံမှာ ဤသို့ပါတည်း။ ဗြိတိသျှ နယ်ချဲ့သမားသည် ဗမာပြည်ကို တိုက်ခိုက် သိမ်းပိုက်သည့်အခါ ဖမ်းသွားသည့် ဗမာဘုရင်နှင့် မိဖုရားကို အိန္ဒိယပြည် ရတနာဂီရိတွင် သေတပန်သက်ဆုံး အကျယ်ချုပ် ချုပ်နှောင်ထားရှိသည်။ ယင်းသို့ အကျယ်ချုပ်နှင့် ထားစဉ် ဗမာဘုရင်က ရွှေပြောင်း စံနေရသော တိုက်သစ်ကို တိုက်တက်မင်္ဂလာ ပြုလိုသည်ဟု သက္ကရာဇ် ၁၉၁၁ ခုနှစ်တွင် တောင်းဆိုပါသည်။ ဗြိတိသျှ အစိုးရက ထိုက်သင့်သော ငွေများ ခွင့်ပြုသည့်အပြင် လိုအပ်သော အစီအစဉ်များလည်း ပြုလုပ် ခွင့်ပေးသည်။ ထို့ကြောင့် တိုက်တက် မင်္ဂလာ အလှူတော်သို့ ဗမာနိုင်ငံက ဆိုင်းတဆိုင်းလည်း ရလိုသည်ဟု အိမ်တော်ဝန် ဦးစံရွှေသို့ အမိန့် ရှိလိုက်သည်။ သို့ အမိန့်ရှိရာ၌ ဘုန်းတော်ကြီးဘုရား (ဘုရင်)က "ဆရာဖေသား ကျီးကန်းတကောင် အတော်ကြီးရောပေါ့" ဟူ၍ (အသားမဲသော) ဆရာစိမ့်ကိုလည်း အမှတ်တရ မေးသည်ဟု အိမ်တော်ဝန် ဦးစံရွှေက ရတနာဂီရိသို့ ဆိုင်းတီးလိုက်ရန် ဆရာစိမ့်ကို ငှားရမ်းရင်း ပြောပြသည် ဆို၏။ ဆရာစိမ့်ကမူ ပင်လယ်ရပ်ခြားသို့ မလိုက်တုံ၊ လှိုင်းမူးမည်ကိုလည်း ကြောက်သည်။ နိုင်ငံခြား သွားရမည့်အရေးကိုလည်း စိုးရွံ့သည်ဟု ပြောကြားသည် ဆို၏။ ဤတွင် စိန်ဗေဒါက သူလိုက်ပါမည်ဟု ဆိုကာ ရတနာဂီရိသို့ ၁၉၁၁ခု၊ (၁၂၇၂ခုနှစ်) တွင်လိုက်သွားလေသည်။

< ပုံ ၅ - ဓာတ်ပုံ - ၁၂၇၄ ခုနှစ်တွင် ရတနာဂီရိ၌ သမီးတော်များ နားသ မင်္ဂလာအလှူတော်သို့ သွားရောက်၍ ဒုတိယအကြိမ် အသုံးတော်ခံသည့် စိန်ဗေဒါနှင့် အဖွဲ့၊ ဤအဖွဲ့တွင် မင်းသမီး မယင်းတော်ပါသည်။ >

လိုက်သွားကြသည့် အဖွဲ့တွင် အဆိုတော်များအဖြစ် ဆရာ ဦးလူကြီး (မဇ္ဈိမဒေသ ရွှေတောင်ကျော်စွာ ဘွဲ့ရ ဒေါ်စောမြအေးကြည်ကို မွေးကျွေး သွန်သင်သူ) နှင့် ဆရာဦးပေါ်ဦးတို့ ပါသည်။ ဆိုင်းတာဝန်ခံ အဖြစ် စိန်ဗေဒါ ပါသည်၊ စောင်းတီးမည့်သူမှာ ဒေဝအိန္ဒာ မောင်မောင်ကြီး ဖြစ်သည်။ ကမည့်သူများ အဖြစ် မိန်းမမင်းသား မစောရင်၊ မင်းသမီး မစန်းကြည်နှင့် မစိန်မေတို့ ပါသည်။ ၄င်းတို့နှင့်အတူ ဘေးမဲ့ဆရာတော်၊ တိုက်တော်ဆရာတော်၊ မောက်ကျိုးဆရာတော်၊ ကျီးသီးကုန်းဆရာတော်နှင့် မြင်းမူနယ် ပဲကူရွာ ဝါဆိုကျောင်း ဆရာတော် အရှင် အရိယဝံသ၊ ပေါင်း ဆရာတော် ၅ပါးကို ပင့်၍ ရတနာဂီရိသို့ လိုက်သွားကြသည်။

ရတနာဂီရိသို့ ရောက်သည့်အခါ အလှူနေ့ မတီးရမီ ဘုရင် အိပ်ဖန်တော် ဝင်ခိုက် စောင်းနှင့်ဆိုင်းနှင့် တဖက်စီ တီးကြသည်။ အိပ်ဖန်တော်ဝင် အတီးဖြစ်၍ အဆိုတော် ဦးပေါ်ဦးက သီချင်းဆိုပြီးသည့် အခါ စိန်ဗေဒါက ပတ်လုံးကို လက်ဖျားနှင့် တို့၍ ဖွဲ့ဖွဲ့နွဲ့နွဲ့ တီးပြသည်။ စိန်ဗေဒါသည် ပထမ တီးခွင့်ရသူ ဖြစ်သည့်အတွက် သူ့နောက်မှ တီးရသူတော့ သေပေရော့ဟု စိတ်ထဲက အောက်မေ့ထားပြီး အစွမ်းကုန် တီးလေသည်။ (အိပ်ဖန်တော်ဝင် တီးသည့်အခါ အိပ်ချင်လာအောင် တီးရခြင်းဖြစ်၍ ဆိုင်းဝိုင်းတခုတည်းနှင့် ပတ်ဖျားဘက်များများ အသုံးပြု၍ အသံညင်သာ သိမ်မွေ့စွာ ထွက်အောင် တီးရသည်။) ဆိုင်းတီးပြီးသည့် အခါ အဆိုနှင့် စောင်းအလှည့် ရောက်လာသည်။ ရောက်လျှင် စိန်ဗေဒါ့ စိတ်က စောင်းသံသည် သူတီးပစ်ခဲ့သည့် ပတ်သံထက် ဘယ်နည်းနှင့်မျှ မသာနိုင်တော့ဟု တွက်ထားသည်။ သို့နှင့် ဦးလူကြီးက ဆို၍ ဒေဝအိန္ဒာ မောင်မောင်ကြီးက တီးသည်။ ဒေဝအိန္ဒာ မောင်မောင်ကြီး၏ စောင်းသံမှာ စိန်ဗေဒါ ထင်သလို လုံးဝမဟုတ်ပေ။ ဒေဝအိန္ဒာသည် ဆိုင်းသံများ ကြားထားကြသည့် နားများအတွင်း၌ ထိုအသံ ငြိမ်သည်အထိ ခေတ္တအချိန်ယူ၍ စောင့်လိုက်သည်။ ပြီးမှ သူ့စောင်းကို အသံစမ်းပြလိုက်ကတည်းက ပတ်သံကို နားဝင်ထားသူများ၏ နားထဲမှ ပတ်သံများ ထွက်ပြေးပြီး ပျောက်သွားစေလောက်အောင် စမ်းပြလိုက်သဖြင့် စိန်ဗေဒါမှာ စောင်းစမ်းသံကို နားထောင်ရင်း ကြက်သီးမွေးညင်းများ ထလာသည်။ ဒေဝအိန္ဒာ၏ စောင်းသံမှာ စောင်းသာ ဆိုရသည်၊ ပတ်သံကဲ့သို့ တောက်တောက်ခါးခါး ပြတ်ပြတ်သားသားပင် ထွက်လာပေသည်။ သာလိုက်သည်ကလည်း အလွန်ပင်။ ထို့ကြောင့် စိန်ဗေဒါမှာ အံ့သြနေပြီး ငါထင်တာ မှားပါပကောဟု နောင်တရသွားသည်။

ထိုည၌ သီချင်းများကို တီးပြီးသည့်အခါ ဒေဝအိန္ဒာ မောင်မောင်ကြီးက ကိုလိုနီ ကျွန်ဘဝ၌ အနုပညာသည်များ၏ ဘဝကို ဖော်လှစ်သည့် တေးထပ်တပုဒ်ကို သူ့ဖာသာစပ်၍ တီးပြသည်။ ထိုတေးထပ်တွင် သူတို့ သဘင်ပညာသည်များ ကိုယ့်ဘုရင် ကိုယ့်မင်းနှင့် လွတ်လပ်စဉ်ကမူ မင်းညီမင်းသားတမျှ နေရေးစားရေး မပူမပင် ရှိခဲ့ရသည်။ ယခု ဘုရင်မရှိသည့် နောက်တွင်ကား မင်းသားဘဝမျိုးမှ နင်းပြားဘဝမျိုးသို့ ရောက်ရသည်။ သူတို့ အနုပညာသည်တွေမှာ ကိုယ့်မင်း မရှိ၍ သောင်ပြင်လွှတ်သည့် ခွေးပမာ မသွားတတ် မစားတတ် ဖြစ်နေကြရ ပါသည်ဟု ပါရှိရာ ဤတေးထပ်ကို ကြားကြားသမျှ မင်းမိဖုရားနှင့်တကွ စိန်ဗေဒါပါ မျက်ရည်မဆည်နိုင် ရှိကြရသည်။

< ပုံ ၆ - ဓာတ်ပုံ - စောင်းဆရာကြီး ဒေဝအိန္ဒာ မောင်မောင်ကြီး >

အိပ်ဖန်တော်တီး၍ ပြီးကြသဖြင့် ကိုယ့်အိပ်ရာသို့ ကိုယ်ဝင်၍ အိပ်ကြသည့် အခါတွင်ကား စိန်ဗေဒါမှာ အိပ်၍ လုံးဝမရတော့။ ဆရာကြီး ပညာကို အထင်သေးမိလေခြင်း၊ ပညာကြီးသူကို ပြစ်မှားမိလေခြင်းဟု တညလုံး နောင်တကြီးစွာ ရနေလေသည်။ ထို့ကြောင့် မနက် အရုဏ်တက်၍ တဖက်ခန်းမှ နိုးသံကြားပြီး ဘုရားဝတ်တက်သံ ဆုံးသည်နှင့် တပြိုင်နက် ဗေဒါသည် ဒေဝအိန္ဒာ မောင်မောင်ကြီး အခန်းသို့ ကူးသွားပြီး "မောင်မောင်" ဟု အသံပြု၍ ဝင်တော့သည်။ မောင်မောင်ကြီးက ဘယ်သူတုံးဟု မေးသည့်အခါ ဗေဒါက မိမိ

ပြစ်မှားမိသည်များကို ကန်တော့ရန် လာပါသည်ဟု ပြော၍ ကန်တော့ပြီး သူအထင်သေးမိပုံ၊ ပြစ်မှားမိပုံများကို အားလုံး ပြောပြ၍ မအိပ်နိုင်ဘဲ ဖြစ်သည်အထိ ဖွင့်ဟဝန်ခံပြီး သူ့ကို အပြစ် လွှတ်ပါရန် ပန်ကြားသည်။

သို့ တောင်းပန်သည့်အခါ ဒေဝအိန္ဒာ မောင်မောင်ကြီးက "မင်းလဲ ဗေဒါလို့ နာမည်ကြီးတဲ့ လူပေကိုး၊ အပြစ်မရှိပါဘူး၊ ငါခွင့်လွှတ်ပါတယ်" ဟု အကျေအလည် ပြန်ပြောသည်။

ထိုအခါ ဗေဒါက....

" ကျွန်တော် စောင်းသင်ရင် တတ်နိုင်ပါဒုံးမလား ခင်ဗျာ"

" တောထဲက ကြက်တူရွေးတောင် သင်ရင် တတ်သေးတာဘဲကွာ"

" ဒါဖြင့် ကနေ့ကစပြီး ကျွန်တော့်ကို တပည့်စာရင်း သွင်းပြီး အသိအမှတ်ပြုပါ ခင်ဗျာ"

" သင်ချင်သပ့ါ ဆိုရင် သင်ပေးပါ့မယ်၊ မင်းစောင်းနဲ့ ဘာများ တီးဘူးသလဲ"

" အနဲအကျဉ်း သင်ရိုးလောက်တော့ တီးဘူး တီးစ ရှိပါတယ် ခင်ဗျာ"

" အေး ဒါဖြင့် ရွှေမြို့တော် (မန္တလေး) ကျရင် ငါသင်ပေးမယ်" ဟု မောင်မောင်ကြီးက ကတိပေး လိုက်သည်။

ဗေဒါမှာ တကယ်ကြီးသည့် စောင်းပညာ သေသေချာချာ တတ်ရချေတော့မည်ဟု ဝမ်းသာအားရ ဖြစ်နေပြီး အလှူနေ့တွင် တနေ့လုံး တက်တက်ကြွကြွ တီးလေတော့သည်။

ထိုနေ့ သီပေါဘုရင်၏ အလှူတော် မင်္ဂလာသို့ ဘုံဘိုင် ဘုရင်ခံ ဆာရော့ကလပ် လာသည့်အခါ ရတနာဂီရိ အရေးပိုင် မစ္စတာဘရန်ဒါက ဆီးကြိုဧည့်ခံပြီး မြန်မာဆိုင်းကိုပါ ပြသည်။ ဘုရင်ခံက မြန်မာဆိုင်းသည် အတီးသင်္ကေတများ မပါဘဲ မည်သို့လုပ်၍ တီးကြသနည်း၊ တီး၍ ဖြစ်နိုင်၏လောဟု မေးသည်။ ဗေဒါက မြန်မာတွင် ဂီတသင်္ကေတ မရှိသေးပါ၊ သို့သော် တီး၍ကား ရပါသည်ဟု ပြောပြီး တဖက်တွင် ရှိသည့် ဘင်အဖွဲ့အား တီးလုံးတခုကို အတီးခိုင်းပြီး သူ့ဆိုင်းအဖွဲ့သားများကို ထိုအသံ နားနှင့် မှတ်ထားကြ၊ သူတို့တီး၍ ပြီးလျှင် ဒို့ဆိုင်းက ထိုအတီးအတိုင်း လိုက်တီးပြမည်ဟု ပြောပြီး နားထောင် ခိုင်းထားသည်။

ဘင်အဖွဲ့က တီး၍ ပြီးသွားသည့် အခါ ဗေဒါက ထိုအတီးကို သူ့ဆိုင်းအဖွဲ့နှင့် လိုက်၍ တီးပြလိုက်သည်။ အင်္ဂလိပ်ဘုရင်ခံသည် ဗမာဆိုင်းကို အထင်မသေးနိုင်ဘဲ ဖြစ်သွားရသည်။ ဒီသီချင်း ဘယ်တုံးက ရထားသလဲ ဟုလည်း မေးသည်။ ဗေဒါက နားနှင့်မှတ်ယူခြင်း ဖြစ်သည်၊ ဘယ်တုံးကမှ မရပါဘူးဟု ဖြေသည်။ ဤအသွားကို ဗမာပြည် ပြန်ရောက်သည့် အခါ အင်္ဂလန်သံဆန်းတီးလုံးဟု အမည်ပေး၍ စိန်ဗေဒါ တီးဘူးသည်။

ရတနာဂီရိတွင် စိန်ဗေဒါတို့ အဖွဲ့သည် ၂ လခန့် နေခဲ့ကြပြီး သီပေါဘုရင်၏ အိမ်တော်၌ ရှိကြသော ကုလားအစေခံများကို ဘုရင်မင်းမြတ် မျက်နှာသစ်ချိန်၌ တီးရမည့် နရည်း၊ ည စက်တော်ခေါ်ချိန်၌ တီးရမည့် အိပ်ဖန် စသဖြင့် လွယ်ကူသည့် အတီးများကို သင်ပေးခဲ့၍ ဆိုင်းပစ္စည်းကြိယာများပါ ရတနာဂီရိတွင် ပေးထားခဲ့လေသည်။

ဘုရင်မင်းမြတ်မှာလည်း စိတ်ချမ်းသာတော် မူလှ၍ ဗေဒါအား ရွှေဒင်္ဂါး ၈ ပြားစီးရှိသည့် ဒေါင်းရုပ်ကြီးနှင့် တံဆိပ်တွင် နေမျိုးကျော်စွာခေါင်၏ သားဖြစ်သူမို့ "နေမျိုးဗလ ကျော်သူ" ဟူသော ဘွဲ့ထိုး၍ ချီးမြှင့်သည်။ ထိုဘွဲ့နှင့်အတူ ဆိုင်းဝိုင်းတွင် ရွှေသိုင်း ၄ ချက် တပ်ဆင်ရန်လည်း ချီးမြှင့် ခွင့်ပြုလိုက်သည်။ အလံ ရှစ်ချက်နှင့် ဖလ်အိုးအလုံး ၂၀ တပ်ဆင်ခွင့် ပြုလိုက်သည်။

ရတနာဂီရိမှ အပြန်က စ၍ ဗေဒါက စိန်ဗေဒါ အမည် ခံယူသည်။ မင်းသမီး မစန်းကြည်ကိုလည်း "မဓုသဏ္ဍမမော" ဘွဲ့ ချီးမြှင့်လိုက်သည်။

သီပေါမင်း၏ သမီးတော်များ နားထွင်းမင်္ဂလာ ပြုသဖြင့် ၁၂၇၄ ခုနှစ်တွင် တကြိမ်၊ စိန်ဗေဒါတို့ ရတနာဂီရိသို့ ဆိုင်းတီး သွားကြရပြန်သည်။

ရတနာဂီရိမှ ပြန်လာကြ၍ စိန်ဗေဒါအား သီပေါဘုရင်က နေမျိုးဗလ ကျော်သူဘွဲ့နှင့် ရွှေသိုင်း ၄ ချက် ချီးမြှင့်လိုက်သည့်အတွက် အဆိုတော် ဦးလူကြီးက ထိုအကြောင်းကို နန်းသိမ်းယိုးဒယားသွား သီချင်းတပုဒ် စပ်၍ ပေးပါသည်။ သူ့သီချင်းမှာ....

၁။ *"ရှာစားမင်းပါဗျ၊ စိန်ဗေဒါပါ၊ ကျေညာတစ်ဝမ်း၊ ပြစ်မသန်း သူပါ။ ပတ်သံ နတ်ထံ ကြားလောက် သူရဲ့ ဒြပ်ခြားအမည်ပါ၊ ပလီပလာဆုံးပါဗျ၊ စံနှုန်းလေ စံနှုန်း ယှဉ်ဘက်ကွာ၊ ကွာ- ကွာ ကွာတယ်လေ လေလေလေ - လေလေ။ သာသာ - သာတယ်လေလေ - လေလေ - လေလေ။ ကွာကွာ၊ စံနှုန်းလေ စံနှုန်း ယှဉ်ဖက်ကွာ။*

၂။ *မြတ်နှစ်ဘုန်း၊ ကပ်လုံးလေ တည်ဖို့ရာ၊ အသရေနိပ်၊ ရွှေတံဆိပ်တော် ပေးအပ်ကာ၊ သွေမညှိုး နေမျိုးဗလ ကျော်သူဘွဲ့ရတယ်လေဗျာ၊ ထင်ရှားပေတာ၊ တောင်ညာမန်းမှာ၊ စန်းထလေ၊ ကျော်လေ ကျော်တဲ့ဆရာ၊ ဆရာ၊ တိုးပွားလေလေ စေသာ ဆရာ၊ ဆရာ၊ တိုးပွားလေ တိုးပွား စေဖို့ရာ။*

၃။ *ဗိုလတ် အင်္ဂလန် ကျော်ကြားသူပ၊ အသိအမှတ် အထင်ခံ မော်ကြွားပေရ၊ ဟောတဝပညာ၊ နိုင်းလေစေကာ၊ တိုင်းလေ ပြေချစ်တာ၊ သဘင်မှာ ယှဉ်ရာ တင်ကာ၊ အဆ္ဆနာသခ်၊ မညှိုးနွမ်းပုံမှာ၊ နှစ်မျိုးစွမ်း ဂုဏ်သမ္ဘာ၊ အရိုးအဆန်းတွေ စုံတဲ့ဆရာ၊ ဒုမ္မာချမ်း၊ ငွေလေ ရွှေလှာ၊ လာဘ်တွေပွေကာ၊*

*စမ်းလေလေ စမ်းကြပါ လက်သွား ကဝိန္ဒာ နိမ္မာဘုံကကြား၊ ကတ်ကတ်သတ်သတ် တွေကများ၊ ထားသစ္စာ၊ လုစ်ကာသွေမန္တမ်း၊ ငွေစန်းသွင်ပမာ၊ သီတဂူ၊ ပြည်သူ အေးစေဘို့၊ ရွှေသဒ္ဒေး မင်းပါ၊ နားတော် သွင်းမယ်၊ ဘေးကင်းစေ၊ ရန်ပျောက်ကွာ၊ (မန်းသိုက်ညာ၊ ဆန်းလိုက်တာ) ၂ ၊ ပြေအေးသပ့်ါ ဘေးမခ စေရာ၊ ယိုးဒယားပါဗျ၊ တမျိုးသွား ထွင်တာ၊ ပညာ ပထမတန်း၊ မြန်ခွင်မှာ၊ ဆိုင်းခေါင် အညွှန့်ပါဗျ၊ နောင်အစွန့်ရှည်ကြာ၊ ထူးလို့အမည်သာ၊ တဦးဗျို့ဤတဆရာ၊ အထက်နတ်ရွာ ဝတီသာ ဘုံကကြား၊ ကမ္ဘာအနွယ် ပြပ္ပွာနှစ်ဆယ်ကျော်တဲ့ သား"*

ဟူ၍ ဖြစ်ပါသည်။

## စိန်ဗေဒါ၏ လက်ပေါက်

စိန်ဗေဒါ ဆိုင်းတီးကောင်းသည် ဆိုရာ၌ အရပ်သား၏ အရပ်နား မပြောထားဘိ၊ ပညာသည်ချင်း ရင်ဖိုလောက်အောင် တီးနိုင်သဖြင့် ထိုသို့ ပြောရခြင်း ဖြစ်ပါသည်။ စိန်ဗေဒါ တီးသည့်ဆိုင်းမှ ပတ်လုံးမှာ ရန်ကုန်ဆိုင်း သို့မဟုတ် အောက်ဆိုင်းများမှ ပတ်လုံးနှင့် မတူပါ၊ သားရေ ထူပါသည်။ သားရေ ထူရခြင်းမှာ ဗလာဆိုင်း တီးသူဖြစ်၍ အသံချဲ့ခွက် မရှိသည့် ခေတ်၌ တရွာမှ တရွာသို့ ကြားလောက်အောင် လွင်ပြင် ကွင်းပြင် လဟာပြင်တွင် တီးရသူ ဖြစ်၍ ဆိုင်းသံမှာ အဝေးပြေးရန် လိုသည့်အလျောက် သားရေ အထူနှင့် တီးရခြင်း ဖြစ်ပါသည်။

အောက်ဆိုင်းများမှာ ဇာတ်ဆိုင်းက များ၍ ရုံအတွင်း တီးကြသည် ဖြစ်သဖြင့် သားရေပါးနှင့် တီးကြသည်က များပါသည်။ သို့ အထက်နှင့် အောက် ဆိုင်းပတ်လုံး သားရေ အထူအပါး ခြားနားသည့် အတွက်ကြောင့် အမြည်ပြိုင်၍ တီးကြစတမ်းဆိုလျှင် အောက်မှပတ်လုံးမှာ အားသိပ်မစိုက်ရဘဲနှင့် မြည်အောင်တီး၍ရပြီး အထက်မှ စိန်ဗေဒါတို့ တီးရသည့်ပတ်လုံးမှာ အဝေးကြားကောင်း၍ သေသေချာချာ အားစိုက်တီးမှ မြည်သည့်သဘော ရှိပါသည်။ တီးရာ၌ လူသက်သာပုံချင်း ကွာသည်ကို သတိပြုစရာ ဖြစ်ပါသည်။

သို့သော် စိန်ဗေဒါက ထိုသားရေထူ ကျက်သည့် ပတ်လုံးကို ပတ်လုံးတွင်း၌ ရှိသမျှ အသံအကုန်အစင် ထွက်လာအောင် တီးနိုင်စွမ်းသူ ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဗေဒါ့လက်ကျမှာ အလွန်ပြင်းသည်ဟု ဆိုလိုပါသည်။ စင်စစ် စိန်ဗေဒါကို မှီအောင် ပြင်းပြင်းတီးနိုင်သူ ပေါ်ဖို့ မလွယ်ပါ။ ဆိုင်းတီးသည် ဆိုသည်မှာ တချက်တလေ လက်နှင့် ခေါက်ရခြင်း မဟုတ်ဘဲ ပတ်လုံးကလေးများ၏ မျက်နှာပြင်ကို အချက်ပေါင်း မရေမတွက်နိုင်အောင် ခေါက်တီးရခြင်း၊ တညမဟုတ်ဘဲ ပွဲဆက်များလျှင် များသလောက် တီးရခြင်း ဖြစ်သောကြောင့် ပတ်လုံးဟု ခေါ်သည့် သစ်လုံး အခေါင်းကလေး အတွင်းက ထွက်တန်ရာသည့် ထွက်အား

ရှိသမျှ အသံကို အကုန်ထွက်အောင် တီးနိုင်ဖို့ ဆိုသည်မှာ မလွယ်ပါ။ ဆရာ စိန်ဗေဒါကမူ ပတ်လုံးဆိုသည့် တူရိယာ ပစ္စည်းတခု ဘယ်အထိ အသံမြည်စွမ်း ရှိသနည်း၊ ထိုအသံ အကုန်ထွက်ခဲ့ဟု အပြင်မှ တီး၍ ထုတ်ယူနိုင်စွမ်းသူ ဖြစ်ပါသည်။

ထို့ပြင် ပတ်သံကို သီချင်းဖြစ်အောင် ဖန်တီးပေးရသည့် အခါ အသံများကို အနိမ့်အမြင့် အတိုအရှည်ပြု၍ နားဝင်ချိုအောင် စုပေါင်းပေးရခြင်း၊ ဖန်တီးပေးရခြင်း ဖြစ်သည့်အလျောက် ဆရာ စိန်ဗေဒါက ဘယ်ပတ်လုံး၏ အသံသည် ဘယ်လောက်သာ မြည်စေရမည်၊ ဘယ်လောက်လောက်သာ ထွက်ခဲ့ဟု အမိန့်ပေး၍ ပတ်လုံးကို အဖွင့်အပိတ်၊ အဖိအနိပ်၊ အခုအစွက် ပြုပေးတတ်ပုံမှာလည်း အလွန်နိုင်နင်း ကျွမ်းကျင်သူ ဖြစ်ပါသည်။

ဆရာ စိန်ဗေဒါသည် သူ့တကိုယ်တည်း အနေနှင့် ဆိုင်းကို ထိုကဲ့သို့ တီးနိုင်ရုံမျှမက အဖွဲ့နှင့် တီးကြရာတွင်လည်း အဖွဲ့ကို ဦးစီးခေါင်းဆောင် ပြုလျက် အသံကို ခန့်ခွဲရာ၌ အလွန်တော်သည့် ပုဂ္ဂိုလ် ဖြစ်ပါသည်။ ဆိုင်းဆရာသည် စင်စစ် သွေးနှင့်ကိုယ် သားနှင့်ကိုယ် ဖြစ်သောကြောင့် ပွဲဆက်များ၍ တီးရဖန် များသည့်အခါ လက်ပန်းပြီး လက်ကျလာစမြဲ ဖြစ်ပါသည်။ လက်ကျပြီဟု ဆိုလျှင် အဖွဲ့၏ အသံကို မစီမံ မခန့်ခွဲတတ်သည့် ဆိုင်းဆရာဖြစ်လျှင် ဆိုင်းသံကို အခြား တူရိယာသံတွေက ဖုံးလွှမ်းကုန်ပါတော့သည်။ ထိုအခါ၌ နားထောင်သည့် ပရိသတ်က ဆိုင်းဆရာ ခိုသည်ဟူ၍ အပြစ်တင်လာ ကြတော့သည်။ ဆရာ ဦးဗေဒါမှာ ထိုအဖြစ်သို့ ဘယ်တော့မှ မရောက်ခဲ့ရ၊ ပွဲဆက် ဘယ်လောက်များများ ဆရာ့လက်သံက ဘယ်တော့မှ မကျ စိန်ဗေဒါက မခိုဟူ၍ ပရိသတ်က ကျေနပ်ရလေသည်။ ဤသို့ဖြစ်ခြင်းမှာ ရွာစား စိန်ဗေဒါသည် အဖွဲ့နှင့် တီးရာ၌ အသံခန့်ခွဲနိုင် စွမ်းသည့် ပညာရှိသောကြောင့် ဖြစ်ပါသည်။

မြန်မာဆိုင်းဝိုင်း တဝိုင်းတွင် ဆိုင်းဝိုင်းကြီးနှင့်အတူ ပတ်မကြီးနှင့် စည်တိုဟူသည့် ပတ်လုံးသံကို ကောင်းကောင်းကြီးလွှမ်း၍ မြည်သည့် တူရိယာ ပစ္စည်းများလည်း ပါသည်၊ စူးစူးရှရှ အလွန်မြည်နိုင်သည့် နှဲလည်း ပါသည်။ အသံများ စီစီညံညံ ရှိလှသည့် ကြေးမောင်းများလည်း ပါပါသည်။ ဤပစ္စည်းတွေ ဆိုင်းဝိုင်းကြီးနှင့် ရော၍ တီးကြရသည့်အခါ ရွာစား စိန်ဗေဒါက ဘယ်တူရိယာက ဘယ်လောက်အထိသာ မြည်စေရမည် ဆိုသည်ကို သူကိုယ်တိုင် စီမံခန့်ခွဲ၍ အသံကို ကန့်သတ်ပေးတတ်ပါသည်။ နှဲသံ စူးစူးဝါးဝါးက ဆိုင်းမှ ပတ်လုံးသံကို လွှမ်း၍ ကျော်မသွားစေရန် မြန်မာနှဲကို ဟွန်းတပ်ပေးသည်မှာ ရွာစား စိန်ဗေဒါ၏ တီထွင် ခန့်ခွဲချက် ဖြစ်ပါသည်။ ဘယ်တူရိယာက ဘယ်အသံထက် မကျော်စေရ ဟူ၍ စီမံခန့်ခွဲပြီး တီးခဲ့ကြရာ၌ ၅ ရက်လောက် ပွဲဆက်မပြတ် တီးရသည့်အခါ ဆိုင်းဆရာ၏ လက်မှာ ကျလာသည်။ ထိုအခါတွင် ဆရာ စိန်ဗေဒါက သူ့အဖွဲ့မှ အခြား တူရိယာသမားများ တီးရမည့်အသံ နောက်တသံ ထပ်၍ ခန့်ခွဲပေးသည်။ ထို့ကြောင့် ဘယ်ပွဲတီးတီး "စိန်ဗေဒါကြီး ခိုသည်" ဟူသောအဖြစ်သို့ ဘယ်တော့မှ မရောက်ရတော့ပါ။ ဆရာ့ကြိုးစားမှုသည် ကြိုးစားသည်နှင့် အညီ ထင်ပေါ်လာပါတော့သည်။

ရွှေစား စိန်လှမောင်ကမူ "အဘ စိန်ဗေဒါ ဆိုင်းတီးနေတဲ့အခါ ရေမျက်နှာပြင်ပေါ်ကို ရေပေါက် ရေစက်များ အထက်ကကျတဲ့အခါ ရေဟာ စုံ့စုံ့တက်ပြီး လာတာလို၊ အဘ စိန်ဗေဒါ လက်ကျတဲ့ ပတ်လုံးက စုံ့စုံ့တက်ပြီး အသံထွက်လာပါတယ်" ဟုငှင်း၊ "သူ့လက် နှုတ်လိုက်တိုင်း လက်နောက်ကို အသံက စုံ့တက်လာတယ်လို့ ကြည့်သူက အောက်မေ့ရပါတယ်" ဟုငှင်း ဆိုပါသည်။

ဆရာသည် သူ့ပတ်ဝိုင်းကို မူလက ရိုးရိုးအသံများအတွက် ညှိ၍ ထားခြင်းဖြစ်ပါလျက် သံရိုးကို တီးနေရင်းက အခြား အသံပြောင်းပြီး ရုတ်ခြည်း တီးလျှင်လည်း ရသူဖြစ်ပါသည်။ ဆိုလိုသည်မှာ ၆ပေါက်သံကို တီးနေသော်လည်း ချက်ခြင်းပင် ၅ပေါက်သံသို့ ပြောင်း၍ တီးပြနိုင်ပါသည်။ ဗမာသီချင်း ဗမာသံကို တီးနေရင်းက နိုင်ငံခြားသံကို ပြောင်းတီး၍လည်း ရအောင် တီးနိုင်သူ ဖြစ်ပါသည်။ တခါတရံ တီးနေရင်း ပတ်လုံး ၁ လုံး ၂ လုံး ပြုံးကနဲ ကြိုးပြုတ်သွားခြင်း၊ ပတ်လုံးပေါက်သွားခြင်း စသည့် ကိစ္စများလည်း ဖြစ်တတ်သေးသည်။ သို့ဖြစ်လာသည့် အခါ ပရိသတ်က ထိုအခက်အခဲကြီး ကြုံတွေ့နေရပြီကို အလျှင်း မသိစေရအောင် အခြေမပျက် ဆက်တီးသွားနိုင်သည့် ပညာလည်း ဦးဗေဒါတွင် ရှိသည်။ အပျက်အကွဲကိုပင် ပွဲကျအောင် တီးနိုင်သည့် တီထွင်မှု အရည်အချင်းကလည်း အလွန်ကြီးသူ ဖြစ်ပါသည်။

မှတ်မိပါသေးသည်။ ဆရာက 'အရပ်သား တီးလုံး'ဆိုသည့် တီးလုံးတခု ထွင်၍ တီးပြဘူးသည်။ ထိုတီးလုံးမှာ အလှူမင်္ဂလာများ၌ ဆိုင်းပါသည့်အခါ အလှူ့ရှင်က ဆိုင်းအဖွဲ့ကို ထမင်းကျွေးသည်။ ထမင်းကျွေး၍ တဖွဲ့လုံး ထမင်းသွားစား နေကြခိုက် အရပ်ထဲမှ မတောက်တခေါက် တီးတတ် မှုတ်တတ် သူများက ဆိုင်းဆရာ မရှိတုန်း ဆိုင်းဝိုင်းထဲသို့ အလစ်ဝင်၍ ဆော့တီး တီးကြပုံမျိုးကို တီးလုံးတခု ထွင်၍ တီပြခြင်း ဖြစ်ပါသည်။ ထိုတီးလုံးမှာ အရပ်သားဖြစ်၍ မတီးတတ် တီးတတ်မို့ ညာက ပတ်ဖျားလုံးများကို တီးနေပြီး ဘယ်ကမူ ဒုံးခဲကြီး တလုံးတည်းနှင့် ဖက်တီးသည့် တီးကွက် ဖြစ်ပါသည်။ ဤတီးကွက်ကို ပညာသည် အချင်းချင်းပင် အလွန် သဘောကျ၍ အရပ် ပရိသတ်ကလည်း ပွဲကျလှပါသည်။

ဆိုင်းဆရာသည် ပတ်ဖျားကောင်းလျှင် ပတ်ရင်းညံ့သည်၊ ပတ်ရင်းကောင်းလျှင် ပတ်ဖျားညံ့သည်မှာ ထုံးစံတခုလို ဖြစ်သည်။ သို့သော် စိန်ဗေဒါတို့ကမူ ပတ်ဖျား ပတ်ရင်း ပတ်လယ် သုံးမျိုးစလုံးကောင်းသူ ဖြစ်သည်။ တီးရာ၌ ဟန်ထားကလည်း အလွန်လှသူ ဖြစ်ပါသည်။ ထို့ပြင် တီးရာ၌ အကွန့်အညွန့် ထည့်ပုံကလည်း လိုက်မမှီသူ ဖြစ်သည်။

ဆရာ ဦးဗေဒါမှာ အသံနှင့်ပတ်သက်လျှင် သူ့နားက သူများနားနှင့် မတူ၊ အလွန်ပါးသည့် နားဖြစ်လေသည်။ နားအာရုံကို အလွန်အမင်း အသုံးပြုနေသူ ဖြစ်သောကြောင့် ထိုအာရုံမှာ အခြားသူများထက် ထူးထူးခြားခြား ထက်မြက်နေသလော မဆိုနိုင်ပါ။ သူ့နားအာရုံ ထက်မြက်မှုကြောင့် ဆရာ့နားက "နားစောင့်

ကောင်းသည်” ဟူ၍ ပြောကြရပါသည်။ နားစောင့် ကောင်းသူသည် တီးဝိုင်းတခုကို ရှိသမျှ လူကုန် စုတီးကြသည့် အခါ အနေး၊ အမြန်၊ စည်း၊ ဝါး၊ ဗြလုံးပတ်၊ အဆစ်၊ အပြောင်း များကို တိကျစွာ ပြောင်းခြင်းများ ပြုလျက် ညီညီညွတ်ညွတ် ရှိအောင် ထိန်းပေး နိုင်စွမ်းပါသည်။

ဆရာဦးဗေဒါ၏ ဂီတနားနှင့် ပတ်သက်၍ ကြုံရဘူးပုံကလေး တခု ပြောပါဦးမည်။ မန္တလေးမြို့ ပွဲကုန်းတွင် ဂီတဝါသနာ ပါကြသည့် ပွဲစားကြီး ညီအစ်ကို ဦးသင်းနှင့် ဦးဝင်းတို့ ရှိပါသည်။ ၎င်းတို့ ညီအစ်ကိုက ရက်အားများ၌ ဂီတပညာရှင်များကို သူတို့အိမ်တွင် ဖိတ်၍ အကျွေးအမွေးနှင့် ဧည့်ခံပြီး တီးမှုတ်စေလေ့ရှိသည်။

တနေ့သော် ထိုတီးဝိုင်းသို့ ဆရာ ဦးဗေဒါက သူများတွေထက် နောက်ကျမှ ရောက်လာသည်။ ဆရာ ဦးဗေဒါသည် ရောက်သည် ဆိုလျှင်ပင် အိမ်ပေါ်မှ တီးသံကို သူ့နားက ဖမ်းမိလိုက်ပြီး “ပတ္တလား ဘယ့်နယ် လုပ် တီးနေကြတာလဲ” ဟု ပတ္တလား မမြင်ရသေးဘဲနှင့် မေးရင်း အိမ်ပေါ်သို့ တက်လာသည်။ အမေးခံရသည့် သူများက အံ့အားသင့်နေကြသည်။ စင်စစ် ထိုနေ့က ဆရာဘကြီး တီးနေသည့် ပတ္တလားမှာ ပတ္တလား အရွက်ကို အိမ်ပေါ်၌ ပြောင်းပြန် တပ်ထားမိလေသည်။ အိမ်အကျဉ်းဖက်၌ ပတ္တလားအရွက် အရင်း ထားမိသည်။ အိမ်အကျယ်ဖက်၌ ပတ္တလားအရွက်ဖျား ထားပြီး ချိတ်မိသည်။ ထို့ကြောင့် ပတ္တလားသံမှာ အသံမှန် မထွက်ပေ။ ဤအဖြစ်ကို ဆရာဘကြီးလည်း သတိမထားမိ၊ ဆရာတာတို့၊ ဆရာမောင်တို့၊ ရုံပိုင်ဦးစံဝင်းတို့၊ ကိုသက်တင်တို့၊ နန်းတော်တောင် ဆရာခင်တို့လည်း မသိကြ၊ ဦးဗေဒါက ပြောမှ သတိပြုမိကြသည့် အခါ ဆရာဘကြီးက သူ့မြေး “တေူ မှားချိတ်ပေးလိုက် ထင်ပ့ါ” ဟု ပြောပြီး ပြင်ချိတ်လျက် ကိန္နရာချောင်းခြားကြီး ပတ်ပျိုးကို ဆက်တီးလေသည်။

ဦးဗေဒါ၏ နားသည် ဤမျှပါး၍ ဂီတသံကို အသံမှန်မမှန် ချက်ခြင်း ခွဲနိုင်စွမ်းသူ ဖြစ်ပါသည်။ ထို့ကြောင့်လည်း အသံဝိဇ္ဇာဟု ခေါ်ကြခြင်း ဖြစ်ပေမည်။

## ပတ်စာတပ် မြန်လှသူ

ဆရာဦးဗေဒါတွင် ဆိုင်းသမားချင်း လက်ဖျားခါရသည့် ကျွမ်းကျင်မှုတခု ရှိသေးသည်။ ထိုကျွမ်းကျင်မှုမှာ ပတ်စာတပ် အလွန် မြန်ဆန်ခြင်းပင် ဖြစ်သည်။

ဆိုင်းဆရာ ပတ်စာတပ်သည်ကို မြင်ဘူးကြပေလိမ့်မည်။ သေချာစွာ ကြိတ်နယ်၍ ယူလာသည့် ပတ်စာကို ပတ်လုံး၏ အနက်ဝိုင်းကလေး ပေါ်၌ လက်မဖြင့် လှည့်၍ ကပ်တတ်ပြီး ပတ်လုံးမှ မိမိရလိုသည့် အသံရအောင် ညှိယူရခြင်း အလုပ်သည် ပတ်စာတပ်ခြင်း ဖြစ်သည်။ ဤအလုပ်ကို ဆရာ ဦးဗေဒါက

တကြိမ်တည်းနှင့် တိကနဲနေအောင် တပ်လိုက်ပြီး အသံ တဆံခြည်မှ မတိမ်းအောင် ထွက်စေနိုင်သူ ဖြစ်ပါသည်။ အများအားဖြင့် ဆိုလျှင် ပတ်စာကို တပ်လိုက်၊ ကြေးက တနောင်နောင် တီး၍ နဲက တတီတီ မှုတ်ပြနေသံကို နားထောင်ကြည့်လိုက်၊ ကိုယ်လိုချင်သည့် အသံ မထွက်လာသေး၍ ပိုနေသည့် ပတ်စာကိုနှုတ်၊ လိုနေသည့် ပတ်စာကိုဖြည့်နှင့် လိုတိုး ပိုလျှော့များ ပြုယူကြစမြဲ ဖြစ်သည်။ ထို့ပြင် လက်ရိုက်နှင့် သားရေမျက်နှာပြင် ဘေးပန်းကုံးကို ရိုက်ပေးပြီး အတူတီးမည့် ကြေးနှင့် နဲက အသံပြပေးနေသည်နှင့် အညီ ဖြစ်အောင် အလျှော့အတင်းများ ပြု၍ ပတ်စာ တပ်ကြရစမြဲ ဖြစ်ပါသည်။

ရွာစား စိန်ဗေဒါကမူ ပတ်လုံးကလေးတွေ ဘယ်က စ၍ ညာ အထိ တလုံးပြီးတလုံး ပတ်စာတပ်သည့် အခါ ဤပတ်လုံးအတွက် ပတ်စာ လေးပဲသားမျှသာ လိုသည်၊ ဤပတ်လုံးအတွက် ၃ပဲသားမျှသာ လိုသည်၊ ဤပတ်လုံးအတွက် နှစ်ပဲသားမျှသာ လိုသည်ဟု သူက အတိအကျ သိထားဟန် ရှိရုံသာမက၊ ထိုလိုသမျှ ပတ်စာကို သူ့လက်က တိတိကျကျ နှိုက်ယူလိုက်နိုင်ဟန် ရှိပါသည်။ သူကပ်လိုက်သည့် ပတ်စာသည် ပတ်လုံးပေါ်မှ ပြန်နှုတ်ရသည်လည်း မရှိ၊ ထပ်ဖြည့်ရသည်လည်း မရှိ၊ တိကျစွာနှိုက်ယူ၍ တပ်သူဖြစ်သည်။ ဤလို တိကျလွန်းမှုကြောင့် နဲများ၊ ကြေးများ၊ စခွန့်များက ဆရာပတ်စာ တပ်နေခိုက် ယိုးဒယား တပုဒ်မျှ တီးနေသည်ဆိုလျှင် ထိုယိုးဒယား မဆုံးခင် ဆရာက ပတ်စာတပ်ပြီး ဖြစ်နေလေသည်။ ပတ်လုံး ၂၁ လုံးကို ဆရာ စိန်ဗေဒါက ၁၅ မိနစ် မိနစ်၂၀မျှနှင့် ပြီးအောင် တပ်ပုံရသည်။ တခြား ဆိုင်းဆရာများကား မိနစ် ၄၀ မှ ၄၅ မိနစ်မျှ ကြာအောင် ပတ်စာ တပ်ကြရသည်။ ထို့ကြောင့် ဇာတ်ပွဲများတွင် ဆရာ စိန်ဗေဒါ လိုက်၍တီးသည့် အခါများ၌ ဘုရင်နန်းတက်ချိန်တွင် ပတ်စာခွာ၍ လဲခြင်းမှာ ဘုရင်စကားပြော၍ မဆုံးမီ တပ်ပြီး ဖြစ်သွားလေသည်။ သို့ ပတ်စာ အလဲအခွာ ပြုရင်းကပင်လျှင် ဆရာ စိန်ဗေဒါက ပတ်စာ ခိုး၍ တီးပေးသေးသည်။ ပတ်စာခိုး တီးပေးသည် ဆိုခြင်းမှာ ပတ်စာလဲတပ်နေမှန်း လူမသိစေရဘဲ တပ်ပြီးသမျှနှင့် တဖက်က တီးပြရင်း တဖက်က ပတ်စာတပ်နေခြင်းကို ခေါ်ခြင်းဖြစ်သည်။

ဆရာဦးဗေဒါသည် ပတ်စာ၏ သဘောကို သူ ဘယ်အထိ ပိုင်နိုင်မှု ရှိသည် ဆိုသည်ကိုလည်း သိသည်။ တနေ့တွင် မြို့မငြိမ်းလည်း ပါ၊ အခြား လူတွေလည်း ပါ၊ ဆရာစိန်ဗေဒါလည်း ပါသည့် စကားဝိုင်း တဝိုင်းတွင် အနောက်နိုင်ငံမှ တူရိယာပစ္စည်း အမျိုးမျိုး အထွေထွေ ရှိပုံများကို စကားစပ်မိကြသည်။ ထိုအခါ ရွာစား စိန်ဗေဒါက ဘယ်နိုင်ငံက ဘာပစ္စည်းမျိုးကို မဆို သူ့ဆီယူခဲ့ပါ၊ ဤပစ္စည်းကား လေမှုတ်တူရိယာ၊ ဤပစ္စည်းကား လက်တီးတူရိယာ ဖြစ်သည် ဆိုသည်မျှကိုသာ သူ့ကို ပြောခဲ့ပါ။ သူ့လက်တွင် ထိုပစ္စည်း ၃လရလျှင် သူက ထိုပစ္စည်းနှင့် ပရိသတ်ထဲမှာ အလုပ် လုပ်ပြပါမည်။ သို့သော် သူ့ပတ်လုံး တလုံးကို သူက ပတ်စာတပ်၍ တီးပြမည်၊ တခြားလူ တဦးက သူ့အသံနှင့် တူအောင် ပတ်စာတပ်၍ တီးပြနိုင်သည် ဆိုလျှင် သူက ကျွန်ခံမည်ဟု ပြောဘူးပါလေသည်။

ထို့ပြင် ဆရာ စိန်ဗေဒါက ဆိုင်းတီးနေရင်း တန်းလန်း အသံပြောင်းလျှင်လည်း အလွန်ကို မြန်ဆန်စွာ အသံပြောင်းနိုင်သူ ဖြစ်ပါသည်။ ဤအဖြစ်ကို ဆိုင်းဆရာအချင်းချင်းက အံ့သြသဖြင့် တခါတရံ စိန်ဗေဒါ ဤသို့ ဘယ်လို လုပ်နိုင်သနည်းဟု လာပြီး ချောင်းကြည့်သူများလည်း ရှိလေသည်။ ဥပမာ ဆရာ စိန်ဗေဒါက ပတ်စာပိုး တီးနေရာမှ ငါးပေါက်သံသို့ ပြောင်းတီးလိုသည် ဆိုပါစို့၊ လက်ဖနောင့်နှင့် ပတ်လုံး၏ ပန်းကုံးကို ထောက်သွား၍ ဖြစ်စေ၊ တီးနေရင်း လက်ညှိုးနှင့် ပတ်စာအချို့ကို ကုတ်ယူခဲ့ခြင်းဖြင့် ဖြစ်စေ ချက်ချင်း ပတ်စာပိုးမှ ငါးပေါက်သံသို့ ရောက်အောင် ပြောင်းလိုက်နိုင်သူ ဖြစ်သည်။ ဆရာ့အပြုအမူမှာ အလွန်မြန်ဆန်သဖြင့် ဆရာ အသံ ဘယ့်နယ်လုပ်၍ ပြောင်းပါလိမ့်ဟု စောင့်ကြည့် ချောင်းကြည့်နေသူပင် မမြင် မသိလိုက်ရမီ အသံက ပြောင်းသွားပြီး ဖြစ်တတ်လေသည်။

ငါးပေါက်သံမှ ခြောက်ပေါက်သံသို့ ပြောင်းလိုသည် ဆိုလျှင်လည်း သူများ ဆိုင်းဆရာ ဆိုလျှင် ပတ်စာ ဖြည့်၍ ထည့်ကြရစမြဲ ဖြစ်ပါလျက် ဆရာက ပတ်စာ မဖြည့်ဘဲနှင့် တီးရင်း ပတ်စာကို လက်ဝါးနှင့်အုပ်၍ ချခဲ့ခြင်းဖြင့် ပတ်လုံးသည် ခြောက်ပေါက်သံသို့ အံကျ ပြောင်းသွားပါလေသည်။ ဤနည်းမျိုးဖြင့် ပြောင်းလိုက်ခြင်း ဖြစ်သော်လည်း ဆရာ့ပတ်သံသည် ဘယ်တော့မှ အသံအနေနှင့် တိမ်းယိမ်းမှု မရှိပေ။ အားလုံး အတိအကျ ကြေးတူရိယာ လေတူရိယာနှင့် ညှိ၍ အံကျရသည်။

အခြားဆိုင်းဆရာများ ဆိုပါလျှင် အသံပြောင်းကြတော့မည် ဆိုသည့်အခါ ပတ်စာကို ခွါတန် ခွါရသည်၊ ဖြည့်တန် ဖြည့်ရသည်၊ လက်နှင့် နှတ်ပြီး နိုက်ယူတန် ယူရသည်၊ လက်ရိုက်နှင့် ရိုက်တန် ရိုက်ရသည်၊ ဝိုင်းထဲမှ ဆရာ ပတ်စာပြောင်းနေခိုက်တွင် ဝိုင်းနောက်မှ လူများက ပရိသတ် အာရုံကို သူတို့ဆီဆွဲယူပြီး စကားတွေ ပြောပေးနေရခြင်းဖြင့် ဆိုင်းဆရာ ပတ်စာပြောင်းခွင့် ပြုနေကြရပါသည်။

ဆရာ ဦးဗေဒါက တျောတျာသပ်ပြီးလျှင် ပရိသတ်က စောင့်မနေရဘဲ ပြောင်-ဆိုပြီး ပတ်ဆန်း ဝင်လာသည်။ ဆိုင်းကိုလည်း အင်္ဂါပြည့်မှ တီးသည်၊ အချို့ ဆိုင်းဆရာများက ၁၈ လုံး တပ်ပီးရုံနှင့်လည်း တီး၊ ၁၉ လုံးနှင့်လည်း တီး၊ တီးသည်၊ ဆရာက ၂၁ လုံးစုံမှ တီးသည်။

ဆရာ ဦးဗေဒါသည် ပတ်လုံး ပတ်စာ၏ သဘောကို အလွန်နိုင်၍ အလေ့အကျင့် အလွန်ကြီးသည့် သဘော ရှိပါသည်။ ထို့ကြောင့်လည်း ဆရာ ဦးဗေဒါနှင့် လာ၍ ပြိုင်တီးကြသည့်ဆိုင်း ရှိသည်ဆိုလျှင် ထိုဆိုင်းမျိုး ဖျာအုပ်၍ ပြန်ကြရခြင်း ဖြစ်ပါလိမ့်မည်။ ဆရာ ဦးဗေဒါ၏ တသက်၌ မှတ်မှတ်ရရ ဆရာ ဦးဗေဒါကို ပြိုင်တီးသည့် ဆိုင်းမှာ ဦးဘခင်၏ ဆိုင်းတဆိုင်းသာ ရှိဘူးပါသည်။ ဦးဗေဒါကို ပြိုင်သော်လည်း ဦးဘခင်က မနိုင်ခဲ့ပါ၊ ဖျာအုပ် သွားရပါသည်။

## ဦးဗေဒါနှင့် စောင်း

ဆရာ ဦးဗေဒါကို ဆိုင်းဆရာဟူ၍ တနိုင်ငံလုံးက သိကြသည် မှန်သော်လည်း ဗမာတူရိယာ၌ ကြေး, ကြိုး, သားရေ, လေ, ဝါး ဟူ၍ တူရိယာ ၅ပါး ရှိသည့်အနက် ဆရာ ဦးဗေဒါသည် ၅ ပါးစလုံးကို နိုင်နိုင်နင်းနင်း တီးမှုတ်တတ်သူ ဖြစ်ပါသည်။ သို့ဖြစ်သည်၌ ဆရာ အနစ်သက်ဆုံး တူရိယာ မှာကား စောင်းဟု ဆိုရမည် ထင်ပါသည်။ ထို့ပြင် ဆရာသည် ဆိုင်းထက် စောင်းကို ပို၍များ တီးတတ်သလားဟုလည်း တွေးထင်ရပါသည်။

ဤကိစ္စကို ဆရာသာလျှင် အသိဆုံး ဖြစ်ပါလိမ့်မည်။ ဆရာ ဦးဗေဒါသည် ဆိုင်းကို ပရိယေသန အဖြစ်နှင့် တီး၍ စောင်းကိုမူ သူခုံမင် မြတ်နိုးသည့် တူရိယာအနေနှင့် တီးသည့် လက္ခဏာများ ရှိပါသည်။ ဆိုင်းကို ဆရာက ပွဲရှိသည့်အခါ တီးပြီးနောက် ပွဲနားနေလျှင် မတီးလေ့ပါ။ ပွဲနားနေသည့် ရက်တွေကြာမှ သို့မဟုတ် နေမကောင်း ထိုင်မသာ၍ ဆိုင်းနှင့်လက်နှင့် ဝေးနေမှ လက်ကွာမည် စိုး၍ အကျင့်မပျက်အောင် တီးပါသည်။ စောင်းကိုမူ ဆရာက နေ့စဉ်နှင့်အမျှ အမြဲတမ်း တီးနေလေ့ရှိပါသည်။ ဆရာ အိပ်ရာက ထလျှင် နိုးလျှင်နိုးချင်း သူ့အိပ်ရာဘေးတွင် သူအိပ်ခါနီးက အသာချထားသည့် စောင်းကလေးကို လက်နှင့် ခတ်ပြီးမှ အိပ်ရာက ထခဲ့သည်။ ဆရာသည် နေ့၏ အစကို စောင်း လက်နှင့်ခတ်ပြီး အစပြုခြင်းပေလော မဆိုနိုင်။

ဆရာ ဦးဗေဒါကို စောင်းဆရာကြီး ဒေဝဣန္ဒာ မောင်မောင်ကြီးက စောင်းသင်၍ ပေးသည့်အခါ "မောင့်စောင်းသံက ချိုဖို့တော့ မလွယ်လှဘူး၊ ဒါပေမယ့် အသက်ကြီးမှ သင်ပြတဲ့ တပည့်ထဲတော့ မောင်ဟာ ထူးချွန်တဲ့ လူပါပေဘဲ၊ စောင်းပညာကို ကကြီးမှ အ အထိ ကုန်စင်အောင် မောင် သင်ကြား အားထုတ်နိုင်ခြင်းကို ချီးမွမ်းရပေတယ်" ဟူ၍ ဝေဖန်သည်ဟု ကြားသိရပါသည်။

ဆရာမှာ လူက မဲမဲတုတ်တုတ် ကြီးကြီးခိုင်ခိုင် ဖြစ်သော်လည်း သူ့လက်များမှာ အနုပညာသည် တဦး၏ လက်အတိုင်း နု၍ ဥနေသည့် လက်မျိုး ဖြစ်ပါသည်။ သို့ရာတွင် ပတ်လုံးများကို အလွန်အားစိုက်၍ တီးရခြင်း ဖြစ်သဖြင့် ဆရာ့ လက်မ ၂ချောင်းက လွဲလျှင် လက် ၈ချောင်းစလုံးမှာ အသားမာတွေ တက်၍ နေပါသည်။ ဆိုင်းတီးရသည် ဆိုခြင်းမှာတော်ရုံသဖြင့်ပင်ပန်းခြင်းမျိုးမဟုတ်၊ အလွန်တီးနိုင်သည့် စိန်ဗေဒါပင်လျှင် တလလျှင် ပွဲအချီ ၂၀ထက်ပို၍ လက်မခံနိုင်၊ ပွဲဆက်တွေ သိပ်များသည့်အခါ လက်တွေကကွဲပြီး သွေးများ ယိုလာသည်အထိ တီးရသည်။ သွေးယိုလာလျှင် ပလပ်စတာ ပတ်တီးများ ထည့်ပြီး တီးရလေသည်။ ထို့ကြောင့် စောင်းတီး တော့မည်ဟုဆိုလျှင် ဆရာ့လက်ကို ပထမရေနွေးနှင့် စိမ်ရသည်၊ ရေနွေးတွင် အသားမာများ ပွလာပြီ ဆိုသည့်အခါမှ အသားမာတွေကို ဖယ်၍ စောင်းကို တီးပါသည်။

ဆရာသည် စောင်းကို တီးသည့်အခါ မျက်စိကို စုံမှိတ်၍ ခေါင်းက အထက်သို့ မော့ထားပြီး ပြုံးလျက် သူ့စောင်းသံကို သူ့နားက အပြည့်အဝ ခံစားရင်း တီးလေ့ရှိသူ ဖြစ်ရာ၊ ထိုအချိန်၌ သူ့အာရုံ အားလုံးသည် စောင်းထဲတွင် နစ်နေပြီး သူ့လက်သံကို သူအပတ် အရသာခံ တီးနေသည့် သဘောရှိသည်။

နားလည်သူတို့က ဆရာ စိန်ဗေဒါ၏ စောင်းလက်သံသည် အကွက်အလက်များ နိုက်နိုက်ချွတ်ချွတ် ရှိပါပေသည်ဟု ဝေဖန်သည်ဟု ဆိုသည်။ ဆရာ စိန်ဗေဒါ ရန်ကုန်သို့ ဓာတ်ပြား လာသွင်းသည့် အခေါက် တခေါက်တွင် ရန်ကုန် ဂီတသုတေသန အသင်းက ဆရာ့ကို ဖိတ်ပြီး စောင်းတီးပြပါဟု ဆိုသည်။ ဆရာနှင့်အတူ မြန်မာညွှန့် ဦးချစ်မောင်၊ စိန်ကျော်တင့်၊ စိန်လှမောင်၊ ဆရာသက်တင်၊ မောင်ကိုကြီးလေးနှင့် ဦးသွင်တို့ ပါကြ၍ ရန်ကုန်မှ စောင်း ဦးအောင်လှကြီး၊ စောင်း ဆရာညိမ်း၊ စောင်း ဦးဘသန်း၊ ပုဇွန်တောင် ကျင်းပြံမှ စောင်းဆရာ ဦးကျော်တို့ လာ၍ နားထောင်ကြသည်။

ထိုနေ့က ဆရာ စိန်ဗေဒါက ဘယ်သူမှ မတီးလေ့သည့် ညှင်းလုံးခေါ် သံရိုးနှင့် သံဆန်းတပုဒ်ကို တီးပြသည်။ ဆရာ တီးသည့် သံဆန်းမှာ စာရေးဆရာ ရွှေတိုင်ညွန့် ရေးသည့် သီချင်းများအနက် အကောင်းဆုံး ဣန္ဒြေအရဆုံးဟု ဆရာ အယူရှိသည့် ဗိမ္ဗိသာရ သီချင်းဖြစ်သည်။ စိန်လှမောင်က ဆို၍ ဆရာက တီးပြသည့်အခါ ဦးအောင်လှကြီးက "ကောင်းလိုက်တာ ကိုမောင်လေးရာ၊ တယ်ကောင်းတာကိုး" ဟု ပြောလေသည်။

ရွှေတိုင်ညွန့်၏ ဗိမ္ဗိသာရ သီချင်းကလည်း "သနားစရာ ဘုရားတကာကြီးရဲ့ အမည်" ဟူသော အစကလေးနှင့် ဗိမ္ဗိသာရ ဓားခွဲခန်းကို စပ်ဆိုထားခြင်း ဖြစ်၍၊ ရွှေတိုင်ညွန့်၏ သီချင်းတွင်ပါသော "ပတ္တမြားရောင်ဖြာတဲ့ စမုတ်ဆောင်ထဲ၊ ဓားတတောင်ထွာနဲ့ ဥသျှောင်တဲ၊ ဘုရားကျောင်းတကာကြီး တုပ်နှောင်လဲ" ဟူသော စာသား၊ "ဓားတလက်နဲ့ ခြေဆွဲ၊ ဆားတစက်စက် အရေချ၊ စကားတချက် နစ်ချက်တောင် မပီသ" ဟူသော စာသားများမှာ မန္တလေးမှ စာရေးဆရာ လက်ဖြူ ဦးဘိုးဒင်၏ အာပေါက်ကလေးများ ဖြစ်သဖြင့် တော်တော်ကောင်းသည့် သံဆန်းသီချင်းတပုဒ် ဖြစ်ပါသည်။ ထိုသီချင်းကို ဆရာ ဦးဗေဒါက ကြိုက်သဖြင့် ရွှေတိုင်ညွန့်ဆီက ကျကျနန တက်ယူထားခြင်း ဖြစ်သည်။

စောင်းတီးသူများက စောင်းနှင့် သံဆန်းတီးလျှင် ကလက်တက်တက် နိုင်သည်ဟုထင်၍ တကြောင်း၊ သံဆန်းကို ညှင်းလုံးနှင့်တီးလျှင် လက်ကွက် ကတ်ကတ်သတ်သတ်တွေပါသဖြင့် လက်ပေါက်ကတ်လှ၍ တကြောင်း၊ ဘယ်တော့မှ မတီးလေ့ပါ၊ ဗိမ္ဗိသာရ သီချင်းကို သံရိုးနှင့် တခြားသူများ တီးနိုင်မည်လည်း မထင်ပါ။ ဦးဗေဒါက ဤသံဆန်းကို တီးပြခြင်းမှာ တနည်းအားဖြင့် ရန်ကုန် ပညာသည်တွေ ရှေ့၌ စောင်းပညာနှင့် လက်ဝှေ့ရေးပြခြင်း တမျိုးလောဟု အတူပါသွားသူများက အောက်မေ့မိကြပါသည်။

< ပုံ ၇ - ဓာတ်ပုံ - ဆင်တို ဘိန်းနှင့် စိန်ဗေဒါ >

ထိုအချိန်တွင် ဆရာ စိန်ဗေဒါ လာနေသည် သတင်းကြားသဖြင့် တယောက်စကား တယောက်နား ကြားပြီး ဆရာတို့ တီးနေသည့် အိမ်ရှေ့၌ ဇရာမ ပရိသတ်ကြီး စုမိလာသည်။ ခနောင်တိုတို့၊ ဒလတို့၊ ဆိပ်ကြီးတို့က လူများပင် ပရိသတ်ထဲ ရှိနေသည်။ ၎င်းတို့မှာ စောင်းသံကို ကောင်းကောင်း မကြားရသဖြင့် အိမ်ရှေ့တွင် စီစီ,စီစီနှင့် ဖြစ်နေကြရာ အိမ့်ရှင်များက ပရိသတ်ကို ထွက်၍ တောင်းပန်ရသည်။ တောင်းပန်သည့်အခါ ပရိသတ်ကြီးက စောင်းသံ မကြားရလျှင် ရှိပါစေ စိန်ဗေဒါ လူမြင်ရလျှင် ကျေနပ်ပါပြီ ဆို၍ ဆရာ စိန်ဗေဒါမှာ အိမ်ရှေ့ထွက်၍ မတ်တတ် ရပ်ပြခဲ့ရသေးသည်။

ထိုနေ့က ဂီတကို နားလည်သည့် ရန်ကုန်မှ ပညာရှင်များက ဦးဗေဒါကို အလွန် ကျေနပ်ကြ၊ နစ်သက်အားရ ချီးကျူးကြသည်။

ဆရာ စိန်ဗေဒါသည် မနက် အိပ်ရာကထ၍ ဘုရားဝတ်ပြု ပြီးသည့်နောက် ကိုကိုးတခွက် သောက်ပြီးကတည်းက ဆိုပေးသူ တဦးနှင့် စောင်းတီးနေလိုက်သည်မှာ နေ့လည် ၂နာရီထိုး၍ ထမင်း အတင်းခူးကျွေးတော့မှ စောင်းကို ချတော့သည်။

ထမင်းစားပြီးလျှင် ဆရာက ရေချိုးသည်၊ ပြီးလျှင် ရွှေတိုက်ရုံ၌ ဗမာလက်ဝှေ့ရှိလျှင် လက်ဝှေ့ အလွန်ကြိုက်သည့်အတွက် လက်ဝှေ့ကြည့်သွားမည်၊ မဟုတ်လျှင် ဘော့လုံးပွဲကို သွားကြည့်မည်၊ ဘော့ပွဲက ပြန်လျှင် အိမ်မှာ ခဏနားပြီး စောင်းပြန်၍ တီးပြန်ရာ ည ၁၂ နာရီ ၁ ချက် တိုင်မှ စောင်းကိုချ၍ ညစာထမင်း ဖြစ်စေ၊ မုံ့ပဲ သရေစာကို ဖြစ်စေ စားလေတော့သည်။

ဆရာ ဦးဗေဒါသည် ရုပ်ရှင် မကြည့်တတ်၊ ဘောပွဲကိုကား အလွန်ကြိုက်သူ ဖြစ်သည်။ သူကိုယ်တိုင်လည်း ငယ်စဉ်က ဘော့လုံးကစားသည်။ ငယ်ငယ်က စိန်ပီတာကွင်းတွင် ဂိုးသမားလုပ်စဉ် ဂိုးဘားတန်း ပြုတ်ကျသောကြောင့်ဟု ဆို၍ ဦးဗေဒါ၏ နဖူး၌ အမာရွတ်တခုပင် ရှိလေသေးသည်။

ဆရာ စောင်းတီးနေသည့် အခါ ထမင်းမှန်း မသိ၊ ဟင်းမှန်း မသိ၊ ရှိတတ်လွန်း၍ ဒေါ်စိန်မေ၏ အဒေါ်လုပ်သူက တခါတရံတွင် စိတ်မရှည်နိုင်သဖြင့် "မောင်လေးရယ် မင့်ကျန်းမာရေးလဲ ဂရုစိုက်ပါအုံး၊ မင့်မှာ စိန်ဗေဒါကြီးအပြင် ပတ္တမြားဗေဒါကြီးလဲ ဖြစ်မလာတော့ပါဘူး" ဟူ၍ ပြောတတ်သည်။ ထိုအခါ ဦးဗေဒါက "အခုအခြေကို ကျွန်တော် ရောက်နေမှ ပရွတ်ဆိတ်ကိုက် မခံနိုင်ပါဘူး" ဟူ၍ ပြန်ပြောပါသည်။

အဒေါ် ဒေါ်သင်း၏ စကားမှာ "မင်း နာမည်ကြီးသည့် ဆိုင်းဆရာကြီး စိန်ဗေဒါ ဖြစ်နေပါပြီ၊ သိပ်ကြိုးစားပမ်းစား လုပ်နေလဲ ဒီထက်ပိုပြီး နာမည်ကြီးစရာ မရှိတော့ပါဘူး၊ ဒါလောက် ပင်ပန်းဆင်းရဲ ခံနေတာတော့ လွန်လွန်းပါတယ်" ဟူ၍ အပြစ်တင်ခြင်းပါ။ ဆရာ ဦးဗေဒါကလည်း "နာမည်ကြီးသည့် အနုပညာသည် တဦး၏ ဘဝ ရောက်အောင် ဤမျှ ဆည်းပူးလာပြီးမှ ဘာမဟုတ်သည့် ပညာရပ်ကလေး တခုကို မသိသဖြင့် ဘာကလေး မတီးတတ်၍ဟု ဆိုပြီး အရှက်ကွဲရလျှင် ဘာမှ ကောင်းတော့မည် မဟုတ်သဖြင့် နာမည်ကြီးလေ၊ ကြိုးစားရလေ၊ သင်ကြားရလေ ဖြစ်ပါသည်" ဟု ပြန်ပြောခြင်း ဖြစ်ပါသည်။ ဦးဗေဒါ ပညာလိုက်စားပုံမှာ အားကျဖို့ ကောင်းပါဘိသည်။

ဤကိစ္စနှင့် ပတ်သက်၍ ဆရာ ဦးဗေဒါက "မောင်လေးတုန်းကတော့ ကောင်းတယ်၊ ငယ်သေးတာကိုး၊ ဗေဒါ မောင်လေး ဆိုတော့လဲ ကောင်းတယ်၊ နင်လား ငါလား ရိုက်နက်တီးတာဘဲ၊ ပတ်လုံးပေါက်အောင် ချလိုက်တာဘဲ၊ တပဲ့လဲ ပတ်လုံးနဲ့ ထုချင်ထုတာ၊ ပညာနဲ့ ပတ်သက်ရင် ကြွေးမထားနိုင်ဘူး၊ နာမယ်က စိန်ဗေဒါ နေမျိုးဗလ ကျော်သူ ဆိုတော့ နာမည်က ကြီးလာပီ၊ ဆရာ ဒါကလေး တီးပါဆို လာလို့ မတီးတတ်ရင် အရှက်ကွဲမှာစိုးလို့ ကြိုးစားရတယ်။ ဆရာ ဖြစ်နေပြီး၊ ဆရာ ဒီသီချင်းကလေး ပေးစမ်းပါ ဆိုလို့ မပေးနိုင်ရင် အရှက်ကွဲမှာပေါ့" ဟု ပြောလေ့ ရှိပါသည်။

ဆရာ ဦးဗေဒါ၏ ခံယူချက်မှာ တကယ်လည်း မှန်ကန်ပါသည်။ အောင်မြင်သည့် အနုပညာသည်ကြီး တိုင်းသည် ပညာရယူမှုကို ရပ်နားသည် မရှိ၊ တသက်ပန်လုံး လုပ်ကြစမြဲ ဖြစ်ပါသည်။

ရွှေပြည်ဆရာ ဦးဘတင်က ဆရာ ဦးဗေဒါအား "သူ့ ဝိရိယမျိုး သူကြိုးစားပုံမျိုးဟာ နောက်ထပ် ၁၀ ဆလောက် နာမည်ကြီးထိုက်သေးတဲ့ လူကွ" ဟူ၍ ဝေဖန် ချီးမွမ်းဘူးပါသည်။

ဆရာရွှေပြည်က "စိန်ဗေဒါ ကောင်းတာဟာ အဟောင်းနိုင်လို့ အသစ်ထွင်နိုင်တာကွ" ဟူ၍လည်း ပြောပါသေးသည်။ ဟုတ်ပါလိမ့်မည်။ ဆရာနန်းတော်ရှေ့က အလွန် ကလက်တက်တက် ရှိသည့် သင်းကြန်သီချင်းတပုဒ် ရေးဘူးပါသည်။ သူ့ သီချင်းမှာ "တကိုယ်လုံးရွှဲ၊ တထည်လုံးရွှဲ၊ လဲစရာကုန်ပြီ၊ တုန်သည်ချမ်းသည်၊ အမေ့တိုင်မယ်၊ တိုင်ချီ တိုင်ချီ၊ အဖေ့တိုင်မယ်၊ တိုင်ချီ တိုင်ချီ၊ ညစ်လို့လဲ မရပေါင် အင်္ကျီထဲက ဂွိစိ ဂွိစိမြည်" ဟူ၍ ဖြစ်သည်။ ဤသီချင်းကို သင်းကြန် ကာလ၌ နောက်တောက်တောက် မိန်းမငယ် ယောကျ်ားငယ်များက ရေတစွတ်စွတ်နှင့် မေးခိုက်ခိုက်တုန်ရင်းက ခေါင်းလှုပ်လှုပ် လက်လှုပ်လှုပ်၊ ခါးလှုပ်လှုပ်နှင့် ထိုးထိုးထွန့်ထွန့် လုပ်၍ သီကြဆိုကြသည့် အခါ အလွန် မျက်နှာရှုံးသည့် သီချင်း၊ အလွန် ကလိန်းကလက် နိုင်လှသည့် သီချင်း ဖြစ်ပါလေမည်။ သို့သော် ဤသီချင်းကိုပင် ဆရာ ဦးဗေဒါက ဆိုသည့် တီးသည့်အခါ ထူးမခြားနား သီချင်းခန့်ကြီး ထဲက "ရောင်တော် - ရောင်တော် - ရောင်တော် ဖြိုးမြင့်၊ အံ့ရာသာလေ ဆင့်ကာ မြင့်ကာ"ဟူသည့် အပိုဒ်က သီချင်းခံ ဟန်မျိုးနှင့် အာတို့လျှာတို့ ထည့်ပြီး ဆိုစေသည်။

တီးတော့လည်း ထိုသီချင်းခန့်တွင် တီးသလို ဖက်တွဲ၍ တီးပေးသဖြင့် ဂွိစိဂွိစိ သီချင်းပင်လျှင် အင်မတန် ငြိမ့်ပြောင်း သာယာ၍ နေပါတော့သည်။ ဆရာ ဦးဗေဒါသည် သံဆန်းသီချင်းကို တီးမည် ဆိုသော်လည်း သူ့လက်သို့ ထိုသံဆန်း ရောက်သွားလျှင် သံရိုးဟူ၍ပင် ထင်ရအောင် တီးတတ်သည်။ သူက သံရိုးကို မပစ်ပယ်ဘဲ အကွက် ဆိုက်လေတိုင်း ဖက်၍ တွဲ၍တီးသည်။ ဇေယျာညွန့်ကို တီးလျှင် ဇေယျာရွှေမြေ တပိုဒ်စ နှစ်ပိုဒ်စ မပါဘဲ မနေ။ ထို့ပြင် သူ့အထားအသိုများကလည်း အလွန်ကောင်းသည်။ စင်စစ် ဆရာ ဦးဗေဒါမှာ သံရိုးများကို အပေါက်တတ် နိုင်နင်းသောကြောင့် လိုရာတွင်ကောက်ကာ ငင်ကာ တွဲဖက်၍ တီးနိုင်ခြင်း၊ လိုရာတွင် ပို၍ လှအောင်ပအောင် ကွန့်ညွှန့်ပေးနိုင်ခြင်း ဖြစ်ပါသည်။ စိန်ဗေဒါသည် ဗမာသံရိုးပညာကို ကုန်စင်အောင် တတ်သူဖြစ်သည်။

ဆရာဦးဗေဒါသည် စောင်း ကောင်းကောင်းကြီး တတ်သည့်အခါ ဆိုင်းကို နှင်လား ငါလားတီးခဲ့သည့် တီးပေါက်တွေကို လျှော့လာပြီး ဆိုင်းကိုလည်း စောင်းသံလို ငြိမ့်ငြိမ့်ပြောင်းပြောင်း သာသာယာယာ ထွက်အောင် တီးလာသည်။

ဆရာ ဦးဗေဒါသည် သီချင်းသစ်တက်ခြင်း မပတ်ဘဲ ရပြီး သီချင်းများကို တီးကွက်စမ်းရင်း စောင်းတီး နေသည့်အခါ နတ်ချင်းများကို အများဆုံး တီးတတ်ပါသည်။ နတ်ချင်းကို ဒုရကသံနှင့် တီးရာ၌ စောင်းပင် ဖြစ်လင့်ကစား ဆရာ့လက်သံမှာ နတ်ကန္တား ပေးရာ၌ တီးနေသည့် နတ်ဆိုင်းက အသံမျိုးထွက်လာအောင် တီးနေသည်ကိုလည်း ကြားရဘူးသည်။

ဆရာ့စောင်းသည် ပုလဲတီးဖို့ အခံ ခံ၍ ထားသည်ဆိုလျှင် ရုပ်သေးမင်းသမီး ဆရာပု ဆိုလေ့ရှိသည့် ပန်းမျှော့ရွှေဖီ ဘောလယ်ကို ဆရာက ကြိုက်သည်။ ဆရာပု၏ ပန်းမျှော့ရွှေဖီ ဘောလယ်မှာ....

" *ပန်းမျှော့ ရွှေဖီ ရွှေဖီ၊ စီးလေးလေးလှေ စီကာ ကုံးပါလို့၊ မယ့်ဆံထုံးမှာဖြင့်၊ ဘုန်းပန်မိရှယ်၊ ပေါ့ရှင့် အပူသယ်၊ အပူသယ်၊ မယ်ခင် - မယ်ခင် သူ့မှာလေး.... .... လေး လေး ရွှတွင်း သေလှ ဆတ်ဆတ်တုန်။*

*မြင်ရရုံရယ် ရွှေသဲငယ် ရွှေသဲတုန်ပေ့ါ (ကျော့လေးယဉ်မှူး) ၄ အိုတုန်ရွှေသဲမှာလေး - သဲဆတ်ဆတ်တုန်*"

ဟူ၍ဖြစ်ပါသည်။ သည်ဘောလယ်ကို ဆရာက ကြိုက်လှသည်။

အောက်ပြန်နှင့် ညှိထားလျှင် ခွာပြာသင်း ဆိုင်းတော်ဘွဲ့ ပတ်ပျိုးကို တီးသည်။ ဤပတ်ပျိုးတွင် တေးတွဲ့ကလေးတွေ ပါသည်ကို ဆရာက ကြိုက်သည်။ မြင်စိုင်းဆိုလျှင် တေးထပ်များနှင့် ဆယ်ဆယ်ရောင်ဒိန်းကို တီးတတ်သည်။

တခြား ဆရာ တီးလေ့တီးထ ရှိသည့် သီချင်းများမှာ ပတ်ပျိုးထဲမှ "ချစ်သမျှကို" ပတ်ပျိုးနှင့် ပုလဲပတ်ပျိုး "ညို့ညို့ဆိုင်းဆိုင်း" ကို ဆရာကကြိုက်သည်။ တလိုင်း ၁၂ ခန်းမှ "ညှင်းညှင်း ပဋ္ဌင်ရွှေတံမွှာ" မှာလည်း တီး၍ ကောင်းသဖြင့် ဆရာက ကြိုက်သည်။ ယိုးဒယားထဲမှ "ရွှေတညာ" ကိုလည်း ကြိုက်သည်။ ဆရာက သူကြိုက်သည့် သီချင်းကလေးများတွင် တီးရိုးတီးစဉ် အကွက်များအပြင် အခြား ဆရာကြီးများ တမင်ယက်၍ ထည့်ထားခဲ့သည့် ကျင်းကလေးတွေ ချိုင့်ကလေးတွေ ရှိလျှင်လည်း နှစ်နှစ်ခြိုက်ခြိုက် ထည့်၍ တီးလေ့ရှိသည်။ ဥပမာ 'ရွှေတညာ' ယိုးဒယားတွင် ဆိုပါစို့၊ ရုပ်သေးမင်းသမီးကြီး ဆရာပုတို့ ရုပ်သေးမင်းသမီးကြီး ဆရာမုန်းတို့က ရွှေတညာ မစမီ "အမေပု/မေမေမုန်း က စ,လိုက်ပါတဲ့ ရွှေတညာ၊ ဖျော်ဖြေ ဖျော်ဖြေ ဘွေကြော့၊ တော်လေ တော်လေ၊ မေငေ့ါ၊ ဖန်ရဝေချာဝယ်၊ မှန်မသွေပါတယ်၊ မြန်မြေချာမယ်၊ မှန်မသွေပါတယ်၊ သူတကာတို့နဲ့၊ မတူပါကိုဘဲ၊ ဆိုယောင် ငိုယောင်မှား....." ဟု ဆိုပြီးမှ ရွှေတညာကို စ,ဆိုသည်။ ဤသို့ အလုပ်ထဲတွင် ကျင်းယက်ပြီး အကွန့်ကလေးတွေ၊ အညွန့်ကလေးတွေ ထည့်သွင်းထားသည်များကို ဆရာ ဦးဗေဒါက သူ့ယောက္ခမ အရာတော် ဆရာဖေကလေးထံမှ ရယူထားပြီး ထည့်တီးသည်။ ဆရာသည် 'မြန်သပြေညာ' ဘုန်းတော်ဘွဲ့ ယိုးဒယားနှင့် 'တောင်ယံတောကြီး' ကိုလည်း အလွန်ကြိုက်သည်၊ သီချင်းခံ သံရိုး၌ 'ရဝေနန်း' ကိုလည်း အားကြီးကြိုက်သည်။ ဦးဗေဒါက သံရိုးထဲ၌ ဘွဲ့တီးကြစို့ ဆိုလျှင် 'ဥကင်ဘုံမြင့်' ဘွဲ့ကို အလွန်တီးသည်။ ဇေယျာအောင်ခြာကို ဆရာတီးသည့် အခါ သူ့အကွက်များက သူများနှင့်မတူ အလွန်ကောင်းသည်။

ဆရာ ဦးဗေဒါက သူ့စောင်းကို ဘယ်အသံနှင့် ညှိထားစေကာမူ သီချင်းဝင်၍ ဆိုသည့်သူက ဆိုချင်ရာ အသံနှင့် ဝင်၍ဆို၊ ထိုအသံကို လိုက်တီးနိုင်သူ၊ ကြိုး မပြောင်းရဘဲ ဖြစ်အောင် တီးပေးသွားနိုင်သူလည်း ဖြစ်ပါသည်။ ဆရာသည် ညှင်းလုံး အောက်ပြန် ပုလဲနှင့် ဒူရကသံများကို အလွန်ကျွမ်းကျင်သူ ဖြစ်သည်။

အချုပ်ကို ဆိုရလျှင် ဦးဗေဒါသည် ဆိုင်းထဲရှိ သူအမြဲတီးခတ်နေသည့် ပတ်လုံး ပတ်စာကို နိုင်နင်းကျွမ်းကျင်သလို စောင်းကိုလည်း နိုင်နင်းကျွမ်းကျင်သူ ဖြစ်သည်။

ဆရာ ဦးဗေဒါက "အရွယ်ရှိတုန်း မာတုန်းတော့ ဆိုင်းဘဲ တီးအုံးမှာဘဲကွ၊ အိုလာတဲ့ တနေ့တော့ စောင်းကလေး တီးစားလိုက်ရအုံးမှာပေါ့ကွာ"ဟူ၍ ပြောလေ့ ရှိပါသည်။

ဆရာ ဦးဗေဒါသည် သူ့ကို ဘယ်သူက ထမင်းကျွေးနေသည် ဆိုသည့် ထမင်း ကျွေးဖူးရှင်၏ ကျေးဇူးတရားကိုလည်း အမြဲသုံးသပ်လေ့ ရှိသူဖြစ်သည်။ ထမင်းစားကြစို့ဟု ဆို၍ ဆရာကြိုက်တတ် အမြဲတမ်းစားတတ်သည့် ကြက်သားဟင်းကလေးနှင့် ထမင်းပွဲပြင်၍ သူ့ရှေ့သို့ ထမင်းပွဲချလာပြီဟု ဆိုလျှင် ဆရာက လက်ဆေး၍ ထမင်းပန်းကန်ကို မနိုက်လိုက်သေးဘဲ ထမင်းပန်းကန်ပေါ်၌ လက်အုပ်ကလေး ချီလိုက်ပြီး တပည့်များရှိရာသို့ လှမ်းတဲ့၍-

" ကိုင်း ဘယ်လောက် ဟုတ်တုန်း ကွယ်တို့ - ကျေးဇူးရှင်များက ကျွေးလို့ စားရပေတယ်၊ ဆရာသမား မိဘ ဂုဏ်ကျေးဇူးနဲ့ ရတနာပုံ နေပြည်တော်က ကျွေးတဲ့ ထမင်းစားရတာ မြိန်လှပဲ့ကွာ၊ နောက်လဲ စားရဦးမှာဘဲဟ...." ဟု ပြောသည်။ ဤသို့ အမြဲတမ်း လက်အုပ်ချီပြီးမှ ထမင်းစ၍ စားပါသည်။

ဆရာ ဦးဗေဒါက မန္တလေးကိုလည်း အလွန် သံယောဇဉ်ကြီးသည်၊ တွယ်တာသည်။ "နေပြည်တော်ကတော့ ဗေဒါမှဘဲ" ဟူ၍လည်း ပြောတတ်လှသည်။

ဆရာ ဦးဗေဒါသည် သူ့ကို စုံမက်နှစ်သက်၍ ချီးမြှင့် မြှောက်စားလာလျှင် သူက မျက်နှာကြီးငယ် မလိုက်စကောင်း၊ ဘယ်သူ့ကို မဆို ကျေးဇူးတရား သိသင့်သည်။ ကတိသစ္စာကိုလည်း မဖျက်စကောင်းဟူ၍ အောက်မေ့ခံယူသူ ဖြစ်ပါသည်။

သူ့အိမ်သို့လာ၍ ဆိုင်းငှားသည် ဆိုပါစို့၊ ဆရာက ဆိုင်းငှားလာသူကို အလွန်ချိုသာစွာနှင့်-

"ထိုင်ပါခင်ဗျာ၊ ထိုင်ပါ၊ မောင်ကျော်တင့်ရေ၊ စိန်လှမောင်ရေ၊ လက်ဖက်ရည် သွားဝယ်ချေပါကွာ" ဟုဆို၍ ပျာပျာသလဲ ဧည့်ခံသည်။ ဆိုင်းငှားသူက ဘယ်နေ့ ဘယ်ရက်တွင် ဆိုင်းရလို၍ ငှားလာပါသည်ဟု ဆိုအံ့၊ ထိုဧည့်သည် ရလိုသည့် နေ့မှာ အခြားသူ တဦးဦးက ငှားရမ်းပြီး ဖြစ်နေသည်နှင့် ကြုံကြိုက်နေပါက ဆရာ ဦးဗေဒါက....

"ခင်ဗျားတို့ အတွက် ဝမ်းနဲတယ်ဗျာ၊ ကျွန်တော့် အားထားပီး လာရှာကြတာကိုး၊ မောင်သက်တင်တို့၊ မောင်ကျော်တင့်တို့ ငါ ဝမ်းနဲလိုက်တာ ကွယ် နော်၊ အခုလို ရက်တိုက်နေတော့ ကျွန်တော်ကဖြင့် မလိုက်နိုင်ပေဘူး၊ ကျွန်တော် မလိုက်နိုင်ပေမယ့် ကျွန်တော့်အတိုင်းပါဘဲ၊ ပြေအေးသော်ကို ငှားသွားပါ ခင်ဗျာ၊ အဲ... ပြေအေးသော်မှ မရရင် ဗန္ဓုလ ဘသာ ဆိုင်းကို ငှားပါ။ ဗန္ဓုလ ဘသာလဲ ကျွန်တော် ထိုင်တီးသလိုပါဘဲ"

"အဲဒီဆိုင်းတွေ ငှားရမယ်ဆိုရင် ဈေးများကော ဘယ်လောက် ပေးရပါသတုံး ခင်ဗျာ"

"ကျွန်တော့် အတိုင်းပါဘဲ၊ ကျွန်တော့်ကို ပေးသလိုဘဲ ပေးပါ၊ သူ့ဆိုင်းလဲ ညံ့တာ မဟုတ်ပါဘူး၊ ကောင်းပါတယ်၊ ခင်ဗျားတို့ကသာ ကျွန်တော့်နာမည် ကြားဘူးနေကြလို့ပါ" ဟူ၍ ပြောပြီး ဦးဗေဒါက သူနှင့် အတူတီးဖက် တခြားဆိုင်းများကို သူစားရသလို စားရပါစေ ဟူသော စေတနာဖြင့် ညွှန်ပြလေ့ရှိသည်။

တခါတရံတွင် ရက်ချင်းဆုံ၍ ပွဲတိုက်နေရာ၌ ဆရာလက်ခံထားပြီး အလှူမှာ အလှူငယ်ကလေး ဖြစ်၍ နောက်မှလာပြီး ငှားသည့် အလှူမှာ အလှူကြီး ငွေကုန်ကြေးကျ အလွန်အမင်းခံထားသည့် မျက်နှာကြီးများ၏ အလှူမျိုးဖြစ်သည် ဆိုပါစို့။ ထိုအခါမျိုး၌ နောက်မှ လာငှားသည့် မျက်နှာကြီးများက ဆရာ ဦးဗေဒါ တော်ရုံသဖြင့် တောင်းပန်လွှတ်သည်ကို လက်မခံတော့၊ သူတို့ကဖြင့် ဗေဒါကို မရလျှင် မပြန်ပြီဟု ဆို၍ ပထမ ငှားပြီး အလှူငယ်ကို အခြား ဆိုင်းတဆိုင်းလည်း ဆိုင်းစား ငှားပေးပါမည်၊ အလှူ့ရှင် ကြိုက်ရာ အငြိမ့်၊ ဇာတ်၊ ရုပ်သေးကိုလည်း အဆစ်ထည့် ငှားရမ်း ပေးပါမည်၊ သူတို့အလှူသို့ စိန်ဗေဒါ လိုက်တီးပေးပါ၊ ဆိုင်းချင်း လဲပေးပါဟု မရမက ငွေလုံးနှင့်ပေါက်၍ အနိုင်ကျင့်လာသည်မျိုးလည်း ကြုံရတတ်သည်။ ထိုအခါမျိုး၌ ဦးဗေဒါသည် နောက်မှလာသည့် မျက်နှာကြီး အလှူရှင်ကို အမျိုးမျိုး တောင်းပန်၍ အချော့၊ အမြှူ အချောက်များကို ခံလျက် ပထမငှားသည့် မျက်နှာမဲ့ အလှူကလေးတွင်သာလျှင် တီးဖြစ်အောင် လိုက်တီးလေသည်။ တီးရုံသာ မကသေး၊ ထိုအလှူကလေး လေမိုးမှ အစ အခြား အနှောင့်အရှက် များပါ ကင်းလွတ်ပါစေကြောင်း သူ့အိမ်၌ မိုးတား ကန်တော့ပွဲကလေးများ ထိုး၍ မိုးတားပြီး ပုတီးစိပ်သည့် အကြောင်းများကို သွားပြောတတ်သည်။ သူ့စိတ်ထဲတွင် ထိုဆင်းရဲသား အလှူကလေးကား အနှောင့်အရှက်တွေ ရှိနေပြီဟု ယုံမှတ်လာသဖြင့် ထိုအလှူကလေး အောင်မြင် ထမြောက်စေကြောင်းအတွက် သူ့တွင်လည်း တာဝန်ရှိသည်ဟု ထင်ရှာပြီး ဤသို့ဝင်၍ တာဝန်ယူသူ ဖြစ်လေသည်။

## မိကျောင်း

ဆရာ ဦးဗေဒါ၏ မိခင် ဒေါ်မမလေးမှာ မိကျောင်းတီး ကောင်းလှသည်ဟု သိရပါသည်။ ဆရာ့အစ်မ မမသီကလည်း မိကျောင်းတီး ကောင်းသည်။ ထို့ကြောင့် ဆရာ ဦးဗေဒါက အမေနှင့် အစ်မထံမှ မိကျောင်းတီးပညာ ရခဲ့သည်။ သည့်နောက် ဆရာကြီး ဒေဝအိန္ဒာထံတွင် မိကျောင်းတီး ဆက်၍ သင်ပြန်သည်။ ဒေဝအိန္ဒာ မောင်မောင်ကြီးမှာ စောင်းမတီးမီက မိကျောင်းကို တီးခဲ့သူဖြစ်၍ ဆရာဦးဗေဒါကို မိကျောင်းတီး ကောင်းကောင်း သင်ပေးသည်။

မိကျောင်းဆိုသော ဗမာတူရိယာမှာ ကြိုးက ၃ ချောင်းသာ ရှိသည်။ သို့သော် နိပ်ရသည့် အကွက်က ၁၁ ကွက်ရှိသဖြင့် ကျင်လည်စွာ တီးနိုင်လျှင် အလွန် သာယာနာပျော်ဖွယ်သော အသံထွက်ရှိသည့် တူရိယာပစ္စည်း တခု ဖြစ်ပါသည်။ ဆရာ ဦးဗေဒါသည် သူ့ထံ စောင်းသင်သည့် တပည့်များအား စောင်းတီးပုံကို ပြပေးပြီး အတီးခိုင်းသည်။ တပည့်က စောင်းတီးသည့် အခါ သူက မိကျောင်းနှင့် စောင်းကို လိုက်ထိန်းပေးပြီး တီးတတ်သည်။ ဆရာ့ မိကျောင်းသံမှာ ထိုအခါ၌ အလွန် သာယာနာပျော်ဖွယ် ရှိပါသည်။ မိခင်နှင့် အစ်မ မြတ်နိုးသည့် တူရိယာဖြစ်၍ ဆရာက မိကျောင်းကို သူအိပ်သည့် ခေါင်းရင်းအမြင့်တွင် အမြဲတင်ထားသည်။

## ဦးဗေဒါနှင့် နဲ

ဆရာ ဦးဗေဒါတို့ မျိုးရိုးမှာ သဘင်မျိုးရိုး ဖြစ်သည်ဟု ဆိုခဲ့ပြီ။ ဦးဗေဒါ၏ အဖေ ဆိုင်းတော်တီး ဆရာဖေ၏ ညီအရင်းမှာ နန်းတွင်းဆိုင်းတော်မှ နဲသမား ဆရာဆယ် ဖြစ်သည်။ ထို့ကြောင့် ဦးဗေဒါသည် နဲမှုတ်ကို ဘဒွေးဆယ်ထံမှ ကျကျနန သင်ယူဘူး၍ နဲကြီး နဲကလေးများကို ပညာကုန် သင်ခဲ့ဘူးသည်။ သင်၍ တတ်ပြီးသည့်နောက် နိုင်နိုင်နင်းနင်း ကျွမ်းကျွမ်းကျင်ကျင်လည်း မှုတ်နိုင်ပါသည်။

ဆရာ ဓာတ်ပြားသွင်းသည့် မင်္ဂလာဖြောညွန့် တီးလုံးဓာတ်ပြားထဲ၌ နဲစမ်းသံတခုပါသည်။ ထိုနဲမှာ ဆရာ ဦးဗေဒါ ကိုယ်တိုင်မှုတ်ပြီး သူ့နဲဆရာကို သင်ပေးထားသည့် နဲစမ်းသံ ဖြစ်သည်ဟု သိရပါသည်။ ဆရာ ဦးဗေဒါသည် မြန်မာညွန့် ဦးချစ်မောင်ကိုလည်း သူကိုယ်တိုင် နဲသင်ပေးသည်။

## ဦးဗေဒါနှင့် ပတ္တလား

ဆရာ ဦးဗေဒါနှင့် အဆိုကျော် ဒေါ်စောမြအေးကြည် တို့မှာ တယောက်သတင်း တယောက်ကြားသိ နေကြသော်လည်း လူချင်းဆုံမိသည်ဟု တခါမှ မရှိဘူးသေးသည့် တချိန်ဝယ် ဒေါ်စောမြအေးကြည် သီပေါမှ မန္တလေးသို့ ဆင်းလာသည်ဟု သတင်းကြားရသည်။ ထိုသတင်းရပြီး ရက် အတန်ကြာသည့် အခါ ဂီတနယ်ပယ်မှ လူတဦးက ဒေါ်စောမြအေးကြည် ရောက်နေခိုက် ဂီတနယ်ပယ်မှ လူတွေစုံအောင်လာ၍ တွေ့ကြသော်လည်း ဦးဗေဒါ တယောက်မှာ မတွေ့လာ။ ဦးဗေဒါသည် ဒေါ်စောမြအေးကြည်ကို တမင်မတွေ့ချင်၍ ရှောင်နေသလို ရှိသည်ဟု ပြောသံကြားခဲ့ကြောင်းနှင့် ဆရာ ဦးဗေဒါကို ထိုလူကလာ၍ ပြောသည်။ ထိုအခါ ဦးဗေဒါက မိမိမှာ မအား၍ မတွေ့ရဘဲ ဖြစ်နေသည်ကို ယခုလို ထင်ကြသည် ဆိုလျှင် တမင်သွား၍ တွေ့ပါချေမည်ဟု ပြောပြီး ဘီလစ် ဦးထင်၏ အိမ်၌ ဒေါ်စောမြအေးကြည်နှင့် သွား၍ ဆုံတွေ့သည်။ ဦးဗေဒါနှင့် ဒေါ်စောမြအေးကြည်တို့ ထိုစဉ်က ဆုံတွေ့ခြင်းမှာ မိတ်ဆက်အဖြစ်နှင့် ဆုံတွေ့မှုမျိုးဟုကား ပြော၍ ဖြစ်အံ့ မထင်ပါ။ သူတို့နှစ်ဦး၏ တွေ့ဆုံမှုသည် တယောက်ကလည်း အဆိုတွင် ကျော်လှသည်၊ စည်းနိုင်လှသည်ဟု ကျော်သူ၊ တယောက်ကလည်း အတီးတွင် နိုင်လှသည်ဟု ကျော်သူ၊ နှစ်ယောက်စလုံး အရိုးအရွက် ပြည့်သူများဟူ၍ကျော်သူ နှစ်ဦးတို့ တွေ့ကြ ရင်ဆိုင်ကြ၊ ပညာချင်း ပြိုင်ကြ၊ တောက်စား ပြကြသည့် သဘောမျိုးတွေ ရှိပါသည်။ သို့သော် ထိုတွေ့ဆုံပွဲ အပြီးတွင်ကား တဦးနှင့် တဦး နားလည်မှု အပြည့်အဝ ရသွားသည်။ သူ့ အတိမ်အနက် ငါ့ အတိမ်အနက်ကို ကောင်းစွာ ထောက်မိလိုက်ပြီ ဖြစ်ကြ၍ လေးစားသမှု ရှိသွားကြ၊ သိနားလည်မှု ရှိသွားကြသည့် ဆုံတွေ့မှုမျိုး ဖြစ်ပါသည်။

ဘိလစ် ဦးထင် အိမ်၌ ဆရာ ဦးဗေဒါက တီး၍ ဒေါ်စောမြအေးကြည်ကို ဆိုစေမည်ဟု ပြင်သည့်အခါ ဆရာ ဦးဗေဒါက အနီးတွင် ရှိကြသည့် ဆိုင်းဆရာ ဆရာဘကြီးနှင့် ဆရာဘကလေးတို့ ဖက်သို့ လှည့်၍ "ခင်ဗျားတို့ သမားဂုဏ်ပြ တီးချင်ကြသေးရင်လဲ ခုကတဲက တီးကြဗျ၊ ကျွန်တော် တီးနေတုန်းတော့ သံပတ္တယားနဲ့ ဝင်မရှုပ်နဲ့" ဟု ပြောပြီး ဝါးပတ္တယား လက်ကိုင်ကို စ၍ ကိုင်ပါလေသည်။ ဆရာဘကြီး၊ ဆရာဘကလေးတို့က "မောင်သာတီးပါ မောင်ရာ"ဟု ပြောပြီး ဆရာ ဦးဗေဒါကိုချည်း သီးသီးသန့်သန့် တီးချင်သလောက် တီးရော့ဟု နားထောင်သမားဖက်မှ နေလိုက်ကြသည်။

ဒေါ်စောမြအေးကြည် ခြေဆင်းကို စ၍ ဆိုချိန်မှာ စနေနေ့ မနက် ၉ နာရီ ၁၀ မိနစ်တွင် ဖြစ်၍ ဆရာ ဦးဗေဒါနှင့် ဒေါ်စောမြအေးကြည်တို့ အတီးအဆို ပြီးကြသည့် အချိန်မှာ တနင်္ဂနွေမနက် ၅ နာရီခွဲ အချိန် ဖြစ်ပါသည်။ ပြီးသွားသည့် အခါ ဒေါ်စောမြအေးကြည်က "ဆရာရယ် ဒီတခါ ဆိုလိုက်ရတာတော့ အားရလိုက်တာ မပြောပါနဲ့တော့၊ ၁၀ နှစ်စာလောက်ကို ဖူလုံသွားတာပါဘဲ" ဟူ၍ ကျေကျေနပ်နပ်ကြီး ပြောလေသည်။ ထိုအချိန်က စ၍ ဒေါ်စောမြအေးကြည်က ဦးဗေဒါကို မလေးမစား မလုပ်ဘဲ "တကယ် တတ်ကျွမ်းသူ ဖြစ်သည်" ဟူ၍ အလေးပြု အမွှမ်းတင်သွားသည်ဟု ကြားဘူးပါသည်။

ဦးဗေဒါတို့နှစ်ယောက် တီးကြချိန်၌ မဟာဂီတ အသင်း တသင်းလုံး နားထောင်လျက် ရှိကြသည်။ ဒေါ်စောမြအေးကြည်မှာ အသံ ၇ ပါးကို အဟုတ်နိုင်သူ ဖြစ်သည့်အလျောက် အတီးသမားဝင်၍ မဖြစ်အောင် သတ်ဆိုသည့် အဆိုတွေကို အများကြီးဆို၍ သွားလေသည်။

ထိုအချိန်က ဆရာဘကြီး၊ ဘိလစ် ဦးထင်၊ ဦးစံဝင်း စသည့် မဟာဂီတ အသင်းတသင်းလုံးက အနီးတွင် နားထောင်လျက် ရှိကြသည်ဖြစ်ရာ ဒေါ်စောမြအေးကြည်နှင့် စိန်ဗေဒါ ဘာတွေဆို၍ ဘာတွေ တီးနေကြပါလိမ့်ဟု တွေးဖွယ်ရာပင် ဖြစ်ပါသည်။

ဦးဗေဒါ ကလည်း ပတ္တယားနှင့် သူဆိုသမျှကို သူစိတ်တိုင်း ကျလောက်အောင် လိုက်၍ တီးပေးသည်။ ဒေါ်စောမြအေးကြည်၏ အဆိုများသည် လေ့တော်သံလည်း ပါသည်၊ အိုးစည် သီချင်းလည်း ပါသည်၊ ဒိုးပတ်သံလည်း ပါသည်။ သီချင်းကြီး၊ သီချင်းခံ၊ ပတ်ပျိုး၊ ကြိုး၊ ယိုးဒယားများထဲကလည်း ခက်ရာ ခက်ဆစ် သူကြိုက်ရာက နှိုက်ပြီး သီဆိုသည်။ ဆိုချင်ရာကို ဆို၊ ဆရာဦးဗေဒါက လိုက်တီးသည်။ လေ့တော်သံ ဆိုလျှင်လည်း ပတ္တယားသံနှင့် လေ့တော်သံကို ထူးထူးခြားခြား ဖြစ်အောင် တီးသည်။ အိုးစည်သီချင်း ဆိုလျှင်လည်း ပတ္တယား တခုတည်းနှင့် အိုးစည်ဝိုင်းက တီးနေသံများဟု ထင်ရလောက်အောင် ဝါးပတ္တယားကိုပင်လျှင် အိုးစည်သံ ပေါက်အောင် တီးသည်။ ဒိုးဆိုလျှင် အောင်ပင်လယ် ဒိုးပတ်ဝိုင်းသံလို လယ်ကွင်းထဲက လာသည့် ဒိုးသံမျိုး ထွက်အောင် တီးပါလေသည်။

ဒေါ်စောမြအေးကြည်က "မလာဘူးရယ်လို့ လ,ကူးအောင် မောင်နေ" ဟူ၍ လွမ်းခြင်းသို့ ရုတ်ခြည်း ကူးပစ်လိုက်သည့် အခါ ဆရာဦးဗေဒါက အများသိသည့် အဖြတ်မျိုးနှင့် ဖြတ်မပေးဘဲ ပညာသဘောနှင့် ဝှက်ဖြတ်ပြီး တီးပေးလိုက်သည်။ ဆရာက ထိုအဖြတ်မျိုး အကြိမ်ကြိမ် လုပ်ပေးလိုက်သည့် အခါ ဒေါ်စောမြအေးကြည်မှာ ဝင်၍ မဆိုတတ်အောင်ပင် အခါခါ ဖြစ်ရသေးသည်။

ဒေါ်စောမြအေးကြည်က သီချင်းကို တကျော့ဆိုသည်။ စိန်ဗေဒါက လိုက်တီးပေးသည်။ ဒေါ်စောမြအေးကြည်က ၂ကျော့ တွန့်၍ ဆိုသည်။ စိန်ဗေဒါက ၂ကျော့ တွန့်တီးပေးသည်။ တီးရုံသာမက လိုက်တီးသည့် အတီးသမား အဖြစ်မှ ခုန်ကာ ဆရာက သီချင်းကို ၃ကျော့ တွန့်၍ ကြိုတီးသည့်အခါ ဒေါ်စောမြအေးကြည်သည် သီချင်းကို သုံးကျော့ ဆိုလိုက်ရပြီး တွန့်ဆိုခြင်းမျိုး နောက်ထပ် မလုပ်ဝံ့အောင် ဖြစ်သွားလေသည်။ ဆရာ ဦးဗေဒါသည် ဒေါ်စောမြအေးကြည်က အဆိုနှင့် ညှဉ်းလိုက်မဟဲ့၊ အဆိုနှင့် အတီးသမားကို သတ်လိုက်မဟဲ့ ဟူ၍ မောင်းတင်လာခဲ့သည့် အကွက်တွေကို အသတ်မခံရ စေသည်သာမက ဆိုသူ မမြော်လင့်ဝံ့သော တီးပေါက်တွေပင် ထည့်၍ လုပ်သွားသေးသည်များကိုလည်း အများကြီး ကြားလိုက်ရပါသည်။

ဒေါ်စောမြအေးကြည်က ရွှေတညာ ယိုးဒယားထဲမှ "ကျူးတသုန် ပဖ္ဖုန်ဆော်နှိုး မိုးအမိုးမိုး၊ မာန်အမာန်မာန်၊ တိမ်ယံကွန့်မြူး" အပိုဒ်ကို "ရုစ်ခွင်ကသာ မုန်တိုင်းဆင်၊ လွမ်းစေ၊ ကျွမ်းကြွေမည့်သွင်၊ ဆိုရင်လဲသာ၊ တန်ဘဲကို၊ မိုးမာန်ဂုဏ် ငြိုးဟန်သုန် ပဖ္ဖုန်ကသာ ဆော်သွန်းမြူး"ဟူသော အပိုဒ်အထိ ကောက်ဆိုသည်။ ဤအဆိုကို ဆရာ ဦးဗေဒါက ပတ္တယား အရွက်တွင် မတီးဘဲ လက်ခတ်နှင့် ပတ္တယားအိမ်ကို ခေါက်တီးပေးသည်။ နားထောင်နေကြသူများ အားလုံး အံ့အားသင့်ပြီး မျက်လုံးပြူးနေကြရသည်။ ဦးဗေဒါက ပရိသတ် ချောက်ချားသွားအောင် ဟိုနှယ် သည့်နှယ်လုပ်၍ ဖမ်းစားတတ်ပုံများမှာ လက်ဖျား ခါလောက်ပါပေသည်။

ထိုစဉ်က နားထောင်ရာတွင် ပါသည့် တယော ဆရာတင်မှာ နားထောင်ရသည်များကို ကျေနပ်လွန်းသဖြင့် မကြာခဏ ထ၍ ထ၍ ဘုန်းကြီးထမ်း ယပ်ကြီးမျိုးနှင့် အားလုံးအေးအောင် ယပ်ခပ် ပေးလေသည်။ ထိုညက ပတ္တယားကို အဖိအနှိပ်တွေ ပြုလွန်းသဖြင့် ပတ္တယားကြိုးပင် ပြတ်ထွက်သွားသည်။ ကြိုးပြတ်သည်ကို ဆက်လျှင် ကြာမည်စိုး၍ တယောက်က လက်နှင့် ကိုင်ပေးစေပြီး တီးလေသည်။

ထိုညတွင် ဆုံစည်းမိကြ သူတို့က စိန်ဗေဒါ နှင့် ဒေါ်စောမြအေးကြည်တို့ မတွေ့တော့ မတွေ့ မတွေ့နှင့် တွေ့မည့်တွေ့တော့ မမေ့အောင် တွေ့လိုက်ကြခြင်း ဖြစ်သည်ဟု ပြောကြပါသည်။

သူတို့နှစ်ဦးသည် ဤတချီ တွေ့ပြီး နောက်လည်း တွေ့ကြတော့ဟန် မရှိပါ။

စိန်ဗေဒါသည် ပတ္တလားကို ၇ လုံးတည်းနှင့် တီးဖြစ်အောင် တီးသည်နှင့်လည်း ကြုံရဘူးသည်။ အရေးပိုင် ဦးစိန်ရှိုး သမက် အရေးပိုင် ဦးတင်ဦး အိမ်တွင် မဟာဂီတ အသင်းသားတွေ တီးကြမှုတ်ကြသည်။ တခါသော် တီးနေရင်း ပတ္တလားကြိုး ပြတ်သွားသည်၊ ပြတ်သွားသည့် အခါ ဦးဗေဒါက လှမောင် လာပေ့ဆိုပြီး တဖက်ကဆွဲစမ်းဟု ခိုင်းရင်း ပတ္တလား ၂၅လုံး ရှိသည့်အနက် ညာဖက်မှ ၇လုံးတည်းနှင့် ရအောင် တီးသွားသဖြင့် ပွဲမပျက် ဆက်၍ အလုပ်ဖြစ်သွားလေသည်။ ဦးဗေဒါ ဤသို့ လုပ်လိုက်သည်ကို မသိသူများက ဘာမှမဖြစ်သော်လည်း သိသူများအဖို့ကား မျက်လုံးပြူးကုန်ကြပြီး ဦးဗေဒါ ဘယ့်နယ် လုပ်တာပါလိမ့် ဟူ၍ အံ့သြကုန်ကြရသည်။

ရှေ့နေကြီး (စောင်းသမား) ဦးခင်မောင်ဒွေးကမူ ပတ္တလားကို သူများ တီးထသွားပြီး ဦးဗေဒါ တီးတော့မည်ဟု ပတ္တလားအနီး လာရပ်လျှင် ပတ္တလားကလေးမှာ နေရင်းထိုင်ရင်း ကြုံ့ပြီး ငယ်သွားသည်ဟူ၍ ထင်လိုက်ရသည်ဟု ပြောလေ့ရှိသည်။

ဦးခင်မောင်ဒွေးက ဦးဗေဒါ၏ ပညာအဟန့်ကြီးပုံကို ဤသို့တင်စား ပြောဆို၍ နန်းတော်တောင် ဆရာခင်ကမူ သူ့ကိုယ်တွေ့ တခုနှင့် ဦးဗေဒါ၏ ပညာအဟန့်ကို ဤသို့ ဖော်ထုတ်သည်။

စစ်မဖြစ်မီက မန္တလေးတွင် ရုံပိုင် ဦးစံဝင်းတို့၊ ဘိလစ် ဦးထင်တို့ ဖွဲ့ထားသည့် မဟာဂီတ တက္ကသိုလ်သည် အားလပ်သည့်နေ့တိုင်း ပညာသည်တွေ စုဝေး၍ တီးကြဆိုကြလေ့ ရှိသည်၊ စုဝေးရာ နေရာမှာ ဦးဗေဒါ၏ အိမ်မှ လှမ်းကြားနိုင်သော တရုတ်တန်းပေါ်မှ ဘိလစ် ဦးထင်အိမ် ဖြစ်သည်။

ထိုအိမ်တွင် ပတ္တလားကို ရုံပိုင်ကြီး ဦးစံဝင်း ဖြစ်စေ၊ ဆိုင်းဆရာ ဆရာဘကြီးက ဖြစ်စေ တီးမည်၊ စောင်းကို ဦးထင်က တီးမည်၊ ဘာဂျာကို ဆရာတာက ဆွဲမည်၊ သံပတ္တလားကို ဦးလေးမောင်ခေါ် စန္ဒယားဆရာမောင်က တီးမည်၊ အဆိုကို ဦးထွန်းအိုင် (ရုပ်သေးမင်းသမီး)၊ လှကလေးစိန်(ဂီတမယ်) တို့က ဆိုမည်၊ စိန်ဗေဒါကား နောက်ကျမှ လာလေ့ရှိသည်။ ဤသို့ ဝိုင်းဖွဲ့၍ တီးဆိုနေကြခိုက် အိမ်တံခါးဆီမှ ကျီကနဲ အသံကြား၍ ဝိုင်းက လှမ်းကြည့်လိုက်ကြလျှင် အခန်းထဲဝင်မည်ဟု ဖိနပ်ချွတ်ရင်း မဝင်လာသေးဘဲ ခေါင်းကဲကြည့်သည့် စိန်ဗေဒါကို အတီးအဆို အဖွဲ့က မြင်လိုက်သည် ဆိုပါစို့၊ တီးဆိုနေသော ဝိုင်းမှာ အလိုလို အရှိန် ပျက်သွားလေတော့သည်။ ဤအဖြစ်မှာ တခါလည်း မဟုတ် နှစ်ခါလည်း မဟုတ်၊ နောက်ကျမှ လာသည့် ဦးဗေဒါကို မြင်လိုက်တိုင်း ဤသို့ ဖြစ်ရသည်။

ဦးဗေဒါသည် ဦးထင်အိမ်မှ တီးသံမှုတ်သံများကို နားထောင်နေပြီး ၂နာရီ ၃နာရီကြာမှ လာလေ့ရှိသည်။ သူ့နောက်မှ စိန်လှမောင်က ဦးဗေဒါ၏ စောင်းကြီးကို ပခုံးချိတ်ပြီး လိုက်လာသည်။ ဤတွင် အခန်းတွင်း ဝင်တော့မည့် ဦးဗေဒါကို ဦးထင်က "ကိုဗေဒါ - လာ - လာ - နောက်ကျတယ်ကိုး"

ဦးဗေဒါ "မင်း - မင်း - ပွဲလက်သင့် ခံနေလို့ ပွဲငှား လာနေလို့ပါ။ ကဲ လှမောင် စောင်းလေး ဟိုဒေါင့် ထားကွာ၊ (သူ တီးနေကျ နေရာကိုပြပြီး အထားခိုင်းလိုက်သည်) တီးမှုတ် နေကြသူများက သူတို့ လက်စကို အပြီးသတ် ကြသည်။ ပြီးလျှင် ဆရာတာက "ကိုင်း ကျုပ်တို့ ပီးပီ၊ ခင်ဗျားအလှည့် လိုတော့တယ်၊ ကိုမောင်လေးနဲ့ တလှည့်ကြားရအောင် ဦးထွန်းအိုင် ဆိုဗျာ၊ ရှေ့ထွက်တွေ ပေ့ါလေ၊ ရှေ့ထွက်တွေ ပီးကုန်ပါပြီ၊ အခုဟာ ခေါင်းဆောင် ထွက်ချိန်ပေ့ါ"

ဗေဒါ "ကိုကြီးတာရယ် တီးချင်လို့လာတာဘဲ တီးရမှာပေ့ါ"

တာ "ဘာတီးမှာတုံး"

ဗေဒါ "ပတ္တယား တီးမှာပေ့ါ" ဟု ပြော၍ ဦးဗေဒါက ပတ္တယားတွင် ဝင်ထိုင်ပြီး စမ်းသည်။ ပတ္တယား စမ်းသံမျှကိုပင် ရှိသည့် ပရိသတ်မှာ လှုပ်လှုပ်ရွရွ ဖြစ်ရသည်။ ရုပ်သေးဆရာ ဦးထွန်းအိုင်က ဇမ္ဗူကျွန်းလုံးကို စ၍ ဆိုသည့်အခါ ဆိုသည်။ ဦးဗေဒါ တီးနေသည့် ၂နာရီလောက် အတွင်း၌ ဘေးပရိသတ်က အလိုလို ရွှင်ပျော်ပြီး မြူးနေကြရသည်။

ဦးဗေဒါ ဝါးပတ္တယား တီးချိန်၌ ရုပ်သေးမင်းသမီး ဦးထွန်းအိုင်က ဆိုပေး၍ ဘာဂျာဆရာ ဆရာတာက ဘာဂျာနှင့် တီးပေးသည်။ တခြားလူ ဘယ်သူမှ မပါကြ။ ဤသို့ မပါခြင်းမှာ တခြားလူများက စိန်ဗေဒါ စိတ်ရှိလက်ရှိ တီးချင်သလောက် တီးစမ်းပါစေဟု ခွင့်ပြုပြီး နားထောင်သူ အဖြစ်နှင့်သာ နေလို၍ တကြောင်း၊ စိန်ဗေဒါကလည်း သူ့ဖာသာ ပေါ်ပေါ်လွင်လွင်နှင့် သူလိုချင်သလို တီးချင်၊ တခြားလူများကို ငဲ့မနေချင်သောကြောင့် တကြောင်း ဖြစ်သည်။ ဆရာတာကမူ ကိုဗေဒါ လုပ်ချင်ရာ လုပ်၊ လိုက်နိုင်သူ ဖြစ်လေသည်။ ဆရာတာသည် ဘာဂျာတွင် ခလုပ် ၁၀ လုံး ရှိသည့်အနက် ၁လုံးသာ အသံကိုက်သည် ဆိုဦးတော့ သူက ရအောင် တီးနိုင်သူ ဖြစ်လေသည်။ ဤဆရာတာမှာ မြဝတီမင်းကြီး၏ တပည့်များ ဖြစ်ကြသော အဆို အမေချိုတို့ စောင်း ဦးဖူးခေါင်တို့နှင့် တီးလာသူဖြစ်ပြီး ဆရာညွှန့်နှင့်လည်း အများကြီး တီးသူဖြစ်သည်။ မန္တလေးတွင် သင်တပည့် အများဆုံး ပုဂ္ဂိုလ်လည်း ဖြစ်သည်။ သို့သော် ဆရာတာက အိမ်ဝင်းအတွင်းမှ အိမ်အပြင်သို့ သိပ်ထွက်သူ မဟုတ်၊ လမ်းလျှောက်လျှင်သော်မှ သူ့ဝင်းထဲတွင်သူ လမ်းလျှောက်သူ ဖြစ်သည်။ ထို့ကြောင့် စိန်ဗေဒါက အတူတီးနေရင်း ဆရာတာကို ခနဲ့လိုသည့်အခါ ယုဝတီမြသောင်းခင် ဆိုသည့်သီချင်းကို ထည့်တီးသည်။ ထိုအခါ ဆရာတာက ယင်းသီချင်းကို သူ မကြားဘူး၍

ကျတဲ့ အသံကလေးဖမ်းပြီး ဒုံးလိုက်တီးပေးနေသည်။ တခြားလူများက ဆရာတာကို ကြည့်ပြီး ဦးဗေဒါ ခန့်ပုံကို သဘောကျ၍ ရယ်ကြသည်။

ဦးဗေဒါသည် ဘိလစ်ဦးထင် အိမ်၌ တခါတရံ သံပတ္တလားကို ဝင်တီးသည်။ သူတီးသည့်အခါ သူ့ပါလာသည့် ဝါးပတ္တလား လက်ခတ်နှင့် တီးခြင်းဖြစ်၍ အသံကလေးမှာ သံပတ္တလားသံ ထွက်မလာဘဲ ချိုချိုကလေးနှင့် မောင်းကလေးတွေ တီးနေသံလိုလို အင်မတန် အံ့သြစရာကောင်းသည့် အသံများ ထွက်လာသဖြင့် ဝိုင်းနားထောင်နေသူများက ဝါးကို အာရုံပြုရမည့်အစား သံကို အာရုံပြုလာကြရသည်။

ဦးထင်တိုက်တွင် ထိုနေ့ ညနေစောင်းသည့် အခါ ဘေးမှ လာနားထောင်သည့် ပရိသတ်က အိမ်ပြန်ကုန်ကြသည်။ အတီးဆရာတွေ အဆိုဆရာတွေလည်း ထမင်းစား နားကြသည်၊ ထမင်းစားပြီးလျှင် အဆို ဦးထွန်းအိုင်တို့၊ မလှလေးစိန်တို့နှင့် သူတလှည့် ငါတလှည့် ည ၁၂နာရီလောက် အထိ ဆိုကြ တီးကြသည်။ ၁၂နာရီက ကျော်လျှင် ဦးဗေဒါက စိန်လှမောင်ကို အဆိုခိုင်းပြီး မိုးအလင်းအထိ စောင်းတီးလေတော့သည်။ ထိုအချိန်၌ ပရိသတ်မှာ အလွန်ရင်းသည့် လူရင်းများသာ ကျန်တော့သည်။

ဦးဗေဒါမှာ အသံကို အဟုတ်နိုင်သူ ဖြစ်ပါသည်။ တခါသော် မန္တလေး ရွှေပြည် အီကင်းရပ်မှ စပါးပွဲစား အလှူ့တကာ ဦးမောင်ကြီး၏ အလှူတွင် ဝိုင်းဖွဲ့၍ တီးမှုတ်နေကြသည်။ လူကလည်း စုံလှသည်။ အဆို ဆရာမုန်း၊ ဦးလူကြီး၊ ဆရာဘကြီး၊ ကိုဘသာ၊ ဦးထွန်းအိုင်၊ ဦးလေးတာ စသူတို့ အားလုံး ရှိကြသည်။ ထိုအချိန်၌ ဦးဗေဒါက စန္ဒယားတီးနေသည်။ အဆို ဦးလူကြီး အလှည့်ရောက်၍ သီဆိုမည် ရှိသည့်အခါ ဦးလူကြီးက "မောင်ဗေဒါ မင့်အသံ မြင့်နေတယ်" ဟု လှမ်း၍ပြောသည်။ ဦးဗေဒါက "အကိုကြီး ကိစ္စမရှိပါဘူး၊ တသံချပေးပါမယ်"ဟု ပြန်၍ ဖြေသည်။ ဤတွင် တယောတီး နေသည့် ကိုဘသာက ဦးဗေဒါ၏ စကားကြောင့် တယောတသံ လျှော့ချသည့်အခါ ဦးဗေဒါသည် စန္ဒယားလက်ရင်းတွင် လာ၍မွှေ့ပြီး အသံလျှောက်စမ်း လိုက်သည်။ ပြီးမှ ကိုဘသာဖက်သို့ လှည့်ပြီး "မင်းကွာ ကိုကြီးဘသား ဆိုပီး အ,လိုက်တာ" ဟု ဦးလူကြီး မကြားအောင် ပြောလိုက်သဖြင့် ကိုဘသာမှာလျှော့ပြီး အသံကို ပြန်တင်လိုက်ရသည်။ စင်စစ် ဦးလူကြီးမှာ မူလ ဦးဗေဒါတို့ တီးနေသည့် အသံကို ဆိုနိုင်ပါသည်။ သို့သော် အချခိုင်းနေသဖြင့် စိန်ဗေဒါက စန္ဒယားလက်ရင်းသို့ မွှေ့ပစ်လိုက်ပြီး အသံတသံ ချချင်ယောင်ဆောင် ပေးလိုက်ရသည်။ ဦးလူကြီးက "အေး ဒီအသံမှ တော်တယ်ဟေ့" ဟု ဆိုပြီး ဝင်ဆိုသည်။ စိန်ဗေဒါသည် အသံတွင် ဝိဇ္ဇာဟူ၍ပင် ပညာသည်တွေက နားလည်ထားလိုက်သည်။

## အဆိုပညာ

ဆရာ ဦးဗေဒါသည် စောင်းကို ဆရာကြီး ဒေဝအိန္ဒာထံမှ ကျိုးကျိုးနွံနွံ ကုန်စင်အောင် သင်ယူသကဲ့သို့ပင် အဆိုပညာကိုလည်း အဆိုဆရာ ဆရာမှန်းကြီးထံမှ ကျိုးကျိုးနွံနွံ ကုန်စင်အောင် သင်ယူပါသည်။

ဆရာ ဦးဗေဒါ၏ ယုံကြည်ချက် တခုမှာ သဘင်မှု အနုပညာတရပ်ကို သင်ယူလိုသည် ဆိုလျှင် ဆရာကြည်ဖြူမှ သဒ္ဒါအပြည့်နှင့် အကုန်အစင် ပေးသည်ဖြစ်၍ ဆရာ့ထံ၌ တကယ်ကျိုးနွံသည့် တပည့်အဖြစ်နှင့် သာလျှင် မည်သည့် ပညာရှင်ထံက မဆို ရယူရမည်ဟု ယုံသည်။ ထို့အတူပင် သူ့ထံက ပညာလိုချင်လျှင်လည်း ကျိုးကျိုးနွံနွံ ကြိုးကြိုးစားစား အပတ်တကုတ် အဟုတ်သင်လိုသူကိုမှ သူကပေးလိုသည်။

အဆိုတော် ဆရာမှန်းကြီးမှာ ဆရာ ဦးဗေဒါကို အဆိုပညာ သင်ပေးသည့် အခါ၌ မျက်စိနှစ်ကွင်း အလင်း မရရှာတော့။ ထိုအချိန်၌ ဆရာ ဦးဗေဒါက ဆရာမှန်းကြီးကို သူ့အိမ်ပေါ်သို့ ခေါ်တင်၍ ကောင်းမွန်စွာ ခြေဆုပ်လက်နယ် ပြုသည်။ ဝတ်ကြီးဝတ်ငယ်ကို အားလုံး သူ တာဝန်ယူသည်။ စားဦးစားဖျားကို ကျွေး၍ အိမ်ဦးခန်း၌ ထားရှိ ကိုးကွယ်ပြီးမှ ဆရာမှန်း၏ အဆိုပညာကို သင်ယူခြင်း ဖြစ်ပါသည်။

ဆရာက သီချင်းဆိုသည့် အခါ သူ့ဥပမိရုပ်နှင့် မလိုက်သော အသံများထွက်အောင် ဆိုပါသည်။ အသံ အတိုးဆိုတွင် ဆရာ့ကိုမှီအောင် ဆိုနိုင်သူ ရှိဘို့မလွယ်ပါ။ ထီးမူနန်းမူအစစ် ထီးဟန်နန်းဟန် အယူအငင် အခိုက်အမဲ့နှင့် ဦးဗေဒါထံက နားထောင်သူ မမြော်လင့်သော အသံများထွက်အောင် ဆိုတတ်ပါသည်။ ဆရာ့ ပင်ကိုယ်သံမှာ အသံလုံး တုတ်သည်။ သို့သော သူ့အသံကို လိုချင်သည့် ဥပဒေနှင့် ညီအောင် ဆိုနိုင်သူ ဖြစ်သည်။ အသံကို အလိမ်မာ ဖက်၍လည်း ဆိုတတ်သည်။ ဆရာသည် သူကြိုက်သည့် သီချင်းတပုဒ်အတွက် ဆိုပုံဆိုနည်း ဥပဒေပေါင်းများလှစွာနှင့် ကောင်းကောင်း ကျွမ်းကျင်လှစွာ သီဆိုနိုင်သူ ဖြစ်သည်။ သီချင်းဟူသည်မှာ မိန်းမ ဆိုသည့်အခါ တသံ၊ ယောကျ်ား ဆိုသည့်အခါ တသံ ရှိသည်။ မိန်းမက အရစ် အတွဲ့ အခိုက် အမဲ့ နှင့် ပြည့်စုံစွာ ဆိုသည်။ ယောကျ်ားက မိန်းမဆိုသလို အရစ် အတွဲ့ အခိုက် အမဲ့များကိုလျှော့ပြီး ပင်ကိုလေနှင့် အားစိုက်၍ ဆိုသည်။ ဆရာက ၂ မျိုးစလုံး ဌာန်ကရိုဏ်း ကျကျနှင့် ဆိုနိုင်ပါသည်။ အဆိုကို ဆရာက လူတဖက်သားသို့ တကယ်သင်ပေးမည် ရှိသည့်အခါ တော်တော့်လူ ဆရာ့စိတ်တိုင်းကျအောင် မဆိုနိုင်သဖြင့် မသင်ဝံ့ဘဲ ရွံ့ကြ ကြောက်ကြသည်လည်း အများကြီး ရှိပါသည်။ ဒေါ်ဩဘာသောင်းကို "*စိမ်းလဲ့ရယ်တဲ့ ညိုမှောင်- ပင်ဝါးရုံ လေယူ သိမ်းတယ် ယိမ်းနွဲ့ မြောက်တောင်*" ဟူသည့် အဆိုကို ကျအောင် ဆရာက သင်ပေးသည်နှင့် ကြုံရဘူးခြင်း ရှိသည်။ ဒေါ်ဩဘာသောင်းက တော်တော်နှင့် မလိုက်နိုင်သည့် အခါ နဲကြီးကိုယူ၍ "ပင်ဝါးရုံ လေယူသိမ်းတယ်" ဟူသော အပိုဒ် ဆိုပုံကို ဆရာက နဲနှင့် မှတ်ပြပါသည်။ မင်းသမီးကြီးတွေမှာ ဆရာကြိုက်သလို မဆိုတတ်သဖြင့် ဆရာ့ဆီ ပညာယူရမည်ကို အလွန် ကြောက်ကြသည်ဟု ဆိုပါသည်။

< ပုံ ၈ - ဓာတ်ပုံ - ရွှေစား စိန်ဗေဒါ အရွယ်ကောင်းစဉ်က >

ဆရာ ဓာတ်ပြား သွင်းသွားသည့် မင်္ဂလာပြောညွှန့် တီးလုံးတွင် ဆရာ ဦးဗေဒါက သီချင်းကိုလည်း သူကိုယ်တိုင်ဆို၍ ဆိုတီး တီးထားပါသည်။ သူ့အဆိုကို သူများလိုက်ဆို၍ ကြည့်လျှင် တူအောင်ဆိုဖို့ မလွယ်၊ ကွမ်းရာကမ်းလောက် လက်လှမ်းမှီရုံလောက် သာလျှင် ဆိုနိုင်ပါလိမ့်မည်။

ဆရာ ဦးဗေဒါ ဓာတ်ပြားအချပ် ၄၀ မျှ သွင်းခဲ့သည်။ ထိုဓာတ်ပြားများတွင် သီချင်းဆိုသူမှာ ဆရာ ဦးဗေဒါ၏ တူတော်သူ အဆိုတော် ကိုစိန်ခင် ဖြစ်သည်။ ကိုစိန်ခင်သည် အသံကောင်းသူ ဖြစ်သည်ကား မှန်သည်၊ သို့သော် ဓာတ်ပြားများတွင် ကိုစိန်ခင် သီဆိုလေသမျှ သီချင်းများမှာ ဦးဗေဒါက အားလုံးကို အခေါက်ခေါက် အခါခါ ဆိုပုံ ဆိုနည်း သင်ပေးသဖြင့် ဆရာ သင်ပြသည့်အတိုင်း ဆိုရခြင်း ဖြစ်ပါသည်။ ဓာတ်ပြား သီချင်းများတွင် အချို့နေရာများ၌ ကိုစိန်ခင် ထည့်၍ ဆိုသည့် အာရစ်များမှာ အလွန်သဘောကျစရာ ကောင်းပါသည်။ သဘောကျ၍ လိုက်တုဆိုကြည့်လျှင်ကား တူအောင်ဆို၍ မရပါ။ ဆရာဦးဗေဒါဆိုသည့်- "မြို့လယ်ကမဏ္ဍပ်.... အရပ်မှာတဲ့ကုသိုလ်" ဆိုသော မင်္ဂလာပြောညွှန့်မှာ ဆရာဆိုသံကြားရလျှင် ဆရာ့ ဆိုပုံကြီးက ချစ်စရာ သဘောကျစရာ ကောင်းလှ၍ ဘယ်သူမှ မနေနိုင်၊ ဆရာ့အတု လိုက်ဆိုကြည့်မိသည်ချည်း ဖြစ်သည်။ သို့သော် အရပ်သားပါးစပ် မဆိုထားနှင့် စာရေးဆရာ ဒါရိုက်တာနှင့် အဆိုတော် ဦးသုခက သူလည်း တုဆိုကြည့်သည် မရဟု ဖွင့်ဟ ပြောကြားဘူးပါသည်။

ဆရာ ဦးဗေဒါသည် သူက သင်ပေးလျှင်လည်း ကျကျနန သင်ပေးသည်။ ပညာယူသူကလည်း သူပေးသမျှကို ယူနိုင်မှ သဘောကျသည်။ သူက သင်ယူသည့် အခါတွင်လည်း တကယ် ပြည့်စုံလုံလောက်သည့် ဆရာ့ထံက ဖြစ်လျှင် အစအဆုံး သင်ယူရမှ ကျေနပ်သူ ဖြစ်သည်။

ထို့ပြင် ဆရာ ဦးဗေဒါ ပညာယူရာ ရှာရာ၌ အတုခိုး နည်းယူဖို့ ကောင်းသေးသည့် အချက်တချက်မှာ ဆရာသည် ပညာသည်မှန်လျှင် ဘယ်လိုလူထံမှ မဆို ယူရန်အသင့်ရှိ၍ ဘယ်လိုနေရာက မဆို မရအရ ယူထား တတ်ခြင်းပင် ဖြစ်ပါသည်။

တခါသော် မြင်းမူမြို့မှ ချစ်တီးများက သူတို့ ချစ်တီး မင်္ဂလာဆောင်တွင် လိုက်၍တီးပါဟု ငှါးလာသည်။ မြင်းမူရောက်၍ တီးသည့်အခါ ချစ်တီးမင်္ဂလာဆောင်မှာ သဌေးအကြီးစားများ၏ မင်္ဂလာပွဲ ဖြစ်သဖြင့် ချစ်တီး တူရိယာအဖွဲ့လည်း ခေါ်ထား၍ မင်္ဂလာပွဲ၌ ဧည့်ခံနေသည်ကို တွေ့ရသည်။ ထိုအခါ ဆရာ ဦးဗေဒါက ချစ်တီးဂီတသမားတွေ တီးအပြီး၌ သူကလည်း ချစ်တီး, တီးလုံးတခုဖြင့် တီး၍ ဖြေဖျော်လိုက်သည်။ ချစ်တီးများမှာ သဘောကျ၍ မဆုံး ရှိလေသည်။ "ဆရာ ဤတီးကွက်ကို ဘယ်က ရပါသလဲ" ဟု စုံစမ်းကြည့်ရာ ချစ်တီး ဘုရားကျောင်းများ၌ ညအခါ ဘုရားသိပ်သည် ဆို၍ တေးဂီတများကို တီးမှတ်လေ့ရှိရာ

ထိုတေးဂီတများကို ဆရာက သွားရင်းလာရင်း ရပ်တန့် နားထောင်ထားပြီး သူ့နားနှင့် ကျက်၍ထားသည်။ သူ့နဲ့ဆရာကိုလည်း ခေါ်၍ အမှတ်ခိုင်းထားသည် ယင်းတို့မှ ကောက်နုတ်၍ တီးပြခြင်း ဖြစ်ပေသည်။

< ပုံ ၉ - ဓာတ်ပုံ - ရွှာစား စိန်ဗေဒါ၏ဇနီး အငြိမ့်မင်းသမီး ဒေါ်စိန်မေ >

စစ်ကြီး မဖြစ်မီက မန္တလေးမြို့ မဟာမုနိ ဘုရားကြီး အရှေ့မုခ် မြောက်ဖက် လိပ်ကန်တွင် ပိုက်ဆံတောင်းစားသည့် လင်မယား ရှိပါသည်။ သူတို့တွင် ပတ္တလား တခု၊ ဗမာတယောပြား (ဘိုးတံက တယောပြားကို စွပ်၍ထိုးသည့် တယော) တလက်၊ ခွက်ခွင်းတခု ရှိပါသည်။ ယောက်ျားကြီးမှာ ရှေးကမြန်မာ တယောဆရာကြီး ဆရာကျန် ဖြစ်၍ အိုမင်းမစွမ်း မျက်မမြင် ဒုက္ခိတ ဘဝ၌ သားထောက် သမီးခံ မရှိလေသောကြောင့် တယောထိုးသည့်အခါ ထိုး၍ ပတ္တလားကို တီးသည့်အခါ တီးလျက် သီချင်းဆိုပြီး လိပ်ကန်လာသူများက သဒ္ဓါကြေး ပေးကမ်း စွန့်ကြဲသည်ကို ရှေ့တွင် သံပန်းကန်ပြားတချပ် ချ၍ ခံယူ စားသောက်နေကြ ပါသည်။ ဆရာ ဦးဗေဒါသည် ဤဆရာကျန်ထံကသော်မှ ပညာယူပါသည်။

ဆရာကျန်တို့ လင်မယား ဤသို့တောင်းရမ်း စားသောက် နေရာသို့ ဆရာ ဦးဗေဒါက လာ၍ ဆရာကျန် ရသည့်သီချင်း "*စုံဆောင်မြိုင်ချောင်၊ တောချောင်တောင်ခြေက-*" ဟူသော သီချင်းကို တီးပြပါဟု ခိုင်းပြီး ဆရာကျန်တို့ လင်မယားအား ငွေတကျပ် ကန်တော့၍ နားထောင်သည်ကို တွေ့ရဘူးပါသည်။

ယခုလို ပညာသည်ကို မဆိုထားနှင့် အရပ်သားတယောက် လမ်းပေါ်မှ သီချင်းဆိုသွားသည်မှာ ကောင်းနေလျှင်သော်မှ ဆရာ ဦးဗေဒါက လိုက်၍ နားထောင် တတ်ပါသည်။ အိမ်ထဲခေါ်လာပြီး အဆိုခိုင်း၍ ကန်တော့သင့်သူကို ကန်တော့လွှတ်ကာ မုံ့ဖိုးပေးသင့်သူကို ပေးလွှတ်တတ်ပါသည်။ ပတ္တလားဆရာ ဦးဘစံ ပြောပြချက်အရ ဆရာ ဦးဗေဒါသည် ဆိုင်းတော်ကြီး ဆရာလတ်ကြီးထံ လာ၍ ဇမ္ဗူကျွန်းလုံး သီချင်းခန့်ကြီး ကွက်ပျောက်တီးနည်း၊ ဘုန်းမိုးသွန်းလောင်း ကွက်ပျောက်တီးနည်းများ လာတက်သည်ကိုလည်း တွေ့ဘူးသည်ဟု သိရပါသည်။ ဤတီးနည်းမှာ တီး၍သာရပြီး သူများ ဝင်ဆို၍ မရသည့်နည်း ဖြစ်ပါသည်။ ကိုယ့်စည်းနှင့်ကိုယ် နိုင်အောင် ဆိုတတ်သူများသာ ဝင်ဆိုဝံ့သည့် တီးနည်းများ ဖြစ်ပါသည်။ ထို့ပြင် မန္တလေး ကြေးသွန်းရပ် စက်ကွင်း ဆရာထုံးထံမှလည်း ပတ္တလားနှင့် သီချင်းတက်သည်များ ရှိခဲ့သည်။

ဆရာ ဦးဗေဒါသည် ကူးတို့အုပ်မင်း ဦးရွှေဂန်၏သား ဘာဂျာဆရာ ဆရာလွှားထံမှလည်း ပညာများ အများဆုံး ဆည်းပူးသင်ကြားသည်။ ဘာဂျာဆရာ ဆရာတာကိုလည်း အလွန်လေးစားသည်။ မြင်းခြံသို့ ဆိုင်းတီးသွားရလျှင် မြင်းခြံရှိ အရပ်သားပညာရှိ ဆရာဦးကြီးနှင့် နီးနှောခြင်း၊ ဆိုင်းဆရာ ဦးပုကြီးကို ဝင်ကန်တော့ခြင်း၊ ဆီမီးခုံရောက်လျှင် စောင်းဆရာ ဆရာစောကြီးထံ ပညာယူခြင်း၊ ပြည်သို့ရောက်လျှင်

ဆိုင်းဆရာ ဆရာပေကြီးအား ကန်တော့ခြင်း၊ ရမည်းသင်း၌ စောင်းဆရာ ဆရာသုံနှင့် တွေ့ပြီး သူ့ပညာများကို စစ်ဆေးခြင်း၊ ရန်ကုန်တွင် စောင်းဆရာ ဆရာငြိမ်းကြီးနှင့် တွေ့၍ နီးနောခြင်းများလည်း ပြုလေ့ရှိသည်။

ဆရာဦးဗေဒါထံ သီချင်းလာ၍ တက်သူများကို ဦးဗေဒါက သီချင်းတပုဒ်တည်း ဖြစ်ပါလျက် တယောက်လျှင် တမျိုး တက်ပေးသည်ကို တွေ့ရဘူး၍ တပည့်တယောက်က ဤသို့ဘာကြောင့် တက်ပေးပါသလဲဟု မေးဘူးရာ ဦးဗေဒါက လာတက်သူများ ယူနိုင်မည့် အရည်အချင်းကို လိုက်၍ တက်ပေးလိုက်ရသည်၊ သူ့တွင်ကား အဖေများသည့် သားဖြစ်သည့်အတွက် အကွက်စုံ ရှိသည်ဟု ဖြေဘူးပါသည်။ ထူးမခြားနား တပုဒ်ကိုပင် ဆရာ ဦးဗေဒါက တီးနည်း ၁၀ မျိုးထက်မနည်း နည်းခံ၍ ထားသည်ဟု ဆိုပါသည်။

## ဦးဗေဒါနှင့် အငြိမ့်မင်းသမီးများ

ဆရာ ဦးဗေဒါသည် ဗလာဆိုင်းတီးသူ ဖြစ်သည်။ သို့သော် အလှူ၊ မင်္ဂလာနှင့် ဘုရားပွဲများ၌ ဆိုင်းနှင့် အငြိမ့်သည် မကြာခဏ ဆုံစည်းရပြီး အငြိမ့်မင်းသမီးများ ဆရာ့ဆိုင်းနှင့် က,ကြရသည့် အလှည့်များ မကြာမကြာ ကြုံရပါသည်။ ထို့ကြောင့် မန္တလေးမြို့ပေါ်ရှိ အငြိမ့်မင်းသမီးများကို ဆရာ ဦးဗေဒါက လွှတ်၍မထား၊ အခါအခွင့်သင့်တိုင်း ပညာပေးသည်။ သူနှင့် ရင်းနှီးမှု ရှိစေပါသည်။ မင်းသမီးများကလည်း ဆရာ့ထံလာ၍ သီချင်းများတက်ခြင်း၊ ပညာယူခြင်းများ ပြုတတ်သည်။ ဝါဝင်ဝါထွက်ဆိုလျှင် မင်းသမီးတိုင်းလိုပင် ဆရာ ဦးဗေဒါဆီသို့ တတ်နိုင်သမျှနှင့် အကန်တော့ ရောက်ကြသည်။ ထိုသို့ ကန်တော့လာပြီဆိုလျှင် ဆရာက သည်အတိုင်း ပြန်မလွှတ်၊ ထိုမင်းသမီး ရချင်သည့် သီချင်းများကို တက်ပေးပြီးမှ ပြန်လွှတ်သည်။

မင်းသမီးများနှင့် ကြုံသလို ဆုံသလို အလုပ် လုပ်ရသည့်အခါ ဦးဗေဒါက အဆိုတွင်လည်း မင်းသမီးဆို၍ ကောင်းအောင်၊ အဆိုကလေး ပြေပြေပြစ်ပြစ်နှင့် နားဝင်ပီယံ ဖြစ်အောင် တီးပေးလေသည်။ လေဘာတီ မမြရင်တို့ အဆိုကောင်းသည် ဆိုသော်လည်း သူ့ အငြိမ့်တီးဝိုင်းအဖွဲ့နှင့် သူဆိုသည့်အခါနှင့် ဦးဗေဒါဆိုင်းနှင့် ဆိုသည့်အခါများ မတူဘဲ ဗေဒါဆိုင်းနှင့် ဆိုရသည့်အခါ သူ့အကောင်းသည် ပို၍ ပေါ်လွင်လာသည်။ မြရင် ဆိုသည့် ပရိသတ် နားထဲ ယခုတိုင် စွဲနေသေးသော "*မြရင်ကလေး ကျမ ခေါ်သံလိုလို... ...*" ဆိုသည့် အထကလေးဆိုလျှင် စိန်ဗေဒါကြီးက ဘယ်နေရာတွင် ဘယ်လိုဆွဲ၊ ဘယ်နေရာတွင် ဘယ်လိုဆို ဟူသည်ကို ကျကျနန ဆိုပြပြီး သင်ပေးသဖြင့် ကောင်းလှခြင်း ဖြစ်သည်။ ထို့အတူပင် မြခြေကျင်း မငွေမြိုင် ကျပြန်တော့လည်း သူ့ သံဟောက် သံဟဲနှင့် လိုက်ဖက်အောင် ဘယ်လို

ဆိုရသည်များကို ဦးဗေဒါက သင်ပေး၊ ရှေ့က တီးပြပြီး အဆိုသမားကို ကြောင်းခေါ် သွားပါသည်။ ထို့ကြောင့် အဆိုကောင်းများ ဦးဗေဒါနှင့် တွဲဆိုရလျှင် ကောင်းသည်ထက် ကောင်းကုန်ကြတော့သည်။

အက, ကျပြန်တော့လည်း ဆရာ ဦးဗေဒါက "အတီးသမား ထိုင်နေတာကို လူမမြင်ဘူး၊ အက,သမား မတ်တတ်ရပ် နေရတာ လူမြင်တယ်"ဟု ပြောတတ်လုပြီး မင်းသမီးကလေးများကို သူ့အတီးကလေးနှင့် ပို့ပေးမြဲ ဖြစ်သည်။ ဦးဗေဒါက မင်းသမီးကလေး တယောက်ကိုတွေ့လျှင် မိန်းကလေး က,စမ်းဟု ခိုင်းပြီး ဤကလေးမ ဘာကောင်းသလဲ ဆိုသည်ကို ဂရုပြုလိုက်သည်။ ထို့နောက် သူကောင်းသည်မှာ လက်လား၊ ခါးလား၊ ခြေလား ဆိုသည်ကို မှတ်ထားပြီး သူ့ပတ်မတီး ဦးတင့်ကြီး (ဗေဒါ့တူ)နှင့် ဦးတင့်ကြီး မရှိသည့်နောက် ပတ်မတီး ဦးလွင်တို့အား ဂရုပြုမှတ်သားစေလျက် မင်းသမီး သန်ရာကို ပတ်မချက် ဒိုးဆစ်ကလေးတွေ ထည့်ပြီး တီးပေးသည်။ ထို့ကြောင့် ဗေဒါ တီးပေးသည့် ဆိုင်းသည် ဘယ်အတီးဝိုင်းက ဂီတသံနှင့်မှ မတူ မင်းသမီးကလေး အဖို့ က,၍ အကောင်းဆုံး အတီး ဖြစ်နေတော့သည်။

ပွဲငှါးလာသူက "ဆရာရယ် မင်းသမီးတော့ ဘယ်သူ့ကိုသာ ကျွန်တော် ငှါးခဲ့ရတယ်၊ လေဘာတီတော့ မရခဲ့ဘူး"ဟု ပြောသည် ဆိုပါစို့၊ ဆရာစိန်ဗေဒါက "ဟဲ့ မောင်ကျော်တင့် အဲဒီ မိန်းကလေး မြင်းရထားလေးနှင့် သွားခေါ်ချီအုံး"ဟု ခိုင်းလိုက်သည်။ ထိုမင်းသမီးကလေး ရောက်လာလျှင် ငှါးထားသည့် ပွဲ၌ က,ကြရန်အတွက် စိမ်းမနေစေရန် ဆရာက စည်းဝါး ကိုက်ပေးသည်။ ဆရာက ကြောက်ကြောက်ရွံ့ရွံ့ ဖြစ်နေသည့် မင်းသမီးကလေးကို "ဆိုဟဲ့ အမိ၊ ဆရာ့ကို ဘာမှ ဟိုဒင်း မပြုနဲ့၊ ညည်းကြိုက်သလို ဆို" ဟု အားပေးပြီး ထောက်ထောက်ညှာညှာ တွဲခေါ်သည်။

ဆရာ စိန်ဗေဒါသည် သဘင်ပညာနှင့် လုပ်စားကြသူချင်း သူ့ထက် ပညာငယ်ရာကြသည့် ပညာသည်များကို ထောက်ထောက်ညှာညှာ ကြင်ကြင်နာနာနှင့် တွဲခေါ်သည်။ ထိုပညာသည်ကလေးများ အစွမ်းကုန် အရောင် ပြောင်လက် လာစေရန် အရည်အသွေးကို ကြည့်၍ အရောင်တင်ပေး သူကြီး ပါတည်း။

## တီထွင်မှုများ

ဆရာ ဦးဗေဒါ၏ အဖေ့လက်ထက်က နန်းတော်ဆိုင်းဝိုင်းတွင် ဆိုင်းဝိုင်းကြီး၊ နဲ၊ ကြေးနောင်နှင့် ပတ်မ တလုံးသာလျှင် ရှိလေသည်။ ယနေ့မြင်တွေ့ နေရသည့် ဆိုင်းဝိုင်း အတွင်း၌ တိုးတက်လာသော တူရိယာ ပစ္စည်းများနှင့် အဆောင်အယောင် အမွမ်းအမံများသည် အများအားဖြင့် ဆရာစိမ့်တို့၊ ဦးဗေဒါတို့ လက်ထက်တွင် တီထွင်ခဲ့ကြခြင်းများ ဖြစ်လေသည်။

ယခင်က ပတ်မကို ဆိုင်းဝိုင်း၏ မင်းပေါက်နောက်တွင် ထား၍ ပတ်မတီးက မင်းပေါက်မှနိုက်ပြီး ဘယ်လုံးများကို တီးသည်။ ဆရာစိမ့်တို့ ဦးဗေဒါတို့ ခေတ်တွင် ပတ်မတီးဆရာကို သီးခြား ၆လုံးပတ်များ စ၍ ခွဲပေးလိုက်ပြီး ဆိုင်းဝိုင်း၏ ဝဲဖက်ဘေး၌ ထားပေးသည်။ ပတ်မကိုလည်း ဝွန်နှင့် တင်ပေးသည်။ ဆိုင်းဝိုင်း၏ ယာဖက်တွင်ကား ၁၃ လက်မလောက် မြင့်သည့် ပွတ်လုံး ထိုးဝိုင်းဖြင့်ထားသည့် ကြေးနောင်ဝိုင်းကို ထားပေးပါသည်။

< ပုံ ၁၈ - ဓာတ်ပုံ - စိန်ဗေဒါ (အသက် ၂၈ နှစ်) ရတနာဂီရိသို့ ပထမအခေါက် သွားရစဉ် သီပေါဘုရင်က ကျွဲနှင့်တိုးနယားကစားသည်ကို ကြည့်လိုသည်ဆို၍ စိန်ဗေဒါကိုယ်တိုင် ချိုးပြီး လုပ်ပေးရသည့် အရုပ်များနှင့် ရတနာဂီရိ စံအိမ်တော်ရှေ့၌တွေ့ရပုံ >

ထိုသို့ ထားရာ၌ ပတ်မကို ဝွန်နှင့် တင်ထားပေးခြင်းသည် အသံကုန်အောင် မထွက်ဟု ထင်သဖြင့် ဆိုင်းဝိုင်း၏ ဘေး၌ ကြေးစည်တိုင် သဘောမျိုးနှင့် ထမ်းပိုးတခု ချိတ်ဆွဲပေးပါသည်။ ဤအချိန်က စ၍ ဆိုင်းဝိုင်း၏ ညာဖက်တွင် ကြေးနောင်ဝိုင်း၊ ဘယ်ဖက်တွင် ပတ်မကြီးကို ကြေးစည်ထမ်းပိုးတွင် ချိတ်ဆွဲထားသည့် အဆင်အယင်မျိုး မြင်တွေ့ လာရပါသည်။

တခါသော် ဆရာ ဦးဗေဒါက ပတ်မကို ယခုလို ကြေးစည်ထမ်းပိုးတွင် ချိတ်ထားရခြင်းထက် ပိုလှသည့် အဆင်အယင်တခု ပြုရလျှင် ကောင်းမည်လားဟု စိတ်ကူးရ၍ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် အတွင်းရှိ ဝါးမင်းပင်မှ ဝါးမင်းတချောင်း ခုတ်ပေးပါဟု အတောင်းခိုင်းလိုက်သည်။ ထိုအခါ အသက် ၂၇-ခန့်ရှိ ရဟန်းပျိုတပါးက ဝါးမင်းတချောင်း ခုတ်ပေးလိုက်သည်။ ထိုရဟန်းပျိုမှာ ရွှေပြည်ဆရာ ဦးဘတင်ဟု နောက်မှ သိရပါသည်။ ထိုဝါးမင်းကို ထိပ်၌ နဂါးခေါင်းတပ်၍ အဖျား၌ နဂါးမြီးစွပ်ပေးပြီး ပတ်မကြီးကို ထမ်းစေသည်။ ဆရာ ဦးဗေဒါ၏ တီထွင်ချက်မှာ အောင်မြင်၍ "နဂါးခေါင်း ဘယ်လှည့်သနည်း၊ ဆိုင်းဝိုင်းဖက် လှည့်သည်" ဆိုသော စကားတခု ထိုအချိန်က စ၍ ပေါ်လာပါသည်။

ထို့နောက် ပဉ္စရူပရုပ်၊ တိုးနယားရုပ်၊ ကင်းခြေများရုပ် စသည်ဖြင့် တမျိုးပြီးတမျိုး ပြောင်းလဲ တီထွင်သွားပါသည်။ ဆရာ့ ပဉ္စရူပ ပတ်မထမ်းရုပ်ကို အဆို ဆရာလုက....

" *နဂါးနေရာ အဟုတ်တမင် သူစလိုက်တာက အရုပ်ပဉ္စရူပရယ်လို့ ခင်ဗျား ကြံလိုက်တာ၊ စိန်ဗေဒါ အောက်မသွားနဲ့လို့ ကျွန်တော်က တားရတာ၊ ဆရာ့စိတ်ကသာ အောက်ပြေ အောက်ရွာမှ ငွေရတယ်လို့ ထင်တာ၊ ဟုတ်ပါရိုးလားဆရာ၊ မြို့ပေါ်မှာ အလှူတွေကမနဲ အသားမဲပေမယ့် ဆရာတယောက်ထဲ မနားဘဲ တီးရမှာ၊ အများထက် တိုးတိုးအကောင်းကြံ၊ အသားမဲနဲ့ မိုးကြိုး နားဒွှောင်းပန်*"
ဟူ၍ သီချင်းဆိုသည်များရှိပါသည်။

ကြေးနောင်ဝိုင်းကိုလည်း ရိုးရိုးပွတ်လုံးမှ တဆင့်ပြောင်း၍ မှန်စီရွှေချဝိုင်း လုပ်လာပြန်သည်။

ရတနာဂီရိမှ ပြန်အလာတွင် နိုင်ငံခြား တူရိယာပစ္စည်းများနှင့် ဂျက်စ်ဘင်တစုံ ဝယ်၍ပြန်ခဲ့ရာ ထိုပစ္စည်းများမှ ဘင်တလုံးကို ဆရာ ဦးဗေဒါက ပတ်မ၏နောက် ဝက်ခွ ၂ခုကြားတွင် ချိတ်၍ ထည့်တီးပါသည်။ မြန်မာဆိုင်းဝိုင်းထဲတွင် နိုင်ငံခြား တူရိယာဖြစ်သည့် ဘင်ကို ဦးဗေဒါကထည့်၍ သုံးခဲ့ရာ ဆိုင်းဝိုင်း၌ ဘင်တလုံးမှာ မတွဲစကောင်း တွဲစကောင်း တွဲပါနေပြီး ယနေ့ထက်တိုင် မြန်မာဆိုင်းဝိုင်းနှင့် မခွဲဘဲ ရှိနေပါလေတော့သည်။

ဆရာသည် ဆိုင်းဆရာ ဆိုသော်လည်း ဆိုင်းကိုချည်း စိုက်လိုက်မတ်တတ် တီးနေသူမဟုတ်၊ သဘင်ပညာရှင်တို့ တတ်အပ်သည့် ပရိသတ်ကို အကဲခပ်သည့် အတတ်တွင်လည်း သူမတူအောင် တတ်သူ အကင်းပါးသူ ဖြစ်သည်။ ပရိသတ်ကို ဆွဲဆောင်မှု ပေးရာတွင်လည်း အလွန် လာဘ်မြင်သူ ဖြစ်လေသည်။ ဆိုင်းဆိုသည်မှာ ဆိုင်းတီးသံကိုချည်း သက်သက် နားထောင်ရမည် ဆိုလျှင် နားအာရုံ တခုတည်းရှိမည် ဖြစ်၍ ပရိသတ်က စွဲသင့်သလောက် မစွဲဘဲ ရှိနိုင်သည်။ ထို့ကြောင့် ဆရာ ဦးဗေဒါက မျက်စိအာရုံပါ ပြုနိုင်စေရန် သူ့ဆိုင်းနှင့် ဆိုင်းအဖွဲ့တွင်းပါ တူရိယာ ပစ္စည်းများကိုသာ မွမ်းမံခြယ်လှယ်မှု ပြုသည် မဟုတ်သေးဘဲ သူကိုယ်တိုင်က ထူးခြားသည့် အသွေးအရောင် အဝတ်အဆင်များကို ဝတ်ဆင်ခြင်း၊ သူကိုယ်တိုင်က သီချင်းဆိုခြင်း၊ ဆိုင်းနောက်ထိုင်များ ရှေ့ထွက်၍ တီးစေ က,စေခြင်း၊ ဘားဂျမ်းများ ထည့်ပေးခြင်း၊ တူရိယာပစ္စည်း အဆန်းအပြားများ ဖြစ်သော ချူ ကြေးစည်၊ ခေါင်းလောင်း၊ ပန်းကန်၊ ပုလင်း စသည်တို့ကို တူရိယာပစ္စည်း လုပ်၍ တီးမှုတ်ပြခြင်း၊ တီးလုံးကွက်ကျ တူရိယာတခုချင်း တသံစီ တခုပြီးတခု တီးစေခြင်း စသည်တို့ကို အမျိုးမျိုး အမည်မည် တီထွင်ခဲ့ပါသည်။

တရုတ် ကြေးလင်ပန်း ကိုလည်း ဆိုင်းထဲ ထည့်သုံးဘူး၍ တရုတ်နဲ ပတ်စမ်း ဟူ၍လည်း ထွင်တီး ဘူးပါသေးသည်။

ဆရာ ဦးဗေဒါသည် ဇာတ်မင်းသားကြီး ဦးဖိုးစိန်နှင့် ၁၅ နှစ် ၁၆ နှစ်သားက အတူတွဲ၍ တီးခဲ့ က,ခဲ့ကြပြီးနောက် အသက် ၁၈ နှစ်မှ အသက်၂၇ လောက်တွင် တကြိမ် တွဲကြဘူးသည်။ သူတို့ နှစ်ယောက်သည် "သူငယ်ချင်း ဇာတ်ဆရာ" ဟု ဦးဗေဒါက ဦးဖိုးစိန်ကို ခေါ်၍ ဦးဖိုးစိန်က ဦးဗေဒါကို "သူငယ်ချင်း ရွှာစား" ဟု ခေါ်ပြီး ချစ်ခင်ရင်းနှီးမှု အလွန်ရှိသော်လည်း နောက်ပိုင်းတွင်ကား တဦးနှင့်တဦး သဘောချင်း သိပ်မတိုက်ဆိုင်၍ မတွဲဖက်မိ ကြတော့ပါ။ ဦးဖိုးစိန်၏သား ကဲနက်စိန် မင်းသားဖြစ်လာ၍ မန္တလေး ကျုံးဒေါင့်တွင် ရုံသွင်းလာသည့် အခါ ကျွန်တော် မင်းသား ဖြစ်လာပါပြီ၊ ဘဘကြီး လာကြည့်ပါဦးဟု ခေါ်သဖြင့်

သူငယ်ချင်းသား ဖြစ်၍ သံယောဇဉ် မကုန်သော ဦးဗေဒါက ကျုံးထိပ် ဇာတ်ရုံပြင်ဖက်မှ နေ၍ ကဲနက်စိန်၏ ပွဲကို အကဲခပ် နားထောင်ကြည့်သည်။

ဦးဗေဒါသည် မင်းသား ဦးစိန်ကတုံးနှင့် ၇ နှစ်မျှ တွဲဘူးသည်။ ရုပ်သေးတွင်လည်း ဆရာပုတို့၊ ဦးဖုးညိုတို့နှင့် တွဲတီးဘူးသေးသည်။ အောက်အရပ်တွင် မိုးရွာ၍ အောက်မှ မင်းသားများ မိုးပါးရာ မန္တလေးသို့ တက်လာကြရပြီး ဦးဗေဒါထံလာ၍ "ဆရာ ကျွန်တော်တို့ ကူပါဦး" ဆိုလာလျှင်လည်း ဆရာက စေတနာ မေတ္တာနှင့် ထိုမင်းသားနှင့် ဇာတ်အဖွဲ့ အလုပ်ဖြစ်အောင် ကူညီ တီးပေးတတ်ပါသည်။

ရွာစားကြီး စိန်ဗေဒါသည် အနုပညာနှင့် ပတ်သက်၍ ပြည့်နိုင်သလောက် ပြည့်အောင် တသက်ပန်လုံး ကြိုးစား ဖြည့်တင်းနေသူ ဖြစ်သော်လည်း ပညာသည်၏ မာနဟူ၍ ဝမ်းတွင်း၌သာ ကြိတ်ထားသည်၊ အပြင်တွင်ကား လူနှင့်လူချင်း ဆက်ဆံရာ၌ အလွန် နှိမ့်ချသူ၊ ပြေပြစ်သူ၊ နူးညံ့သိမ်မွေ့စွာ ဆက်ဆံတတ်သူ ဖြစ်လေသည်။

အနုပညာ သဘင်သည် လောကတွင် အချို့သော ပညာသည်များသည် မိမိကိုယ်ကို အမွှမ်းတင်သည့် အခါ ဘဝတူချင်းကို ဖိနှိပ်ပြောခြင်းဖြင့် ကိုယ့်ဂုဏ်ကို ဖေါ်ထုတ်တတ်ကြသည့် ချို့ယွင်းချက်များ ရှိတတ်ကြသည်။ ဦးဗေဒါသည် ဤချို့ယွင်းချက်မျိုးကို အထူး ရှောင်ရှားနိုင်သူ ဖြစ်လေသည်။ ထို့ပြင် အနုပညာ သဘင်သည် အချင်းချင်း ဆရာ ဦးဗေဒါနှင့် တွဲဖက်ရသည့် အခါ ထိုသူ၏ ပြောင်မြောက်သော အရည်အသွေးကို ဆရာက ဖေါ်ထုတ် ချီးမြှောက်ပေးတတ်သည့် ပညာနှင့် စေတနာလည်း ရှိလေသည်။ အနုပညာသည်ဟူသည် စွယ်စုံသူက ရှားသည်။ လူတယောက်တွင် တခုကောင်း နှစ်ခုကောင်း ဟူ၍သာ ရှိတတ်ပေသည်။ သို့ရှိသည့်လူများ ဆရာ ဦးဗေဒါနှင့် တွဲဖက်၍ ကြုံကြိုက်သလို အလုပ် လုပ်ကြရသည့် အခါ ဦးဗေဒါက ထိုသူ၏ အကောင်းဆုံး အရည်အသွေးကို ပွဲထုတ်ပေးပြီး ဤပညာသည်ကား ယခု ပွဲထုတ်ခြင်း ခံရသည့် ပညာတွင်မက အခြားပညာများတွင်လည်း ဤနယ် ကောင်းပေမည်ဟူ၍ ထင်မှတ်စေကြရန် ပြုလုပ်ပေးခဲ့တတ်သည်။

## ဆရာ့ဓာတ်ပြားများ

ဆရာ ဦးဗေဒါသည် ၁၉၃၆-ခုနှစ်က မင်းသား အောင်ဘညိုနှင့် တွဲ၍ ရန်ကုန် လိုက်သွားစဉ် တယောဦးဘရီနှင့် စန္ဒယားနည်းပြဆရာ ဦးဘလတ်တို့က ဆရာ့လက်သံကို ဓာတ်ပြားသွင်းပါရန် ပြောသဖြင့်၊ (၁) ရှစ်ဌာန သာလာယံ ဓာတ်ပြားနှင့် (၂) အသားမဲတီးလုံး ဓာတ်ပြားဟူ၍ ဓာတ်ပြား ၂ ချပ် စသွင်းခဲ့သည်။

ဆရာ ဦးဗေဒါ ပြန်လာသည့် အခါ ဦးဗေဒါ၏ ဓာတ်ပြားများ သိပ်ရောင်းကောင်းသဖြင့် ထပ်သွင်းပါဦးဟု ကုမ္ပဏီကဆို၍ နောက်တနှစ် ၁၉၃၇-ခုနှစ်တွင် ဓာတ်ပြား ၁၀ပြား သွင်းသည်။ သည့်နောက် ၁၉၄၀-ခုနှစ်တွင် ဓာတ်ပြား ၁၀ပြား ထပ်သွင်းသည်။ သည့်နောက် ၁၉၄၀ နှင့် ၄၁ ခုနှစ်တွင် ဓါတ်ပြား အပြား ၂၀ ထပ်သွင်းသေးသည်။ သို့သော် ကမ္ဘာစစ်ကြီး ဖြစ်လာသဖြင့် ကိုလံဘီယာ ဓာတ်ပြားကုမ္ပဏီက သွင်းယူသွားသည်များ ဓာတ်ပြားအဖြစ်နှင့် စုံအောင် ပြန်မလာတော့၍ ဓာတ်ပြားသွင်းသည်မှာ အပြားပေါင်း ၄၂ ပြား ဖြစ်သော်လည်း ဓာတ်ပြား ၃၀ ခန့်သာ ဓာတ်ပြား အဖြစ်နှင့် ထွက်လာခဲ့သည်။

ဆရာ ဦးဗေဒါ၏ ဆိုင်းသာမကဘဲ စောင်းသံကိုပါ ဓာတ်ပြားသွင်းဖို့ စီစဉ်သေးသည်။ သို့သော် စောင်းသံသွင်းလျှင် ဆိုင်းကြေးနှင့် မသွင်းနိုင်ကြောင်း၊ တချပ်ကို ၅၀ိ ရလိုကြောင်း ဆရာက တောင်းရာ ကုမ္ပဏီက ရောင်းရမှ ပေးပါရစေ၊ ပထမ ဆိုင်းကြေးနှင့် သွင်းပါဟု ဈေးဆစ်၍ ဆရာက မသွင်းဘဲ နေလိုက်တော့သည်။ ရိုးကုမ္ပဏီနှင့် တွဲနေသည့် ကိုလံဘီယာ ကုမ္ပဏီသည် ဆရာ ဦးဗေဒါ၏ တီးသံကို ဓာတ်ပြားသွင်းယူသည့်အခါ ပတမတပြားကို အသားတင် ၁၅ဝိ ပေးသည်။ သူတို့က ဆိုင်းဓာတ်ပြားမို့ အငြိမ့် ဓာတ်ပြားကဲ့သို့ ရောင်းကောင်းမည် မထင်ခဲ့။ သိပ်ရောင်းကောင်းလာသည့် အခါ တပြား ၃၀ိ ပေးသည်။ ပို၍ ရောင်းကောင်းလာသည့် အခါ ကြေးကို ၃၀ိ က တိုးမပေးတော့ဘဲ ပစ္စည်းကို လက်ဆောင်အဖြစ် ပေးသည်။ အရင်းရှင် အလွန်ပီသသည့် ကုမ္ပဏီဖြစ်လေသည်။

ဆရာ့ ဓာတ်ပြားအချို့သည် ဆရာ့အသက် ၅၈ နှစ် အရွယ်တွင် တီး၍ သွင်းထားခဲ့ခြင်း ဖြစ်သော်လည်း ပျိုရွယ်သည့် ဆိုင်းဆရာများပင် လိုက်တီး၍ မမီအောင် ရှိသည်။ ဆိုင်းပညာအနေနှင့် ဆရာ ဦးဗေဒါ တီထွင်ကြိုးပမ်းခဲ့မှုများ ဓာတ်ပြားသွင်း၍ ဖြန့်ဝေနိုင်ခြင်းဖြင့် ဗမာပြည် တနံတလျား ဒေါင့်စေ့အောင် ပြန့်နှံ့သွားသည်များလည်း ရှိခဲ့သည်။ ဆရာ့မှု ဆရာ့စံနှစ်ကို မပျောက်မပျက် ကြားနာနိုင်ပေသည်။

< ပုံ ၁၁ - ဓာတ်ပုံ - စိန်ဗေဒါနှင့် ဒေါ်စိန်မေတို့ ငယ်စဉ်က မြေးငယ်ကလေး တဦးနှင့်အတူ >

ဆရာ ဦးဗေဒါ၏ ဆိုင်းမှဆိုသည့် သီချင်းများကို ရေးစပ်ပေးသူများမှာ ဦးသက်တင်၊ နန်းတော်တောင် ဆရာခင်၊ မြို့မငြိမ်း၊ ဆရာ ဦးသောထယ်နှင့် နန်းတော်ရှေ့ ဆရာတင် ဖြစ်ပါသည်။

သီချင်းရေးဆရာ မြို့မငြိမ်းခေါ် ကိုကျော်ငြိမ်းမှာ ဆရာ ဦးဗေဒါ၏ အိမ်နီးချင်း ဖြစ်သည်။ မြို့မငြိမ်း၏ အိမ်မှာ ရှေ့တော်ပြေးဝင်း မြောက်ပေါက် ဦးဗေဒါ နေအိမ်နှင့် ကပ်လျက် အနောက်ဖက်ကအိမ် ဖြစ်ပါသည်။ ဆရာငြိမ်းသည် ဂီတကို ခံယူတတ်သည့် နား ဆရာဦးဗေဒါအိမ်က ရသည်ဟု ဆိုလျှင် မမှားပေ။ ဆရာငြိမ်းက ဦးဗေဒါကို ဦးလေးမောင်ဟု ခေါ်ပြီး ကလေးအရွယ်ကတည်းက ဝင်ထွက်သွားလာနေသည်။

ဆရာငြိမ်း သီချင်းများ ရေးစပ်လာသည့် အခါ သူရေးပြီး သီချင်းများကို ဆရာငြိမ်းက သူ့ဦးလေးမောင်ကို လာပေးပြီး ဦးလေးမောင် တီးပါဟု အတီးခိုင်းသည်။ သူ့ မြို့မဖွဲ့သားတွေကိုလည်း သူ့ဦးလေးမောင် တီးသည်ကို လာနားထောင် လှည့်ကြ၊ တီးပုံ၊ မှုတ်ပုံ၊ အဆစ်ပေးပုံ၊ မောင်းပေးပုံကို မှတ်ကြဟု ခေါ်ပြီး နားထောင်ခိုင်း တတ်သည်။

ဆရာ ဦးဗေဒါသည် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသည့်အခါ မန္တလေးမြို့တွင် မနေဝံ့၍ ကပိုင်သို့ စစ်ပြေးသည်။ ဂျပန်များဝင်၍ အတန်ကြာသည့် အခါ မန္တလေးသို့ ပြန်နေသည်။ ထိုအခိုက် လည်ချောင်း နာလာသည်။ လည်ချောင်းနာမှာ တနေ့တခြား ဆိုးဝါးလာသဖြင့် ၁၃၀၄ ခုနှစ် တော်သလင်း လဆုတ် ၉ ရက်နေ့တွင် ဇနီး ဒေါ်စိန်မေနှင့် အိမ်သူအိမ်သားများပါ ခေါ်၍ ရန်ကုန်သို့ ကားဖြင့်ဆင်းပြီး အလွန် ချစ်ခင်လှသည့် ဆရာဝန်ကြီး ဒေါက်တာ ဘသန်း ရှိရာသို့သွား၍ ရောဂါကို ပြကြလေသည်။

ဆရာဝန်ကြီး ဒေါက်တာ ဘသန်းနှင့် ဦးဗေဒါမှာ ငယ်ငယ်ကတည်းက သိကျွမ်း ခင်မင် ခဲ့ကြသူများ ဖြစ်ကြသည်။ ဆရာဝန်ကြီး ဒေါက်တာ ဘသန်းသည် မန္တလေး ဆေးရုံတွင် ၁၉၂၂ ခုနှစ်မှ ၁၉၂၇ ခုနှစ် အထိ အလုပ် လုပ်ခဲ့ဘူးသည်။ ထိုစဉ်က ဆရာဝန်ကြီး ဦးဘသန်းမှာ "ရှမ်းကလေး" ဟု ခေါ်ကြသည့် ဘော့သမားကောင်း တယောက် ဖြစ်သည့်အလျောက် မန္တလေးမှ တခုတည်းသော နာမည်ကြီး အရပ်သားသင်း ဖြစ်သည့် ဘားမားစီဗီလျံ ဘော့သင်း၌ ဝင်၍ ကစားသည့် ဘော့သမား ဖြစ်လေသည်။ ထိုစဉ်က ဦးဘသန်းသည် ဘော့သင်း မန်နေဂျာ ဦးကျော်စွာ၏ နေအိမ် ရေ့တော်ပြေးဝင်းသို့ မကြာခဏ လာသည်။ လာရင်းလမ်း၌ ဆိုင်းသံကြား၍ မေးကြည့်ရာ ရေ့တော်ပြေးဝင်းပေါက်မှ ဆိုင်းတီး တီးနေသည့် အိမ်မှာ စိန်ဗေဒါ၏အိမ် ဖြစ်သည်ဆို၍ ဆရာဝန်ကြီး ဦးဘသန်းမှာ အတီးအမှုတ်တွင်လည်း ဝါသနာပါသူ ဖြစ်သည့်အလျောက် ဦးဗေဒါနှင့် ဝင်၍ မိတ်ဖွဲ့သည်။ ဦးဗေဒါကလည်း ဘော့လုံးဝါသနာအိုး ဖြစ်၍ ဘော့သမား "ရှမ်းကလေး" ခေါ် ဆရာဝန်ကြီး ဦးဘသန်းနှင့် စိန်ဗေဒါတို့ ထိုအချိန်က စ၍ သိကျွမ်း ခင်မင် သွားကြသည်။ နောက်တွင်ကား ဦးဗေဒါ ရန်ကုန်လာတိုင်း ဆရာဝန်ကြီး ဦးဘသန်း ရှိရာသို့ လာမြဲဖြစ်၍ ဦးဘသန်းကလည်း မန္တလေး ရောက်တိုင်း စိန်ဗေဒါနှင့် တွေ့လေ့ရှိပြီး အလွန် ချစ်ကျွမ်းဝင်သည့် မိတ်ဆွေများ ဖြစ်သွားကြ လေတော့သည်။ ဆရာ ဦးဗေဒါ လည်ချောင်းနာသည် ဆို၍ ရန်ကုန်ဆေးရုံကြီးသို့ လာပြသည့်အခါ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်မှာ ဆရာမကြီး အဖြစ်နှင့် ရန်ကုန် ဆေးရုံကြီးတွင်ရှိ၍ ဆရာဝန်ကြီး ဒေါက်တာ ဘသန်းသည် ဒေါ်ခင်ကြည်နှင့်အတူ ဦးဗေဒါ၏ ရောဂါကို ကြည့်ကြ၍ မြင်ရလျှင်ပင် ဆရာဝန်ကြီး ဦးဘသန်းမှာ ရုတ်တရက် မျက်နှာပျက်၍ သွားသည်။ သို့သော် ပြန်လည် သိမ်းဆည်းလျက် ဦးဗေဒါ စိတ်ချမ်းသာအောင် ပြောပြ၍ ဆရာဝန် တယောက်ကို ဆေးထိုးလွှတ်မည့် အကြောင်း ပြောပြပြီး တည်းအိမ်သို့ ပြန်စေသည်။ ဦးဗေဒါမှာ လမ်းတွင် ၃ ည အိပ်ခဲ့ရ၍ ရန်ကုန်သို့ တော်သလင်း လဆုတ် ၁၂ ရက်နေ့မှ ရောက်သည်။

ထို့နောက် ဆရာဝန်ကြီး ဦးဘသန်းသည် အခန်းတွင်းသို့ ဝင်၍ နမြောတသလောက်သူ မိတ်ဆွေ ဦးဗေဒါအတွက် မျက်ရည်များပင် ကျရှာသည်။ ဦးဘသန်း ဤမျှ စိတ်ထိခိုက်ရခြင်းမှာ အခြားကြောင့် မဟုတ်ပေ။ ဦးဗေဒါတွင် ဖြစ်ပွားလာသည့် ရောဂါမှာ Cancer Larynx ခေါ်သည့် လည်ချောင်း ကင်ဆာရောဂါ ဖြစ်သည်။ ဤကင်ဆာသည် လူ့လည်ချောင်းတွင်း၌ အသံဖြစ်ပေါ်ရာ နေရာတွင် ပေါက်ခြင်းဖြစ်ရာ ထိုအချိန်က ၎င်းကို ခွဲစိတ်ထုတ်ယူ ပစ်ခြင်းလည်း မပြုနိုင်၊ ယခုခေတ်ကဲ့သို့ ရေဒီယေးရှင်းခေါ် ရေဒီယို ရောင်ခြည်ဖြင့် ကုသပေးစရာလည်း မရှိ။ ထို့ကြောင့် ဦးဘသန်းမှာ သူချစ်လှသော သူ့မိတ်ဆွေအတွက် သူဘာမှ မတတ်နိုင်သည့် အခြေတွင် တွေ့ရသောကြောင့် ယူကြုံးမရ ငိုကြွေးမိခြင်းဖြစ်လေသည်။

(ဤကင်ဆာမျိုးနှင့်ပင် စိန်ဗေဒါကြီး၏ အစ်ကို ဆရာစိမ့်၏ဇနီး ဒေါ်စိန်မြိုင်လည်း ဆုံးသည်။ သူ့မောင် ဇာတ်ဆရာ ဦးဖိုးစိန်လည်း ဤရောဂါဖြင့်ပင် သေဆုံးရှာသည်။)

ဆရာဝန်ကြီး ဦးဘသန်းက ဒေါက်တာ မြင့်ဆွေကို ဦးဗေဒါတို့ တည်းခိုရာ အိမ်သို့ ဆေးထိုး လွှတ်သည်။ ၁၃၀၄ (၁၉၄၂) ခု တော်သလင်း လပြည့်ကျော် ၁၄ ရက်နေ့တွင် ဒေါက်တာ မြင့်ဆွေလာ၍ ဆေးထိုးသွားအပြီး ၁၅ မိနစ်မျှ အကြာ၌ ဦးဗေဒါသည် ည ၇ နာရီတွင် တည်းအိမ်မှာပင် အနိစ္စ ရောက်ရှာလေသည်။ ဆရာ ဦးဗေဒါ တည်းသည့် အိမ်မှာ သူအလွန်ချစ်ခင်သည့် ရွှေတောင်တန်း၊ အောက်လမ်း နံပါတ် ၅၂မှ စာရေးကြီး ဦးစောမောင် အိမ် ဖြစ်သည်။ သီတင်းကျွတ် လဆန်း၁ ရက်နေ့တွင် ကြံတောသုသာန်၌ သင်္ဂြိုလ်ရာ စစ်ကြီးအတွင်း လေကြောင်းရန်ကို ကြောက်ရသည့် ခေတ်ကြီး ဖြစ်ပါလျက် ရန်ကုန်မြို့ လူထုက စည်စည်ကားကား လိုက်ပို့ သင်္ဂြိုလ်ရှာကြသည်။

ဦးဖိုးစိန်မှာလည်း "သူငယ်ချင်း ဆိုင်းဆရာရယ် သေမှ တွေ့ရတော့တယ်" ဟု ဆိုပြီး ငိုလာသည်။ ဦးဖိုးစိန်၏ ဇနီး ဒေါ်ကြင်ယုံ၊ ဆိုင်းဆရာ ဦးဘမောင်၊ အဆိုတော် ဒေါ်စောမြကြည်နှင့် ဦးတင် စသူတို့လည်း အသုဘသို့ လာကြသည်။

ကြံတောသုသာန်သို့ ရောက်သည့်အခါ ရန်ကုန်မြို့ရှိ စိန်လက်သန်း ဆိုင်းနှင့် ရွှေတိုင်ညွန့် ကိုအေးမောင် ဆိုင်းအဖွဲ့ ၂ ဖွဲ့က သုသာန်မှ စောင့်နေနှင့်ကြပြီး "နေမျိုးဗလ ကျော်သူဘွဲ့ရ ရွှာစားကြီး စိန်ဗေဒါမှာ ရွှာစား မင်းမျိုး အခစား အမှုထမ်းဖြစ်သည့် အတွက် ဆိုင်း ၂ ဆိုင်းနှင့် တခဲနက် စည်တော်ယွမ်း၍ ရွှာစားမင်းအလောင်းကို ကြိုပါသည်"ဟု ဆိုပြီး စည်ယွမ်းကြသည်။ စိန်ဗေဒါမှာ ရွှာစားနှင့် နေမျိုးဗလ ကျော်သူဘွဲ့ရ ဖြစ်၍ ဆရာ၏ နှုတ်ခမ်းနှင့် လက်များကို ရွှေချထားသည်။

အသက် ၁၉ နှစ်က ပေါင်းခဲ့သည့် ဇနီးသည် ဒေါ်စိန်မေမှာ ဆိုင်းများကို မြင်၍ စည်သံကို ကြားကတည်းက မချုပ်တည်းနိုင်တော့သဖြင့် ငိုရင်း တက်သွားရှာ လေတော့သည်။ ဤတွင် ဇာတ်ဆရာ

ဦးဖိုးစိန်ကြီးက "စိန်မေရယ် မငိုပါနဲ့၊ တော်ပါတော့ကွာ၊ ငါ ဖိုးစိန် ဆိုပေမယ့် ဘယ်နေရာမှာ ဘယ်လိုသေရမယ် မသိဘူး၊ ဒီအဖြစ်ကို မင်းကျေနပ်ပါတော့" ဟု ပြောဆို ဖျောင်းဖျလေသည်။

ကြံတောတွင် ဆရာ့အလောင်းကို မီးသင်္ဂြိုလ်၍ မန္တလေးသို့ အရိုးများ ပြန်ယူခဲ့ကြသည်။ ဆရာ့ရောဂါကို ကင်ဆာမှန်း မသိကြ၍ ဇနီးနှင့် တပည့် သားမြေးများက သေမည် မထင်ခဲ့ကြပေ။ ဆရာကိုယ်နှိုက်ကလည်း သေမည် မထင်။ ထို့ကြောင့် ပြန်ကျန်းမာလာလျှင် ခေတ္တ သက်န်းဆည်းမည်၊ အသက်ကြီးပြီ ဖြစ်၍ ပင်ပန်းသည့် ဆိုင်းကို မတီးဘဲ စောင်းတီးမည်ဟု ပြောပြီး ရန်ကုန်သို့ ဆေးကုဆင်းကြခြင်း ဖြစ်လေသည်။

ဆရာ ဦးဗေဒါနှင့် ဒေါ်စိန်မေတွင် ထွန်းကားသည့် သားသမီး တယောက်မှ မရှိပေ။

သို့သော် တပည့်သားကား အများပင် ရှိပေသည်။ ဆရာ ဦးဗေဒါ၏ ပထမ တပည့်များတွင် ဗလာဆိုင်းဆရာ စိန်ငှက်ရိုး၊ ရုပ်သေးဆိုင်းဆရာ ဦးရာကျော်၊ မလှိုင်မှ ဗလာဆိုင်းဆရာ ဦးအုံးရွှေ၊ ကျောက်ပန်းတောင်းမှ ဗလာဆိုင်းဆရာ စိန်မောင်တင့်၊ နဲ့ဆရာ ဦးမြစိန်၊ ဦးထီအောင်၊ မြန်မာညွှန့် ဦးချစ်မောင်တို့ ပါဝင်ပေသည်။

ဒုတိယ တပည့်သားများတွင်ကား မန္တလေးမှ ဗလာဆိုင်းဆရာများ ဖြစ်ကြသည့် စိန်ကျော်တင့်၊ စိန်လှမောင်၊ စိန်မောင်ကို၊ စိန်ကျော်သောင်းနှင့် စိန်ကျော်တို့ ပါဝင်ကြ၍ မြင်းခြံမှ ဗလာဆိုင်းဆရာ ကိုမြဆောင်တို့ ပါဝင်ပေသည်။

စင်စစ် ယနေ့ဆိုင်းလောက တခုလုံးသည် ရွှေစား စိန်ဗေဒါကို မလေးစားသူ ဟူ၍ တယောက်မှ မရှိပေ။ နံပါတ် ၁ နေရာက ရှိသည့် ရွှေစား ဦးဟန်ပသည် ဦးဗေဒါကို အစ်ကိုကြီးဟု ခေါ်သူဖြစ်သည်။ နံပါတ် ၂ နေရာတွင် ရှိသည့် ဦးဘမောင်က "စိန်ဗေဒါသည် ဆိုင်းလောကမှ တဆူတည်းသော ဘုရား"ဟု သမုတ်သူ ဖြစ်သည်။ ကျန်ဆိုင်းသမားများ အားလုံးက စိန်ဗေဒါကို သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအဖြစ် အသိအမှတ် ပြုကြသည်ချည်း ဖြစ်သည်။

ဆရာ့တွင် တပည့်တွေအများ ရှိပါသော်လည်း ဆရာ ဦးဗေဒါသည် ဘယ် ဆိုင်းဆရာကိုမှ ငါ့တပည့် မင်း ပညာပြည့်ဝပြီ၊ ဆိုင်းတဆိုင်း ခွဲ၍ ထောင်ပေတော့ဟု ဆိုင်းခွဲပေးဘူးသည် မရှိပေ။ သူတို့ဖာသာ ခွဲထောင်ကြပြီး ရွှေစားကြီး စိန်ဗေဒါ၏ သားတပည့် ဟူသော အမည်ကို ခံယူနေကြခြင်း ဖြစ်လေသည်။ ဤသို့ ဖြစ်ရခြင်းမှာ ဆရာဦးဗေဒါ ကိုယ်တိုင်နှိုက်က သူ့ကိုယ်သူပင် သေတပန်သက်ဆုံး ပညာပြည့်ပြီဟု မထင်မြင်

မသတ်မှတ်ဘဲ သေသည်အထိ ပညာများ ဆည်းပူးဆဲ ဖြစ်သဖြင့် သူ့တပည့်များကိုလည်း ဘယ်သူ့ကိုမှ သူကပြည့်စုံပြီဟု မထင်သောကြောင့် သူ့သဘောနှင့် ဆိုင်းခွဲ၍ ထောင်မပေးခြင်း ဖြစ်ကောင်း ဖြစ်တန်ရာသည်။

ပန်တျာကျောင်းများ ယခုလိုမပေါ်မီ ရှေးကဆိုင်းပညာ သင်ယူရသည် ဆိုခြင်းမှာ ဆိုင်းဆရာကြီးများ အိမ်တွင် နှစ်ပေါင်းများစွာ လာရောက် နေထိုင်ပြီး တပည့်ခံခြင်း ဖြစ်ပါသည်။ ယင်းသို့လာ၍ ပညာယူရသည့် အခါ ယခုခေတ် ပန်တျာလို စတိုင်ပင် ထောက်ပံ့ကြေး ရဖို့ ဝေးစွ၊ တတ်နိုင်သည့် မိဘက မိမိတို့ သားသမီးများထံ စားရိတ်များ ထောက်ကြရသေးသည်။

ဆရာ ဦးဗေဒါအိမ်၌ ယခုလို ပညာလာ၍ သင်သူများမှာ အမြဲနေ ၂၀ -၂၅ ယောက် ရှိ၍ ဦးဗေဒါ၏ ဇနီးမှာ ဤတပည့် ၂၅ ယောက်လောက်ကို ရောမ စားအိုးကြီး တည်ပြီး ချက်ကျွေးရသူ ဖြစ်ပါသည်။

ဆိုင်းပညာ သင်ကြားသူများသည် ဆရာ့အိမ်၌ ပထမ ၃ နှစ်လောက် ဘာတူရိယာကိုမှ မတီးရ မခေါက်ရသေးဘဲ နားသင် အဖြစ်နှင့် နေကြရသည်။ ၃ နှစ်လောက် နားထောင်၍ချည်း နေသည့်အခါ၌ မိမိက ဘာမျှ မတီးတတ်သေးသော်လည်း နားရည်ဝနေမှုကြောင့် သူများ တီးနေသည်ကို သွားနားထောင်သည့်အခါ အသံစဉ်မှား၊ စည်းမှား၊ ဝါးမှား၊ အသံမှားများကို နားက သိနေသူဖြစ်လာသည်။ နားတတ်လာသည်။

ထိုကဲ့သို့ နားရည်ဝပြီးမှ ပထမ ပတ်စာထိုး သင်ရသည်။ သည့်နောက် ပစ္စည်းထိန်း တာဝန်ယူရသည်။ ပြီးမှ လင်ကွင်းကြီးကို စ,တီးရသည်။ ထို့နောက် ဝါးတီးသည်၊ ထို့နောက် စည်းတီးသည်၊ ထို့နောက် မောင်းတီးသည်၊ ထို့နောက် ကြေးတီးသည်၊ ပြီးမှ ဆိုင်းကို တီးရပါသည်။ ဆရာ ဦးဗေဒါ၏ သားတပည့် အမည်ခံ၍ ဆိုင်းခွဲထောင်ကြသူများသည် လူပျိုပေါက် အရွယ်လောက်က ဆရာ့အိမ် ရောက်ကြ၍ ၆နှစ်လောက် ကြာသည့်အခါ ကြေးတီးဘဝနှင့် ဖြစ်စေ၊ မောင်းတီးဘဝနှင့် ဖြစ်စေ မိဘအိမ် ခေတ္တပြန်သလိုလိုနှင့် ပြန်မလာကြတော့ဘဲ နေပြီး ကိုယ့်ဖာသာ တဆိုင်းထောင်ကြသည်က များပါသည်။

ဆရာ ဦးဗေဒါ၏ တပည့်များအနက် ဆရာအချစ်ဆုံး တပည့်များမှာ မြန်မာ့သွန့် ဦးချစ်မောင်၊ နဲ့ဆရာ ဦးမြစိန်နှင့် ဆိုင်းဆရာ စိန်လှမောင်တို့ ဖြစ်ကြသည်။ ဦးချစ်မောင်ရော ဦးမြစိန်ပါ ယခုအခါ မရှိကြတော့ပါ။ ဦးမြစိန် သေစဉ်က ဆရာ ဦးဗေဒါက လက်ရုံးတဖက် ပြုတ်ပြီဟု ပြော၍ငိုသည်။

ဆရာ စိန်ဗေဒါနှင့် တွဲကြသူများမှာ-

နဲ့-ဇေယျာကြင် ခေါ် ဦးသာကြင်၊ မြန်မာ့သွန့် ဦးချစ်မောင်၊ ဦးမြစိန်နှင့် ဦးထီအောင်။

ကြေးတီး-ကိုငှက်ရိုးနှင့် ကိုကျော်တင့်။

ပတ်မတီး-ဦးလွင်၊ ဦးတင့်ကြီးတို့ ဖြစ်ကြသည်။

ဆရာ့ ဆိုင်းဝိုင်းထဲတွင် နောက်ထိုင် ဝါးလက်ခုပ်ကိုင်များ ကိုလည်း ဆရာက ပရိသတ် အာရုံစွဲမက်စရာ လူများဖြစ်အောင် ပြုလုပ် ပေးထားသေးသည်။ ဆရာ့ ဆိုင်းနောက်ထိုင် နာမည်ကြီးများမှာ ဂုံညင်းနှင့် ရုပ်ဆိုးတို့ ဖြစ်သည်။ ရုပ်ဆိုး သေဆုံးချိန် ညိုစိမ့်ကိုခေါ်၍ ဂုံညင်းနှင့် ညိုစိမ့် တွဲခဲ့သည်၊ ဂုံညင်း သေသည့်တခါ ငပွကြီးကို ခေါ်၍ ထည့်သည်။ ထို့နောက် ဥသြကို ထည့်သည်။ ညိုစိမ့်၊ ငပွကြီးနှင့် ဥသြတို့မှာ ဆရာသေမှ ခွဲကြသူများ ဖြစ်သည်။

အဆိုတော် ဦးစိန်ခင်မှာ အသက် ၁၆ နှစ်သားက ဆရာခေါ်ထားပြီး အသက် ၄၀ အထိ ဆရာနှင့် ၂၄ နှစ်လုံးလုံး တွဲ၍ သီချင်းဆိုပေးရသူ ဖြစ်ပါသည်။

ဆရာ ဦးဗေဒါနှင့် ပတ်သက်၍ အချို့က ဆရာသည် ပညာဝှက်သည်၊ တပည့်တပန်းများကို ပညာပေး နည်းသည်ဟု ပြောသံများ ကြားဘူးပါသည်။ ဆရာ့အကြောင်းကို သေချာစွာ သိကြသည့် လက်ပွန်းတတီး တပည့်များ အမြင်တွင်ကား ဆရာ ဦးဗေဒါမှာ ပညာဝှက်သူ မဟုတ်၊ သို့သော် ပညာကို ကျိုးနွံစွာ ရှာသူမှ ပညာကို ပေးသည်။ လူအနေနှင့် နှိမ့်ချသလောက် ပညာအနေနှင့် ပညာမာန ကြီးသူကား မှန်သည်၊ ပညာချင်း ယှဉ်ရ ပြိုင်ရမည်ဆိုလျှင် အစ်ကိုအရင်း ဆရာစိမ့်ကိုသော်မှ အညံ့မခံ။ အရှုံးပေးလိုစိတ် မရှိ။ ဤနေရာတွင် ဆရာသည် ချိုးငှက်ကဲ့သို့ သူ့တောတွင် သူသာကူမည်၊ သူတပါးက ကျူးပြီး ကူလာလျှင် ခွင့်မပြုနိုင်သလို ရှိသည်ဟု ပြောကြသည်။ တခါက မန္တလေး သကျသီဟဘုရား အရှေ့ဘက် ဟသံပြဒါး ဦးကျော်၏ အလှူတွင် ဆရာစိမ့်ဆိုင်းနှင့် ဗေဒါကြီးဆိုင်း ၂ ဆိုင်း ပြိုင်ငှား၍ ၂ ဆိုင်း ပြိုင်တီးကြရာ ကြားကဝင်၍ ဆရာ ဦးဗေဒါ မခံနိုင်အောင် ဆွပေးသွားသည်။ ထို့ကြောင့် ဦးဗေဒါသည် အစ်ကို ဆရာစိမ့်နှင့် မနက် ၈ နာရီ အလှူ စချိန်မှ စ၍ ပြိုင်တီးသည်။ နေ့ ၁၂ နာရီတွင်လည်း အပြိုင်မရပ်သေး၊ နေစောင်းသည့် ၂ နာရီတွင်လည်း မပြီးကြ၊ ညနေ ၄ နာရီ ထိုးသည်တွင်လည်း မပြီးကြသဖြင့် ဖခင်ကြီးက "မတော်ဘူးလား တော်မလား" ဟုဆိုပြီး ဝင်ရိုက်မှ ပြီးလိုက်ကြသည်။ ဆရာ ဦးဗေဒါ၏ လက်များမှာ ဆိုင်းအတီး ကြာလွန်း၍ သွေးကျလာပြီး ဖားပြုတ်ကြီးလို ယောင်ခုံးလာသည်ဟု ကြားဘူးပါသည်။

ဟသံပြဒါး ဦးကျော်၏ အလှူတွင် ညီအစ်ကို ပြိုင်တီးခဲ့ခြင်းမှာ ဆိုင်း တဖွဲ့လုံးချင်း ပြိုင်တီးခြင်း ဖြစ်၍ တယောက်ချင်း စီးချင်းထိုးသလို အပြိုင်လည်း တီးဘူးပါသေးသည်။ ထိုကဲ့သို့ တီးသည်မှာ သူဌေး ကျောင်းတကာစိုး၏ အလှူတွင် ဖြစ်သည်။ ဤအလှူကလည်း ဆရာစိမ့်နှင့် ဦးဗေဒါတို့ ၂ ဖွဲ့ စလုံးကို ငှါးသည်။ ငှါး၍ အလှူမတိုင်မီ ပွဲဝင်ညတွင် ညီအစ်ကို ၂ ဦး ကိုယ့်ဆိုင်းနှင့်ကိုယ် ပရိသတ်အား ည ၉ နာရီအထိ အပြိုင်တီး၍ ဧည့်ခံလိုက်ကြသည်။ ၉ နာရီတွင် ဘုံဧည့်ခံပွဲ ပြီးသည့်နောက် ဆိုင်း ၂ ဝိုင်းကို မကျာပ်ထဲသို့ ရွှေ့စေသည်။ ရွှေ့ပြီး ဆိုင်းဝိုင်း ၂ ဝိုင်း၏ အလယ်တွင် အဆိုကျော် ဦးလူကြီး၊ အဆိုကျော် ဦးပေါ်ဦး၊

အဆိုကျော် ဆရာမှန်းကြီးတို့က စည်းကိုင်၍ တယောက် သီချင်းတပုဒ်စီ ဆိုကြပြီး ဆရာစိမ့်နှင့် ဦးဗေဒါတို့အား သီချင်းတပုဒ်ထဲကို တကျော့စီ ဝင်၍ တီးကြစေသည်။

စည်းမပျက် တကျော့စီ ညီအစ်ကို ၂ ယောက် ကိုယ့်ဆိုင်းနှင့်ကိုယ် တီးခြင်းကို လေ့သင်း အတွင်းဝန်မင်း၊ ဒေဝအိန္ဒာ မောင်မောင်ကြီး၊ ဝက်မစွတ် ဝန်ထောက်မင်း၊ ဦးမောင်မောင်ကျော် စသူတို့က နားထောင်ကြ လေသည်။

ထိုညက နားထောင်သူများ၏ ဝေဖန်ချက်မှာ ဆရာစိမ့်သည် တဖြိုးတည်း ညက်ညက်ညောညော တီးသည်။ ဗေဒါက စည်းအဖြတ်အတောက်တွင် ဖျောက်ချ၍ နောက်လူ မကောက်နိုင်အောင် လုပ်ပစ်ခဲ့သည် ဟူ၍ ပြောသံများ မှတ်သားရဘူးပေသည်။ ဦးဗေဒါနှင့် ဆရာစိမ့်မှာ ဆရာစိမ့်က အသက် ၇နှစ်မျှ ကြီးလေသည်။

ဆရာ ဦးဗေဒါသည် ပညာမာန ကြီးသည်နှင့်အမျှ ပညာရှာရာတွင်လည်း ရောင့်ရဲခြင်းမရှိ၊ ရပ်နားခြင်း မရှိသူ ဖြစ်သဖြင့် အချို့က ဗေဒါ ကျော်ခြင်းသည် ဆရာစုံသောကြောင့် ကျော်ခြင်းဖြစ်သည်ဟု ဝေဖန်ကြ ပါသည်။

ဆရာ့ တီးကွက်များနှင့် ပတ်သက်၍ ရှာစား စိန်တင်ဟန်က ဓာတ်ပြားကို ဖွင့်ကြည့်ပြီး နားစိုက်ထောင်ရာ ဆရာ့တီးပေါက်မှာ ဘယ်နေရာတွင် သူများနှင့် မတူသည့် တီးပေါက်တီးကွက် ပါသည်ဟု သတိပြုမိ၍ မှတ်ထားလျှင် နောက်တကျော့ ပြန်တီးသည့်အခါ ဤအပိုဒ်ပင် ဖြစ်လင့်ကစား ပထမအပိုဒ်နှင့် မတူဘဲ တမျိုးထွင်တီး ထားပြန်သည်ကို တွေ့သည်။ ထို့ကြောင့် ဆရာ့ တီးပေါက်တီးကွက်မှာ ဤလို ဖြစ်တန်ရာသည်ဟု တု၍ တီးကြည့်သည့်အခါ တီးမရတော့၊ စင်စစ် ဆရာတီးပုံသည် တီးသံကြားရုံဖြင့် နားကမှတ်ထားပြီး လိုက်တုတီး၍ မရပါ၊ ဆရာကိုယ်တိုင်က ဒါကို ဟောဒီလို တွဲတီးကွဟု လက်ထပ်ပြပေးမှ တီးတတ်မည့် အကွက်များ ဖြစ်ပါသည်ဟု ပြောပြသည်။

< ပုံ ၁၂ - ဓာတ်ပုံ - စိန်ဗေဒါ၏ အဆိုတော် ဦးစိန်ခင်>

ဆရာ ဦးဟန်ပကမူ အစ်ကိုကြီး (ဦးဗေဒါကို ခေါ်ခြင်းဖြစ်သည်) သည် အင်မတန် အမြော်အမြင်ကြီးသူ ဖြစ်သည်။ သူ ခဲခဲယဉ်းယဉ်း ကြိုးစားတီထွင် ထားခဲ့သည်များကို နောက်လူတွေက မှီဖို့၊ ဤအကွက်မျိုး ထွက်ဖို့ မလွယ်ပါဟူ၍ ပြောကြားသည်ဟု ဦးဟန်ပ၏ တပည့် စိန်တင်ဟန်က ပြောပြသည်။

ဆရာ ဦးဗေဒါ၏ အကွက်များမှာ ဆိုင်းနှင့် တီး၍ချည်းရသည် မဟုတ်၊ စောင်းနှင့် တီးလျှင်လည်း ရသည်၊ စန္ဒယားနှင့် တီး၍လည်း ရသည်၊ ပတ္တလားနှင့် တီးလျှင်လည်း ရသည်၊ အသံအတွဲအဖက်က အလွန်လည်း မှန်သည်၊ အလွန်လည်း ကောင်းသည့် အတွဲအဖက်မျိုး ဖြစ်သည်။

ထို့ကြောင့် သီချင်းရေးဆရာ မြို့မငြိမ်းက "ကျုပ်တို့က အဲဒီအိမ်က ညှော်ဝနေတဲ့ လူဆိုတော့ တခြား ညှော်ကို ခံလို့မရဘူး" ဟူ၍ ပြောသွားခြင်း ဖြစ်ပါလိမ့်မည်။

< ပုံ ၁၃ - ပန်းချီပုံ - ဗုံသုံးလုံးနှင့် ပတ္တလား ပုံ>

# အသားမဲ တီးလုံး

**တီး - စိန်ဗေဒါ**

**ရေး - ဆရာဦးသောထယ်**

**ဆို - ဦးစိန်ခင်**

" စိန်ဗေဒါ လူပုံကိုသာ ကြည့်လိုက်ပါတော့ဗျာ။

ဆိုင်းနောက်ထိုင်။ [ *ဘာပြောစရာ ရှိသလဲ* ]

(အသားမဲတာက အများက သက်သက်သရော်တာပါ) ၂ ။

ဆိုင်းနောက်ထိုင်။ [ *ဒါ ဘာဝ ပုဗ္ဗေစကိုး* ]

(သည်းညီး ခံလိုက်ပါဆရာ၊ ပရိသတ်က မသိလို့ ပြောကြရှာ) ၂ ။

ဆရာ့ မွေးစဉ်တုန်းက တခါ၊ လက်သည်ဆိုတာ ငွေ တမတ်ကယ်နဲ့ မကျေနပ်လို့၊ အကျိုးတခါ နဲ့စေဖို့၊ အိုးမဲထဲ ဆွဲ၍ နှစ်ခဲ့သဗျာ။

ဆိုင်းနောက်ထိုင်။ [ *အမယ်လေး ဒီအသားပေါ့ကွ၊ ဘီ အို စီသူဌေး လာဝယ်တာ၊ ရေနံထွက်တယ်ဆိုလို့။*
*မင်းပြောသလိုဖြင့် လကွင်းတီးတဲ့ ဘိုးညာဏ် ဖင် မီးစာတပ်ထွန်းရုံ ရှိတော့တာပေါ့* ]

(ဇမ္ဗူကျွန်းလုံး သိမ်းကြုံးပေါင်းရုံး၊ အားလုံးသိတဲ့ စိန်ဗေဒါ၊ ဟိုတနင်္ဂနွေ တပတ်က အထပ်ထပ် ကျွန်တော့်ကိုသာ) ၂ ။ ကျွန်တော့် ခေါ်ကာလေ၊ ငွေတမတ်ကယ်နဲ့၊ ဆရာ ကျေနပ်အောင်၊ သွားစမ်း စိန်ခင်ရာ၊ ကာတစ်တိုက်မှာတဲ့ ဗိုလ်မ မေးပြီးတော့၊ လိုသမျှပေး၍ ကျွန်တော့် အရဝယ်ခဲ့ပါ၊ အသားဖြူတဲ့ ဆေးဟာ တကယ်လှအောင်ပ၊ ဝယ်မရသော်ကြောင့် ကျွန်တော့် ကြံမိကြံရာသာ၊ ထုံး တကျပ်ဖိုးဝယ်ကာ ပြိမ်လေစွာ အချက်ကယ်ကြောင့်၊ စိန်ဗေဒါ ပက်လိုက်ရင် ဝက်ဖြူကြီးနဲ့ အင်မတန်တူတဲ့ ဆရာ။"

X X X X X

သီချင်း download link:

https://soundcloud.com/maungko/sbd-s1

# အလှူတော် မင်္ဂလာ တီးလုံး
# ရှစ်ဌာန သာလာယံ သီချင်း

**တီး - စိန်ဗေဒါ**
**ရေး - နန်းတော်ရှေ့ဆရာတင်**
**ဆို - ဦးစိန်ခင်**

"ဤကမ္ဘာ တုမရ၊ သီတာ မုခကဲ့သို့၊ ဝဇီရာ ဝုဓအစစ်၊ ထိန်ဝေဖြာ၊ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊ မြစ်အဖြာဖြာ ပေါင်းသကဲ့သို့၊ ချစ်စရာ ကောင်းပါတဲ့၊ ကာလသား ရွှာစား စိန်ဗေဒါ။

ဆရာမပါရင်လေ အလှူမဖြစ်သလောက်၊ ဇမ္ဗူရာဇ် တလျှောက်မှာဖြင့်၊ နန်းတော်ရှေ့ဆရာ၊ အတွေ့မှာ ရေးတာ။

ယခုဆိုမယ့် သီချင်းကတော့ ရှစ်ဌာန သာလာယံ အကြောင်းပေထင့်၊ ပတ်စာကောင်းကောင်း တပ်ပြီးတော့ ခေါင်းတဆတ်ဆတ်နဲ့ တီးတော်မူပ့ါ.... ဆရာ။

ကျောက်သံ ပတ္တမြားနဲ့ ရတနာရွှေငွေ၊ အောင်မြေစခန်းနဲ့ ဒို့မန်းပြည်ဌာန်၊ မရှိသောစကားကို မကြားရတဲ့ တရားဓမ္မနဲ့ စီရင်ဖြတ်ထုံးသံ၊ အို မေတ္တာမျှပြန်၊ ခေတ်အခါ သမယအမှန်၊ ရှစ်ဌာန သာလာယံ။

စိန်ဝဇီ ရောင်လျှံ၊ ကိန္နရီ မောင်နှံ၊ ဝဲယှက်ကာ၊ တွဲလျက်သာ၊ တွဲတွဲယှက်ကာ၊ မန္တလေးတောင် သေလာယံ၊ (သာသနာ ထွန်းခဲ့ပြန်- သာသနာ ထွန်းခဲ့ပြန်၊ မြန်မာရာဇာကို လွှမ်းဖွယ့် အမှန်၊ သာသနာ ထွန်းခဲ့ပြန်၊ ဘာသာ ထွန်းခဲ့ပြန်၊ တက်လူများ စဉ်းစားကြပါ အမှန်၊ မရှိစကားကို မကြားရတော့ပါ အမှန်၊ မေတ္တာမျှပြန်၊ ခေတ်အခါ သမယအမှန်၊ ရှစ်ဌာန သာလာယံ။

(နန်းတော်ရှေ့သား ပလ္လင်နားက တရားတော့် သံ၊ နာခံ နာခံ၊ ဘုန်းကျက်သရေတိုးလို့ ပါရမီဉာဏ် စာစီပြန်၊ မြန်မာပြည် သိဖို့ အမှန်) ၂ ၊ ရှစ်ဌာန သာလာယံ။ မြန်မာဆံဆံ ရေးထုတ်ပါတဲ့၊ သဘင်သည် အများကို၊ အကုန်ကြားရန်၊ နန်းတော်ရှေ့ ဆရာတင် စီရေးပြန်၊ ရှစ်ဌာန သာလာယံ"

X　X　X　X　X

သီချင်း download link:
https://soundcloud.com/maungko/sbd-s2

# အလှပြိုင်ပွဲ

**တီး - စိန်ဗေဒါ**

**ရေး - ဦးသက်တင်**

**ဆို - ဦးစိန်ခင်**

"ရှုလိုက်တိုင်း မရိုင်းပါတဲ့ ညိုညိုယဉ်ယဉ်၊

ဆိုင်းနောက်ထိုင်။ [ *ယဉ်ပ့ါ ခင်ဗျား* ]

ကိုယ့်ကိုကိုယ်တော့ အင်မတန် ချောတယ်ထင်၊ အလွန်တရာ လှတယ်ထင်၊ မှန်တင်ကိုသာ ကြည့်၍မြင်၊ စတိုင်ထုတ်တဲ့ သူ့ဖက်ရှင်၊ အလှပြိုင်ပွဲ သွား၍ဝင်။ ဖိုးရွှေလ တိမ်စင်၊ မြူမသန်းဘဲ ကြည်ကြည်လင်လင်၊ မြော်ကာတမ်းတ၊ မှန်းဆလျှင်၊ စန္ဒာမင်းကြီး ထွန်းလင်း ထွက်ပေါ်ရှင်။

လှပါပေ့၊ ချောပါပေ့၊ မကြည့်တတ်တော့ အရုပ်ဆိုးတဲ့ လူထင်၊ ( ကြည့်တတ်တော့) ၃ အဟုတ် တမျိုးဘဲယဉ်၊ စိန်ဗေဒါ၊ စိန်ဗေဒါ ညိုညိုကလေးနဲ့ ယဉ်၊ အလှပြိုင်ပွဲ သွား၍ဝင်။

နောက်ထိုင်များ။ [ *ဟယ်- ရှာစား စိန်ဗေဒါက အလှပြိုင်ပွဲ သွားမလို့ ဆိုပါကလား။*

*ချောလဲချော လှလဲ လှပေတာကိုးကွ။*

*ဒို့ဆရာ ဒါလောက် အရုပ်မဆိုးပေါင်ကွာ၊ ရှေးက ပေါ်ရာဇာတောင်ရှိသေး၊ ဖြူတော့ဘာဖြစ် ဆိုလား၊ ညိုတော့ဘာဖြစ် ဆိုလား။*

*ဟ- အသားဖြူ မြင်းတပြေး၊ အသားညို ကွမ်းတကမ်းပါကွ* ]

စိန်ဗေဒါ အလှပြိုင်လို့ရှိရင်၊ ဘယ်သူ ဘယ်လို ချောချော၊ စံချိန်ချိုးလို့ ပထမတန်း ရဖွယ်၊ လှဆိုသမျှ အပေါ်တို့တွင်၊ ခေါင်တင် ချန်ပီယန်စွဲမယ့် သူ့ပုံသွင်။

အရုပ်ဆိုးတယ်ပြောရင် မခံချင်၊ အသေအချာကြည့်မှ ကျွန်တော့် ဆရာ ပေါ်ထင်၊

ဆိုင်းနောက်ထိုင်။ [ *ဒါပေ့ါ ခင်ဗျာ* ]

ညိုချောကြီး ပြုံးစိစိနဲ့ ယဉ်၊

ဆိုင်းနောက်ထိုင်။ [ *ယဉ်ပ့ါ ခင်ဗျာ* ]

စာရေးတဲ့ ဘိုးသက်တင်၊ ဥပမာ ပုံပြုလျှင်၊ ကိုယ့်ကိုယ်တော့ ချောတယ် လှတယ်ထင်၊ ဘယ်သူမဆို ချောတယ် လှတယ်ထင်၊ စိန်ဗေဒါ လမင်းကြီးလို ဝိုင်းဝိုင်းစက်စက် ချောမယ်လှမယ်ထင်၊ အလှပြိုင်ပွဲ သွား၍ဝင်။

လှပါပေ့၊ ချောပါပေ့၊ မကြည့်တတ်တော့ အရုပ်ဆိုးသူထင်၊ (ကြည့်တတ်တော့) ၃ အဟုတ် တမျိုးဘဲ ယဉ်၊ စိန်ဗေဒါ ညိုညိုလေးနဲ့ ယဉ်၊ အလှပြိုင်ပွဲ သွား၍ဝင်။"

X X X X X

သီချင်း download link:

https://soundcloud.com/maungko/sbd-s3

# ကပ္ပလီ

**တီး - စိန်ဗေဒါ**
**ဆို - ဦးစိန်ခင်**

<u>ခြေဆင်း</u> - စိန်ဗေဒါ အရှိန်ဝေဖြာ စိန်ဗေဒါ အရှိန်ဝေဖြာ အချို့ မြို့မြို့တိုင်းကတော့ စိန်ဗေဒါဟာလေ အသားဖြူမှာဘဲလို့ ထင်ကြရှာ၊ အော် ပါစင်အောင် လွဲမှာပေါ့ တခါ၊ ကပ္ပလီ အသားထက် နှစ်ပြားဘိုးလောက် ကျွန်တော်တို့ ဆရာက သာ။

"ကပ္ပလီ စိန်ဗေဒါ၊ ကမ္ဘာမှာ မွေးသည့်သတင်း၊ မြန်မာပြည် အတွင်းမှာ၊ တာရှည်လင်းတာ၊ ကမ္ဘာတည်ခြင်းမှာ၊ တက်နေဖြာ၊ အလှူတကာ ခိုင်းစေကြသလေ၊ သွန်းချွေ အောင်ဘိသေ။

(တိုင်းကျက်သရေ၊ မြို့ကျက်သရေ ရွှေစား ဆောင်သလေ) ၂ ၊ အလှူမင်္ဂလာ ဘိသိက်ပွဲမှာ၊ ဆင်နွဲသည့်ခါ၊ (တိုင်းနဂရာ၊ ဆိုင်းမဟာ ရွှေစား စိန်ဗေဒါ) ၂ ၊ အလှူမင်္ဂလာ ဘိသိက်ပွဲမှာ ဆင်နွဲသည့်ခါ"

**အသံ။ မြဝတီမင်းကြီးနှင့် မယ်ခွေးလေး။**
**စာသား။ နန်းတော်တောင် ဆရာခင်**

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s4

# ဓာတ်တူ နံတူ

**တီး - စိန်ဗေဒါ**
**ရေး - မြို့မငြိမ်း**
**ဆို - ဦးစိန်ခင်**

ခြေဆင်း။ " အသားဖြူ မြင်းတပြေးတဲ့ ရေးက စာမှာယူ၊ အသားတော် ညိုညို၊ ညိုညို ညိုညိုမူ၊ နန်းသုံး ထိုက်သူ၊ ဆိုကြသတဲ့၊ ဆေးတကမ်း၊ လက်တလှမ်းကပင် ကြည့်တိုင်းယဉ်တယ် ဆိုချင်သူ၊ စိန်ဗေဒါလို လူ ဘယ်လို ဆိုကြမလဲ၊ အနီးကြည့်၊ အဝေးကြည့် မှန်းစမ်းပါ၊ သွားလား အသားလား မမှားအောင် ဉာဏ်ဆောင်ယူ၊ အနီးကြည့် ပကတိ ယဉ်တယ် ဆိုပါမူ၊ ဒို့ဆရာ ရွာစား သွားကလေး ဖြီးသနဲ့၊ မြှောက်များပေးလိုက်ရင် အများကြီး ကြိုက်လိုက်မယ်..... ...... သူ။

အော်.... မြန်တိုင်းဇမ္ဗူ၊ နာမည်မွှေးလို့ကြူ၊ ထက်အောက်နိုင်ငံ ဂုဏ်သတင်းကြူ၊ အထူးဘွဲ့တံဆိပ်ခံယူ၊ ဂီရိရတနာ မြတ်ပါတော်မူ၊ ဟိုအနောက်နိုင်ငံ တော်ဘုရားက အပါးခေါ်ယူ၊ တေးသံစုံညင်း၊ နားတော်သွင်းစေတဲ့ နေမျိုးဗလ ကျော်သူ၊ အသားညိုညို သပိတ်နဲ့လဲတူ ရန်ကနားနဲ့ စံထား ပုံစံယူ၊ အော် ပြာပြာ ညိုညိုမှောင် သူ့ ဓာတ်ပြားနဲ့ အလားသာ သဏ္ဍာန်တူ၊ စိန်ဗေဒါကို သူ့အသွေး ဆေးဖက်ကိုယူ၊ ဓာတ်တူနံတူ။

အမြို့မြို့ အရွာရွာ အလှူအတန်းရှိမူ၊ ဆက်ဆက် ဖိတ်ကြား၊ မိတ်များက ခေါ်ယူ၊ (ဒို့မြန်မာ မင်္ဂလာအခါယူ၊ ဤဆိုင်းတော်ကြီး ဘိသိက်နည်းမူ၊ ကိုယ့်အမျိုး မညှိုးအောင် အကျိုးဆောင်သူ) ၂ ၊ အသား ကလမက်နဲ့ ပုံစံဆင်ဆင်တူ၊ အမိမြန်မာပြည် သားကောင်းတယောက် အဝင်သူ၊ အစဉ်ကြည်ဖြူ၊ ဒို့စိန်ဗေဒါ နေမျိုးဗလ ကျော်သူ။

(အရိုးရော အသားရော သောတနားဝယ် ယဉ်ကျေးတေးဖွဲ့သူ၊ လိုလေသေး မရှိတဲ့သူ၊ အများမိဘများ မြှောက်စား ကျေနပ်စွာ ကြည်ဖြူ) ၂ ၊ ကြာလေ ကောင်းလေ ဟောင်းသတဲ့၊ ဟိုခေတ် ဒီခေတ် အကုန်လုံးချစ်ပြန် နေမျိုးဗလ ကျော်သူ၊ စိန်ဗေဒါ- စိန်ဗေဒါ စိန်ဗေဒါ- စိန်ဗေဒါ- ရွာစား ပါရဂူ။

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s5

# မင်္ဂလာယင်မယ့် သတိုးသား

**တီး - စိန်ဗေဒါ**

**ရေး - ဦးသက်တင်**

**ဆို - ဦးစိန်ခင်**

စိန်ဗေဒါဆို။ "မပြောရင် မပီး၊ မတီးရင်ဖြင့် မပြည်၊ ဆိုရိုးစဉ်လာ စကားရယ်နဲ့ ၊ ပြောရမှာက အင်မတန် ရှ.... ရှက်သည်။

ဦးစိန်ခင်ဆို။ ရှက်မနေပါနဲ့ တပည့်တွေ သိပြီ။

စိန်ဗေဒါဆို။ ကိုင်း ဒါလောက် ရှိယင်ဖြင့်၊ အငြိမ့်မင်းသမီး တယောက် အချောအလှ ရှာအုံးမည်။

ဦးစိန်ခင်ဆို။ အဲဒါကြောင့်မို့ မင်္ဂလာယင်မယ့် သတိုးသား ခေါ်ပါပေသည်။

စိန်ဗေဒါဆို။ ဟား.... ဟား.... ဟား.... ဟား....။

ဦးစိန်ခင်ဆို။ စိန်ဗေဒါဟာ အရုပ်ဆိုးတာက အကြည့်တန်သည်၊ ဇယ်ဆိုလျှင် ချောချောလှလှ သူ့သဘောကျသည်။

စိန်ဗေဒါဆို။ ဆင်ယင်ရန်မှာ ထုံးစံအတိုင်းပ၊ ဆရာကဖြင့် တာဝန်ခံပါသည်။

[စကား။ ။ *ဟား....ဟား....ဟား....၊ ချာသာ ချပါကွာ၊ ဒီအတွက်တော့ မပူပါနဲ့၊ ပြည့်စုံပါတယ်*။]

ဦးစိန်ခင်ဆို။ (ခင်မင်တာ ပြောချင်သည်၊ အချစ်တူမျှမှ ကောင်းပါသည်) ၂ ၊ စိန်ဗေဒါ မင်္ဂလာယင်မယ့် သတိုးသား ခေါ်ပါသည်။

(ဒီလိုပါ ဆရာရယ်၊ မေတ္တာသဘောနဲ့ ပြောမည်၊ ရှာရင်လဲတွေ့နိုင်သည်၊ ရုပ်ရည် အချော လှဒေဝီ) ၂ ။ ရွေ့သွားနောက်လိုက် အင်မတန်ညီ၊ ကြီးရင်မှီလို့ ငယ်ရင်ချီ၊ ဆရာသက်တင်က စာအမြင်စီ၊ တပည့်တွေများက ဆရာစွန်တာ လွန်စွာ ကျေနပ်သည်။

(စိန်ဗေဒါ ကြံကြံစည်စည်၊ မင်္ဂလာယင်မယ့် သီချင်းကို ဆိုသည်) ၂၊ နားထောင် ကောင်းအောင် လုပ်ရပါသည်၊ ခမ်းခမ်းနားနား ဆန်းပြားတဲ့ တီးလုံး ကုမ္ပဏီ"

X X X X X

သီချင်း download link:

https://soundcloud.com/maungko/sbd-s6

# ရဲမြန်မာ တီးလုံး

**တီး - စိန်ဗေဒါ**
**ရေး - ဝိုင်အမ်ဘီ ဆရာတင်**

"ရဲရဲတောက် ဒို့ဗမာပြေ သတ္တိခဲတွေ
ရာဇဝင် ထိုးလောက်အောင် စွမ်းပေ
ကိုယ်လက်အင်္ဂါ ကျန်းမာလို့သာ
အာဇာနည် သွေးတွေ
အရိုးကို ကျေကျေ
ဒို့ပြေ - ဒို့မြေ
ခေတ်ဆွေးကို ပြောင်းပြန်
တက်ခေတ်ကို စီမံ တိုးတက်အောင် စိတ်သန်
ညီစေနော် ဒို့ရဲဘော်
ချီတက်ကြစို့ တူပျော်ပျော်
(ဘယ် ညာ) ၂
(ဗမာပြေ - ငါတို့ပြေ) ၂
ခင်ခင်မင်မင် အမျိုးကိုစောင့်ကြ
(ဘယ် ညာ) ၂
ပါတီတွေ - ဗမာပြေ
ဒီချိန်ခါ ညီညာစေ
ဗမာဆိုရင် ဓားကိုဆွဲလို့
ထွက်ဖို့ တော်ပြီလေ.... ...."

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s7

# မင်္ဂလာခြုံ တီးလုံး

**တီး - စိန်ဗေဒါ**
**ရေး - ဦးစိန်ခင်**

<u>နောက်ထိုင်များ။</u> [ *ငပွရေ....။*
*ဘာတုံးဟ-ညီစိမ့်။*
*နေမျိုးဗလကျော်သူဘွဲ့ရ ရွှေသိုင်းငှချက်တပ် ရှာစား စိန်ဗေဒါက မင်္ဂလာ ခြုံတီးလုံးနဲ့ အသုံးတော် ခံလိမ့်မယ် မောင်ရာ....။*
*အမယ်.... အသစ်အဆန်းတွေ ကြားရမှာပါ ကလားကွ။*
*သူငယ်ချင်းရေ.... မင်းကော ခြုံယူ အုံးမလား။*
*မယူချင်ပါဘူးကွာ....။ မင့်ခြုံ မင်း ပါးစပ်ထဲ ငုံထားပါတော့။* ]

(တပည့်အစည်းအရုံး လူပေါင်း အများနှင့်ကသာ မြို့တော်မှာ၊ ဇမ္ဗူ မငြီးစရာ ခြုံတီးလုံးနဲ့ ခင်ဗျာ ကန်တော့မှာ ) ၂ ထူးခြား၍ ရွှေနားတော် ဆင်ဖွယ်ရာ၊ (ယဉ်ကျေးတာ) ၂ ၊ ရွှေငွေ ရတနာ တိုးတက်ပါစေ အဝေရာ မေတ္တာရေ ထောပနာ တက်နေ၊ ဩဘာ ကျက်သရေ၊ ဆုမေတ္တာဝေ၊ ကျန်းမာ၍ ချမ်းသာစေ၊ စိန်ဗေဒါ တေးဂီတသဘင် မင်္ဂလာသီချင်းနဲ့ ကန်တော့ပန်း ဆင်။

လေ လေး လေးလေးလေး - လေ လေး လေး လေး လေး၊ လေ လေး လေး လေး လေး။ ဆေးတံတို တည့်ိုလောက် ရော့ သောက်တော့ ပေး၊ ဆေးတံတို တည့်ိုလောက် ရော့ သောက်တော့ ပေး။ မယူ လိုက်ရင်လ မိုက်တယ်လို့ ဆိုလိမ့်မယ်၊ ယူပြန် လိုက်ရင်လ ကြိုက်တယ်လို့ ဆိုလိမ့်မယ်။ သောက်စေချင် သလေလေ့ သောက်စေချင် သလေလေ့၊ ကုတင်မှာ ထောင်ခဲ့တော့ ညိုနွဲ့ရဲ့လေး၊ ကုတင်မှာ ထောင်ခဲ့တော့ ညိုနွဲ့ရဲ့ လေး၊ လေ လေး လေး လေး လေး၊ လေ လေး လေး လေး လေး”

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s8

# ပပဝင်းဝင်း

**တီး - စိန်ဗေဒါ**
**ရေး - နန်းတော်ရှေ့ဆရာတင်**
**ဆို - ဦးစိန်ခင်**

"(စိန်ဗေဒါ အသားနက်သတဲ့၊ မတရားသက်သက် သရော်တာတွေဟာ၊ ကျွန်တော်မခံချင်ဘူး ဆရာ၊ အသားတမျိုးလုဖို့ ပြောပြ လိုသည်မှာ) ၂။

တလမကြာပါ လုလာမှာ၊ ညညအခါမှ ကတ္တီပါရေ အစစ်ကိုသာ မှန်မှန် လိမ်းခဲ့ပါရင်၊ ပေါင်ဒါ ရိုက်ကာ ကျနခြင်းကြောင့် ပပဝင်းလို့ ခေါ်ကြမှာ၊ ရတနာ အသားဝါဝါ ကျူပ်တို့ ရွှာစား ဆရာ။

<u>နောက်ထိုင်များ။</u> [ *ညီ့စိမ့်ရေ....။*
*ဘာတုံးဟ ငပွကြီး။*
*ဒို့ရွှာစားကြီး အသားနက်တယ် ဆိုလို့ ကိုစိန်ခင်က မခံချင်ဘူးတဲ့မောင်ရာ။*
*ကိုစိန်ခင် မခံချင်ရင် မင်းခံ။*
*မလုပ်ပါနဲ့ မောင်ရာ၊ တပေါင်း တန်ခူး ဝမ်းမနှုး ကောင်းပါဘူး။* ]

အသားနက်တာ၊ အများမက်စရာ၊ ပြောကြလွန်းလို့ ဆရာ၊ စိစိကြည့်တော့၊ ပိပိယိယိ၊ ဝတ်ပုံစားပုံ ခေတ်ဆံတာ၊ အမျိုးစရိုက်မို့၊ အဖိုးထိုက်စွာ၊ သိုက်သိုက် မြိုက်မြိုက် ရှိပေတာ)၊ ဘိုက်က ဝဝ၊ အဆက်က ဂင်တို၊ ပုတယ် ဆိုပြန်တာ၊ ရွှေနန်းတော်ရှေ့ ယနေ့တွေ့တော့၊ မေး၍ စာစီတာ၊ (ပပဝင်း) ၂ သီချင်းစာမှာ ဆရာ ပါလာတာ"။

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s9

# လှေလှော်သံ

"(ဆိုင်းတော် ကျက်သရေ မင်္ဂလာ) ၂။ (ကိုလံဘီယာ သူဌေးများ မိန့်ပါ၊ ဓာတ်ပြားမှာ အပ်သွားဆက်ကာ သွင်းရမတဲ့ ဆရာ)၂။

(မနကြေးငွေ ဆိုသမျှ မလိုရ) ၂။ သဘင်သည် အပေါင်း အကောင်းဆုံး ရွေးချယ် ကြံတတ်ပေတယ်။

(အသားနက်တာ၊ အများမက်စရာ၊ ပြောကြလွန်းလို့ ဆရာ၊ စိစိကြည့်တော့၊ ပိပိယိယိ၊ ဝတ်ပုံ စားပုံ ခေတ်ဆံတာ၊ အမျိုးစရိုက်မို့၊ အဖိုးထိုက်စွာ၊ သိုက်သိုက် မြိုက်မြိုက် ရှိပေတာ) ၂။ ဘိုက်က ဝဝ၊ အဆက်က ဂင်တို၊ ပုတယ် ဆိုပြန်တာ၊ ရွှေနန်းတော်ရှေ့ ယနေ့တွေ့တော့၊ မေး၍ စာစီတာ၊ (ပပဝင်း) ၂။ သီချင်းစာမှာ ဆရာ ပါလာတာ။"

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s10

# အင်္ဂလန် ပတ်စမ်း

"(ကြာလှပါပြီ ခင်ဗျာ၊ ကာလသားတွေ တောင့်တ လှပါပေ့၊ စိန်ဗေဒါ စောင့်ရတာကြောင့် ဖြောင့်ဖြောင့်မှ စက်မပျော်) ၂။

(ဘယ်လို တီးကွက်ဟာ ဘယ်လို ဆန်းမလဲလို့၊ တမ်းတလှကြပေ့၊ ယခုပ ပျော်ပျော်) ၂။

တစ်ထောင်ကျော် သုံးရာနှစ်ခုနှစ် အတွင်းကသာပ၊ စိန်ဗေဒါက သွင်းလိုက်ပါတဲ့ အင်္ဂလန်က တီးလုံးရယ်လို့ ကျော်"

(*အင်္ဂလန်ပတ်စမ်း တီးလုံး*)

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s11

# ပဋ္ဌသိမ်သီချင်း

**တီး - စိန်ဗေဒါ**
**ရေး - ဦးသက်တင်**
**ဆို - ဦးစိန်ခင်**

"အတိတ်ကောင်းဖို့ ဆိုတာမှာလေ၊ ရှိန်ဝေဖြာဖြာလှိုင်း၊ နိမိတ်ကောင်းတဲ့ ထိုစာ စိန်ဗေဒါမှာဆိုင်း၊ ပညာရှိတဲ့ ထိုဆရာ၊ သဘင်မဟာကဝိလို့ ဆိုတာ၊ မင်္ဂလာရှိတဲ့ ထိုစာ၊ ကိန်းအရှည် တမျိုးထောက်ကာ၊ ပဋ္ဌသိမ်ဓာတ်ပြား သီချင်း နားထောင်ရင်းသာ၊ သိန်းထီ ထိုးရင် ပေါက်ကြပါလိမ့် ခင်ဗျာ။

(ပဋ္ဌသိမ်တဲ့ အမည်သညာ၊ ယောင်ငါးထုံးနဲ့ ထိုဆရာ၊ ဗေလုဝရယ်လို့ မည်သံသာ၊ အာကာထက်လမ်း နတ်နန်း ဝတီသာ၊ ထိုစောင်းသံကြား အများဒေဝါ၊ စိတ်ရွှင်ပျပျော်မြူးနားဝင်သာ) ၂၊ ကြားကြားသမျှတို့ ဘုမ္မဒေဝမှာ၊ ကြုံပလေ ကြရှာ၊ အကုန်မနေ ကြွလာ၊ နတ်သမီးဘုံက သာ။

(<u>သံပြိုင်</u>) (အဆင်းငါးဖြာ ) ၂၊ ကမ္ဘာ ငယ်လေ ရှည်ကြာမြင့်ညောင်း အကြောင်းကဲလွန်စွာ၊ ပဋ္ဌသိမ် နတ်သားနဲ့ မခြားတဲ့ စိန်ဗေဒါ။

(အင်မတန်ထူးတဲ့ တာဝတီသာ၊ အလှူအတန်းတွေ များတဲ့ ဗမာပြေမှာ၊ စိန်ဗေဒါ ဆိုင်းကသာ၊ အများက အားပေးတာ) ၂၊ မြို့တိုင်းပ စေတနာ၊ ရွာတိုင်းပ စေတနာ၊ စိန်ဗေဒါရဲ့ ရွှေဆိုင်းတော်နဲ့ လှူကြတန်းကြတာ"

(<u>သံပြိုင်</u>) (အဆင်းငါးဖြာ ) ၂၊ ကမ္ဘာ ငယ်လေ ရှည်ကြာမြင့်ညောင်း အကြောင်းကဲလွန်စွာ၊ ပဋ္ဌသိမ် နတ်သားနဲ့ မခြားတဲ့ စိန်ဗေဒါ။

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s12

# အလှူတော် မင်္ဂလာ သီချင်း

**တီး - စိန်ဗေဒါ**
**ရေး - ဦးသက်တင်**
**ဆို - ဦးစိန်ခင်**

"(စိန်ဗေဒါ၊ ဘုရင်မင်းမြတ် မြှောက်စားပါတဲ့၊ နေမျိုးဗလ ကျော်သူ ဘွဲ့ရပါတဲ့ စိန်ဗေဒါ) ၂။

(တီးလိုက်တိုင်း လက်သံသာ၊ ရက်ကလဲ ရက်ရာဇာ၊ အသရေလှိုင်း၊ ပြေတိုင်း၊ ရွှေဆိုင်း၊ ဝိုင်းတော်မဟာ၊ တိုင်းပြေသာ) ၂။

(အလှူတော် မင်္ဂလာ ပေါ်များပါစေ့ ခင်ဗျာ.... ခင်ဗျာ၊ ကုန်သည်တော်မှာ ရောင်းရပါစေ့ ခင်ဗျာ.... ခင်ဗျာ၊ လယ်ယာ ကိုင်းကျွန်း တောင်သူအပေါင်းတို့ ရွှေမိုးငွေမိုးရွာ) ၂။

(တီးလိုက်တိုင်း လက်သံသာ၊ ရက်ကလဲ ရက်ရာဇာ၊ အသရေလှိုင်း၊ ပြေတိုင်း၊ ရွှေဆိုင်း၊ ဝိုင်းတော်မဟာ၊ တိုင်းပြေသာ) ၂။

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s13

# သာသနာ့ အမွေခံ

**တီး - စိန်ဗေဒါ**
**ဆို - ဦးစိန်ခင်**

<u>ခြေဆင်း</u>။ ။"သီရိဓမ္မာ သောကရာဇာ၊ ဒသပါရမီ ဘုန်းရောင်ကွန့်ချီ၊ စာဂီဟိတ်ကြွ တေဇဂုဏ်၊ ဘုန်းနေမျှ၊ လအတာ ပုံသို့လေး။

(သာသနာဒါယကာ အမွေခံပွဲ၊ ယခုသဘင် အလှူကြီး အောင်မြင်ဆဲ၊ ကလျာဏ မိတ္တသင်္ဂဟတွေ၊ အဆွေခင်ပွန်းတွေ၊ ရေစက်သွန်း အမျှဝေ၊) (မင်္ဂဖိုလ်နိဗ္ဗာန်လမ်း လျှုဒါန်းရဲ ဆိုင်းတော်ပါ နေမျိုးဗလ ကျော်သူ၊ ဆိုင်းတော်ကြီးမဟာ၊ သြဘာ ကျက်သရေ မင်္ဂလာ ဂုဏ်ရှိတာ)၂၊ (တူပျော်ရွှင်စရာ၊ အလှူတော်မင်္ဂလာ) ၊ စိန်ဗေဒါ အမြဲပါခဲ့တာ၊ ကျက်သရေရှိတာ၊ သြဘာရှိတာ၊ တိုင်းပြည်မေတ္တာရှိတာ၊ မြို့ရွာမေတ္တာရှိတာ၊ မြို့ရွာက မေတ္တာရှိအောင် အတိတ်ဆောင်ကာ စိန်ဗေဒါ၊ တက္ကသိုလ်ဂိုဏ်းဖွင့်လို့၊ မနိုင်းသင့် ကျော်ညာ၊ဆိုင်းဘုရင့် ဧကရာမှာ၊ စိန်ဗေဒါ ခေါင်ဆုံး၊ ပဥ္စသိန့် မှတ်ကြောင်းမှန်သည်၊ နတ်စောင်းသဏ္ဍာန် ထားတော့တနွှန်း။

**အသံ။ မြဝတီမင်းကြီးနှင့် မယ်ခွေလေး။**
**စာသား။ နန်းတော်တောင် ဆရာခင်။**

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s14

# မဟာမြိုင်

**ဆို - ဦးစိန်ခင်**

"နာရဏီ.... သိင်္ဂီရယ်တဲ့ ရွှေသား....၊

<u>ဆိုင်းနောက်ထိုင်</u>။ [*အဖိုးတန်လိုက်လေ ဆရာ*]၊

တည်နေရာ ထိုဖလားတွင်ဖြင့် ထူးခြားတဲ့ သားမင်းအဆီ စကားဉာဏ်ရည်တူ သွင်တူညီ၊ ဤပုံအလားကဲ့သို့ တွေးကာဆလို့ကြံစည်၊ ရေးကာထားခဲ့ပြန်သည်၊ သီချင်းဂီတာ အချိန်အခါအရ ပထမရေးပါလို့ စိန်ဗေဒါ အလှကလေးရယ်က မဟာမြိုင်ဆိုတဲ့တေး အသားမဲ တယောက်က အကဲရောက်အောင် တီးတော်မူပ့ါဆရာ"

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s15

# မင်္ဂလာရကင်း

**တီး - စိန်ဗေဒါ**
**ရေး - ဦးသက်တင်**
**ဆို - ဦးစိန်တင်**

"(လူမရောက်နိုင်တဲ့ မြင်းမိုရ်ရွှေတောင် ရောက်အောင်ဘယ်လို ကြံ၍သွားမည်) ၄၊ တိုင်းနိုင်ငံ လှည့်လည်၊ ဒို့ဘုရင်ဘုန်း မိုးသို့ချွန်းသည်၊ အာလိန်တာဝတီ၊ မာဃိသိကြားတောင် ဆီး၍ ဘိသိက်ချီ၊ မင်းခမ်းမင်းနား သံလွင်မြောက်စည်၊ တူရိယာရင်း ရကင်းရကင်း ဆက်သသည်။

လောင်းမင်းစည်သူ ထိပ်ခေါင်သည်၊ ဒို့ဗမာတို့ ဘုန်းရောင်ခြည်၊ သကၠနက် ဖေါင်တော်စီး၍ သမုဒ္ဒရာ ဝဲသြဃမှ ထွက်လေသည်။

ကျွန်းဦးသပြေ ပင်စခန်းဆီ၊ ရေယာဉ်မြန်းတဲ့ တက်လမ်းဖေါင်ရိပ်မှီ၊ (မနေသာသည် ဒေဝါညီ၊ ဘုန်းတော်ရောင်ထွန်း တောင်ကျွန်းဇမ္ဗူဒီ) ၂၊ ဘွဲ့တော်ထူးကို ချီးကြူးပြန်သည်၊ အဲ့ဒီထုံးကိုလိုက်လို့ သတိုးနေမျိုး မင်းတို့သုံးစွဲသည်။

(မင်းခမ်းမင်းနား သံလွင်မြောက်စည်၊ တူရိယာရင်း ရကင်းရကင်း ဆက်သသည်၊ ဒုလောင်း၊ ခရုသင်း၊ လက်တံရှည်၊ ကြူအေး သာယာသည်)၂ ၊ နတ်နန်းဝေယံ နတ်တို့နိုင်ငံ ဆင်းသက်လာသည်၊ တီးမျိုးစုံညီ၊ မရိုးစည်ပြော၊ မရိုးမြောက်စည်၊ စိန်ဗေဒါ တီးတဲ့ ပတ်သံတာရှည် သက်တင် စာစီ"

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s16

# ပိတုန်းရောင်

**တီး - စိန်ဗေဒါ**

**ဆို - ဦးစိန်ခင်**

**ရေး - မြို့မငြိမ်း**

"လှချင်ရှာသူမှာ၊ အသားရောင်က ကနဓိ ညိုပြာ၊ မလိုရာမှာ ဆုတောင်းပြည့်ခဲ့လေရော့သလား....ဟာ၊ အများမတော့ ပိတုန်းရောင်ကေသာ သုံးတောင့်ထွာ၊ သူ့ခမျာမှာတော့ အသားက ပိတုန်းရောင်ဗျာ၊ အသားနက်ပြာဆိုတာ စိန်ဗေဒါကျော်သည့် သတင်း၊ အရပ်က ပုသလေ၊ ဖင်က ကောက်သလေ၊ မှန်ကြည့်ရင် ဘယ်လိုနေမလဲ၊ ကိုယ့်ကိုယ်ကို ကြည့်လို့ရှိရင်နော်၊ ဒါတွေကို ဗွေမယူ အသာချိတ်ပြီး၊ စိန်ဗေဒါ အနိုင်ကို တိတ်တိတ်လက်တို့ ကျွန်တော်ပြောချင်တာ၊ အသားနက်တာ မပူနဲ့ ခင်ဗျာ၊ ဆရာ့အစား တပည့်က ကြည့်ရှုကြံစည်မှာ၊ ပိတုန်းရောင် လိမိတက်ဖွဲ့စို့ စိန်ဗေဒါ။

ဗမာကုမ္ပဏီရှိတယ်၊ ပိတုန်းရောင်အသားက ဆီထွက်တယ်၊ မရီလိုက်နဲ့၊ ဂရုစိုက်ကွယ်၊ ကြီးပွားချင်သလား၊ အစ်မများရယ်၊ အစ်ကိုများရယ်၊ အစုစပ် ရှယ်ယာဝယ်၊ ရေနံကြီးထွက်တာ၊ မက်စရာ သူ့အသားဝယ်၊ လူအများရယ်၊ မေးတိုင်းရက်သတဲ့ စိန်ဗေဒါ ညိုညက်မယ်။

(ပဒုမ္မနီဟန်ရှိ၊ ခါးက ပုံသေးသွယ်၊ ဝတ်လိုက်စားလိုက်ပြန်ရင်လဲ ထယ်၊ ကာလသားထက် အပုံကြီးငယ်၊ အဝတ်မရွေး၊ အဆင်မရွေးဘူးရယ်) ၂၊ ပိတုန်းရောင် အသားက ပြောင်ရှာပေတယ်၊ အလှထူးသူရယ်၊ ဆင်ရှာတယ်၊ တောင်းတဲ့ဆုလဲ ပြည့်တတ်ပါပေတယ်။

<u>နောက်ထိုင်များပြော။</u> [ *အများကတော့ ပိတုန်းရောင်ကေသာ သုံးထောင့်ထွာတဲ့၊ ဒို့ရွာစားကြီးမတော့ အသားမဲသည့်အတွက်၊ အသားပိတုန်းရောင် ဖျာတဲ့။*

*မဲလဲ မဲပေတာကိုးကွ၊*

*မဲတာက ဘယ်လိုပါလိမ့်၊*

*မဲတာက မဖြူလို့ကွ။* ]

ခရိုန်ထိဝယ်၊ ရှေးကထက်ပင်၊ ထွင်ကာတီးလို့ ပညာဉာဏ်ကြီးတယ်၊ ဒို့ရွာစားမယ်၊ စိတ်ကနပျို၊ မကပ်ခိုပေါင်၊ ကျေနပ်လောက်အောင် တကယ်) ၂၊ မိတ်ကလျာဏ မင်းပေါင်းများကို တောင်းဆုချွေလို့ရယ်၊ ယနေ့ကစ၍ ရတနာရွှေငွေ ကြွယ်၊ ချစ်ကြည်နူးနူး အထူးဘဲ ခင်မင်ဖွယ်။

(ပဒုမ္မနီဟန်ရှိ၊ ခါးက ပုံသေးသွယ်၊ ဝတ်လိုက်စားလိုက်ပြန်ရင်လဲ ထယ်၊ ကာလသားထက် အပုံကြီးငယ်၊ အဝတ်မရွေး၊ အဆင်မရွေးဘူးရယ်) ၂၊ ပိတုန်းရောင် အသားက ပြောင်ရှာပေတယ်၊ အလှထူးသူရယ်၊ ဆင်ရှာတယ်၊ တောင်းတဲ့ဆုလဲ ပြည့်တတ်ပါပေတယ်။"

X X X X X

သီချင်း download link:

https://soundcloud.com/maungko/sbd-s17

# ကျေးဖူးလည်ပြန်

**တီး - စိန်ဗေဒါ**
**ရေး - ဦးသက်တင်**
**ဆို - ဦးစိန်ခင်**

"အဆိုတော် စိန်ခင်၊ စားရေရိက္ခာများတို့ မပူရအင်၊ ဝိုင်းတော်သားအများတို့ မပူရအင်၊ ကျေးဖူးရှင် ရှာစားကြီးကို တင်၊ လှလှ ပပ ဝဝ လူရေးလူရာဝင်။

(စိန်ဗေဒါဆရာ ကျေးဖူးရှင် အရိပ်အောက်ကို ကျွန်တော်များက ဝင်၊ စားလောက်အောင် ကျွေးမွေးလို့ မြို့ကျက်သရေ ဂုဏ်တင်၊ တိုင်းကျက်သရေ ဂုဏ်တင်) ၂၊ အဲဒါကြောင့်မို့ ဆရာ့ကို၊ ဦးချ ကန်တော့ပန်း ဆင်။

(သံပြိုင်) ။ ဘို့နှစ်ဘို့နဲ့ လူဆိုလျှင်၊ ဘို့နှစ်ဘို့နဲ့ လူဆိုလျှင်၊ ကျွေးသမိခင် ကျွေးသဖခင်၊ မြို့မိ မြို့ဖများကို၊ ကျေးဖူး လည်ပြန်တင်။

(ချစ်လျှင်အကျိုး၊ မြတ်နိုးသဒ္ဒါ၊ မေတ္တာပိုလွန် စိန်ဗေဒါ မျက်နှာရှင် အကြောင်းပြုလို့ပင်၊ တောင်းဆုကိုဆင်၊ ပြည့်ဝဂုဏ်အင်၊ အသံကြားရင် သနားတဲ့ဆုပင်၊ တိုင်းပြည် မြို့ရှာကြီးက၊ မြှောက်စားကြဂုဏ်တင်) ၂၊ အဲ့ဒါကြောင့်မို့ ဆရာ့ကို ဦးချ ကန်တော့ပန်း ဆင်။

(<u>သံပြိုင်</u>) ။ ဘို့နှစ်ဘို့နဲ့ လူဆိုလျှင်၊ ဘို့နှစ်ဘို့နဲ့ လူဆိုလျှင်၊ ကျွေးသမိခင် ကျွေးသဖခင်၊ မြို့မိ မြို့ဖများကို၊ ကျေးဖူး လည်ပြန်တင်။

(လူရည်ချော ပုံ့ပုံ့ကလေးနဲ့ ယဉ်၊ လေပါတီ ဥက္ကလာတို့က ချီးမွမ်းဂုဏ်တင်၊ ဆရာ့ကိုမြင်လျှင်၊ အကြင်သဘောနဲ့ ဘဝင်စော ပြုလိုက်ချင်) ၂၊ (အသားရဲ့ ဖြူဖြူစင်စင်၊ လူပေမို့လားထင်၊ အသားတော် ညိုပြာညက်ကယ်၊ ရွှေနန်းတော်ထက် ဖွားလို့ရေးတဲ့ ဖိုးသက်တင်) ၂၊ အနန္တဂုဏ်အင်၊ ဦးထိပ်ပန်ဆင် ဆိုင်းမြတ်ဘုရင်၊ အဲ့ဒါကြောင့်မို့ ဆရာ့ကို ဦးချ ကန်တော့ပန်း ဆင်"

(သံပြိုင်) ။ ဘို့နှစ်ဘို့နဲ့ လူဆိုလျှင်၊ ဘို့နှစ်ဘို့နဲ့ လူဆိုလျှင်၊ ကျွေးသမိခင် ကျွေးသဖခင်၊ မြို့မိ မြို့ဖများကို၊ ကျေးဖူး လည်ပြန်တင်။

X X X X X

# ဝမ်းသာစရာ တီးလုံး

**တီး - စိန်ဗေဒါ**
**ဆို - ဦးစိန်ခင်**

"အော် တိုင်းဗဟို တခွင်၊ အလှူဒါနမှာဖြင့်၊ ဆိုင်းပညာ အမှူအရာ ပထမပါပဲ၊ အမူပါ ပါတဲ့ဒြပ်တွေနဲ့ အရှိန်ဝေဖြာ၊ မှတ်ရန် အရေးရယ်က နတ်ထံမွေးသပ၊ ပတ်သံကလေး လှလိုက်ပါတဲ့ စိန်ဗေဒါ....။

အသိကြွသားဟာမို့၊ ဝိဝါလို့လဲ မကြွားခဲ့ပါဘူး၊ လှည့်ဖြားကာ တညာဏ်သာတဲ့အပြင်၊ မြန်နဂရာ လူ့ပြည်တိုင်းမှာဖြင့် နိုင်းဖက် မလာ။

[ *မလာပါဘူး မောင်ရာ* ]

ရောက်ရင်ကွယ် အမှန်တကယ်မေးကြပါတော့၊ အောက်တခွင်ဝယ်၊ နံမယ်အဟုတ် မွေးခဲ့ပါရဲ့၊ လူရေးမဖြင့် စန်းမည်ပူးပါ မန်းမြို့ နဂရာရယ်က မေတ္တာကဲ၊ နေမျိုးဗလ ကျော်သူမှာ...။

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s19

(*စိန်ဗေဒါ တီးထားသည်ကို ရှာမရပါ။ မန္တလေးစိန်သောင်း ပြန်တီးထားခြင်း ဖြစ်ပါသည်။*)

# ဒို့ဘာသာ သာသနာ တီးလုံး

**တီး - စိန်ဗေဒါ**
**ဆို - ဦးစိန်ခင်**

(ဓာတ်ပြားသွင်း၍ လာခဲ့တာ၊ ဆရာစားကြီး စိန်ဗေဒါ) ၂၊ (မြို့ရွာမှာ အသရေတိုးလို့ ငွေမိုးတွေရွာ) ၂၊ စိန်ဗေဒါ၊ အသပြာ ဆုငွေ မစဲအောင် ရတော့မှာ၊ (အောင် အောင်စေရာ ပြည့်စုံကြမှာ) ၂၊ ဆရာစား စိန်ဗေဒါ၊ ကြိုးစားတယ် ကိုတီးချင်ရယ်။

ဇေယျာ ရွှေမန်းမြို့မှာ၊ စိန်ဗေဒါက မေတ္တာပို့ကာ၊ ရွှေဗမာတွေ ငွေအသပြာဝေ၊ အသေအချာ ရတနာတွေ၊ ချမ်းသာကြတော့မယ်။ အော် ကျန်းမာကြပါစေ၊ သာသနာ သန့်သန့်ပြုလို့၊ ကြိုးစား အားထုတ်သလေ၊ တိုးပွားကြဖို့အခြေ၊ မြန်မာလူမျိုး တန်ခိုးကြီးပေ၊ ဒို့သာသနာ ဒို့ဘာသာ စည်ပင်သာယာ ထွန်းတောက်စေ၊ မြို့တိုင်း ရွာတိုင်း နယ်တိုင်း ဆည်းကပ်ကြတဲ့ မြန်မာတွေ၊ လှူဒါန်းမင်္ဂလာ စိန်ဗေဒါပါမှ၊ သိန်သရေဖြာဗျူ၊ ပြောကြပေတော၊ မနောကစေတနာ၊ ကြည်ဖြူလှစွာ လှူဒါန်းရှာ။

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s20

# ချောကလက်

**တီး - စိန်ဗေဒါ**
**ရေး - နန်းတော်ရှေ့ဆရာတင်**
**ဆို - ကိုစိန်ခင်**

"ငြိမ်ငြိမ်နေကွာ၊ မန်ကျည်းစေ့ သတ္တုရာဘန်ထင်အောင် ပြောကြစို့ရဲ့၊ စိန်ဗေဒါဟာ အနီးကြည့် အကပ်ခံရင် အင်မတန် ချောပါသဗျို့၊ ဆရာ့အကြောင်းကိုလေ အင်္ဂလန်အထိ ပြောလိုက်ချင်တော့....

မီးသွေးသဘောနဲ့ အဖြူရော မစွက်ပေါင်၊ လူ ချောကလက်ရောင်လို့ ခေါ်ပေသဗျို့ အသားထူး အသားမြတ်၊ အသပြာဆုငွေရ၊ ဓာတုဗေဒဆရာက ဆို၊ ချောကလက်၊ ချောကလက်၊ ချောကလက်၊ ဆိုင်းများ တက္ကသိုလ်ဗျို့။

ကမ္ဘာပေါ်မှာ အလှဆုံး ချောကလက်၊ (ဝါ) ရွှာစား ချောကလက် (ဝါ) တကိုယ်လုံး ချောကလက်၊ စိန်ဗေဒါ ချစ်တီးမှတ်လို့ ငွေချီးသဗျို့၊ လူပျိုဆက် ရုပ်ရှင်မင်းသား ချောကလက်၊ (စိန်ဗေဒါ မင်းသား ချောကလက်) ၊ မြန်မာလိုဆို ချောကလက်လူပျို ဦးကနခို။

ဖီးလိုက်ရတဲ့ ဘိုကေကို (ငှက်သိုက်) ၂၊ ဆိုင်းဝိုင်းထဲမှာ မှန်ကြည့်သဗျို့ (ငှက်သိုက်) ၂၊ တို့ပတ်က ရိုက်ရပါသေးသဗျို့ (ဖျက်လိုက်) ၂၊ နောက်ထိုင်နဲ့ တပည့်တွေ ရှက်ဦးဗျို့ (ငှက်သိုက်) ၂။

စိတ်မဆိုးနဲ့ ရွှာစားမင်းရယ်၊ ကာလသားအသင်းက ပျော်စေလို၊ ဆရာ့သားတပဲ့က ယနေ့မှာဆန်းပေါ်၍၊ ရွှေနန်းတော်ရှေ့ ဆရာတင်အဆို (ချောကလက်) ၃ ဆိုင်းများ တက္ကသိုလ်ဗျို့"

X　X　X　X　X

သီချင်း download link:
https://soundcloud.com/maungko/sbd-s21

(*စိန်ဗေဒါ တီးထားသည်ကို ရှာမရပါ။ စိန်ချစ်တီး ပြန်တီးထားခြင်း ဖြစ်ပါသည်။*)

# ရွှေရေစင် တီးလုံး

## ပဏာမ

**တီး - စိန်ဗေဒါ**
**ရေး - နန်းတော်ရှေ့ဆရာတင်**
**ဆို - ကိုစိန်ခင်**

"အသားက ညိုညို ကြည့်စမ်းဆို၊ ဆရာ့ကို ကြည့်စမ်းဆို၊ ညိုတိုတိုကလေးပါ ခင်ရယ်၊ သူ့အမေ မွေးစဉ်တုန်းရယ်က၊ မင်္ဂလာကျုံးတော် စာဂီဂမ္ဘီထဲက ရွှေရေစင်ကို ငွေရေစင်ကို၊ ဒို့မွေးမေမေ ယူကာချိုးလို့၊ တမျိုးနော် လှသကို မိုးပေါ်ကျလို၊ ဖိုးကြွား ဆိုချင် ဆို၊ မင်းသမီးပျို့အလှ ဆိုသမျှတွေရယ်၊ ခင်ကညာနမတွေ အချောကညာ တယောက်မို့၊ ပိုးကာ တကယ်ချိန်၊ စိန် စိန်ဗေဒါ ကိုလူပျို စကားပြောခရာတဲ့ ကိုလူပျိုရယ်၊ မန္တလေးသားမို့ အသားကလေး ခပ်ညိုညို"

တိုင်းပြည်သောင်၊ နယ်ပြည်သောင်၊ နာမည်တော်ကြီးလှပါတဲ့ မောင်၊ (ကြည့်စမ်းပါ့ ဘိုကေရောင် ရှုစမ်းပါ့ ဘိုကေရောင်) ၂ ပညာလက်စွမ်း သာတဲ့ မောင်၊ မောင် တကယ့်ကို တီးတဲ့ မောင်၊ ဆိုင်းဆိုသမျှ မင်းကြီးထိပ်ခေါင်၊ ဗေတိုးဗေပြောင်"

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s22

# နှုတ်ဆက် တီးလုံး

**တီး - စိန်ဗေဒါ**
**ဆို - ဦးစိန်ခင်**

"ရှတ္တရက်ကယ်နဲ့၊ အဟုတ်မပျက်ခဲ့ပါဘူး၊ နှုတ်ဆက်ချင်လို့ပါ၊ တပါးမြူစရာပဲ့၊ အများလူတကာကာ၊ စိန်ဗေဒါ အသားဖြူလာတယ်ဗျာ...။

စိန်ဗေဒါ။ [ *အမယ်လေး တယ်ကောင်းတဲ့ စာကလေးပါလား ကွယ်တို့* ]

ရှတ်တရက်ကယ်နဲ့၊ အဟုတ် မပျက်ခဲ့ပါဘူး၊ နှုတ်ဆက်ချင်လို့ပါ၊ တပါးမြူစရာပဲ့၊ အများ လူတကာကာ၊ စိန်ဗေဒါ အသားဖြူလာတယ်ဗျာ...။

ကောင်းတာကြားဘို့၊ အပေါင်းသဟာယအများတို့၊ ကျန်းမာပါစေဗျာ၊ ကာလသားတို့၊ ကညာနမ အများတို့၊ အားကိုးလို့ လာခဲ့တာ"

(စိန်ဗေဒါ) ချစ်ကြတော့အများ- ချစ်ကဲ့ လား၊
(နောက်ထိုင်များ)ချစ်ပါတယ် စိန်ဗေဒါရေ၊
(စိန်) တကယ့်ကိုချစ်ကဲ့ လား၊
(နောက်ထိုင်များ)တကယ့်ကို ချစ်ပါတယ် စိန်ဗေဒါရေ၊
(စိန်) လှရဲ့ လား၊
(နောက်ထိုင်များ)လှပါတယ် စိန်ဗေဒါရေ၊
(စိန်) ဝ,ရဲ့ လား၊
(နောက်ထိုင်များ)ဝ,ပါတယ် စိန်ဗေဒါရေ၊
(စိန်) အသားဖြူရဲ့ လား၊
(နောက်ထိုင်များ)အသား မဖြူပါဘူး စိန်ဗေဒါရေ၊
(စိန်ဗေဒါ) မြှောက်မပြောနဲ့ကွာ ငါ့ထက်သိတယ်ဗျာ။
(စိန်ခင်) သို့ပေမယ့် သူငယ်ချင်းတို့ရေ၊ မြှောက်ပေးကွယ်၊
အသားဖြူတယ်ပြောမှ သဘောကျမယ်။
စိန်ဗေဒါ။ [ *ဒါမှပေါ့ တပည့်တို့ရာ* ။ ]

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s23

# နိဗ္ဗာန်မဂ်ဖိုလ် တီးလုံး

"အဆောင်ဆောင် ဘုံပျံ၊ နိဗ္ဗာန် ရောက်ကြောင်း မလွဲဘို့ရာ အသို့ကသာ အမြဲကုသိုလ်ပြုပါ။ (မဂ်ဖိုလ် ရက်တိုနဲ့ ရောက်ရန် စိတ်အားထက်သန် ဆုပန်ပြုပြန် ဒါနအမှန်) ၂ (စိန်ဗေဒါက နှိုးဆော်တာ ပါဠိဆိုတာ အဖြစ်မှန် စာရှိလို့ သူရေးတာ၊ ဘေးဘာယာ ဝေးကွာ၊ အေးမြခြင်းသဒ္ဒါဆိုတာ စိန်ဗေဒါကအဝေရာ မေတ္တာပါ။

(စိစိတွေးရာ မြန်မာဆိုတာ တရားကိုသာ အားထုတ်ကြရှာ) ၂၊ ဒို့အဘိုးခေတ်မှာ ဒို့အမျိုးချစ် မြန်မာတွေ (ကြိုးစားသလေ၊ တိုးပွားပေ၊ မြန်မာတွေ မျိုးချစ်ဂုဏ်ကျက်သရေ ဆန်းတာတွေ ညွှန့်တာတွေ စိန်ဗေဒါတီး ဂုဏ်ရှိသလေ) ၊ ရှေးရိုးစည်းကမ်း နည်းလမ်း မပျောက်ပျက်ရန် ထက်အောက် ထိုနိုင်ငံ စိန်ဗေဒါ နှိုးဆော်ပြန် ရတနာသုံးပါး ဆည်းကပ်တဲ့ မြန်မာမျိုး အစစ်ပါ"

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s24

# သံဃာဩဝါဒခံ

**တီး - စိန်ဗေဒါ**

**ဆို - ကိုစိန်ခင်**

(စိန်ဗေဒါ) ရတနာပုံမန်းမြို့တလျှားဆရာ့လို ညီညွတ်ပဲ့မလား

(နောက်ထိုင်တပည့်များ) အမယ် ညီညွတ်ပါတယ်ဆရာ ညီညွတ်ပါတယ်။

(စိန်) တကယ့်ကို ညီညွတ်တယ်လား

(နောက်ထိုင်တပည့်များ) တကယ့်ကို ညီညွတ်ပါတယ် ဆရာ။

(စိန်) ဆရာက ဘယ်လောက် ရွှေမြို့တော်ရဲ့စကား နားထောင်ရသတုံး။

(နောက်ထိုင်တပည့်များ) မှန်ပဲ့။

(စိန်) အဲဒီတော့ ဆရာလို ညီညွတ်ကဲ့လား။

(နောက်ထိုင်များ) ညီညွတ်ပါတယ် ဆရာ။

(စိန်) ညီညွတ်ရင် ဆရာတီးတော့မယ်နော်။

(နောက်ထိုင်များ) တီးပါတော့ဆရာ။

(စိန်) တီးပီကွ။

(နောက်ထိုင်) ဆရာက တီးတော့မယ်၊ ညိုစိမ့်က ချီးပျော့နယ်။

(နောက်ထိုင်) ဒါဖြင့် မင့်အရီးချော့တွယ်။

(နောက်ထိုင်) အေး-အေး။

(သီချင်း) "မန္တလေး မြို့တော်ဇမ္ဗူ၊ နေမျိုးဗလ ကျော်သူ၊ အမျိုးသား တို့မြန်မာတွေ၊ ကြိုးစားညီညွတ်ပေ၊ တိုင်းရင်းဖြစ်ထည် ကမ္ဗလာ၊ ဝတ်ပါ ဝတ်ပါ၊ မချွတ်နဲ့ ဆရာ၊ ရွာစား စိန်ဗေဒါ သံဃာတော်များ၏ ဩဝါဒခံ၊ အရှိန်ဝေဖြာ စိန်ဗေဒါ"

ဤဓါတ်ပြားတဖက်တွင် *ဘုန်းတော်ဘွဲ့ မြန်သပြေညာ ယိုးဒယား* ကို ဆိုတီးထားသည်။

X X X X X

သီချင်း download link:

https://soundcloud.com/maungko/sbd-s25

# နွားဝန်တင် တောက်ခေါက်သံ

**တီး - စိန်ဗေဒါ**
**ဆို - စိန်ဗေဒါ**

"ဟိုတောင်ခြေ အဆင်းမှာလ၊ ပျော်ခင်းရဲ့သာ၊ ပျော်လေး ခင်းလေးရဲ့သာ၊ စိမ့်စမ်းရယ် တထွေထွေနှင့်၊ တံခွန်ရေစီးတဲ့ လေလေ့ လေ လေ လေ၊ (အသံပေးကာ သူလျှောက်လာရော့ ထင်ရဲ့) ၂ ၊ ဝန်တင်နွား ဟိုတောင်စောင်း။

ဟိုတောင်ခြေရင်းမှာလ၊ လမ်းလျှောက်ခါ သူတို့ပျော်ရှာ၊ ကိုက်တံတို ထွာတညီနဲ့၊ ဟာ ဟာသံ ပေးတယ် လေ လေ လေ လေ လေ။ ဟိုနွားက၊ ဒီနွားက၊ ဟိုလေ နွားလေ ကလေ၊ ဒီလေ နွားလေ ကလေ၊ ဟိုနွားနက်က၊ ဟိုနွားနီက၊ တောက် တောက် ၊ ဟိုလေ နွားလေ၊ နွားလေ၊ တောက် တောက်၊ ဟိုလေ နွားလေ နွားလေ၊ ရောင်းချကာ အပြန်လားရှင့်၊ ရောင်းချကာ အပြန်ဘဲဗျ၊ ခပ်မြန်မြန် သွားဟဲ့ လေ လေ လေ လေ၊ မြန် မြန် မြန် မြန် သွားဟဲ့ လေ လေ လေ လေ"

X X X X X

# လယ်ထွန် မင်္ဂလာ

**တီး - စိန်ဗေဒါ**
**ဆို - စိန်ဗေဒါ**

"တောင်လေက တိုက်သနဲ့၊ မောင်မယ် စိုက်လိုက်ပါတဲ့ ရွှေကောက်ပင်၊ လဲလု လဲခင်၊ အို ရေမပေါ်ပါတဲ့ လယ်တောပြင်၊ မယ့်ကောက်ပင် ရှင်စေချင်လို့၊ ထက်ကောင်းကင် ရွှေပိန်ညင်းရယ်၊ မိုးခေါ်လို့ ဆင်း။

ရွှေလယ်တော် ထွန်ပါတုန်းကိုလ၊ ချုန်းလိုက်ပါနဲ့ ရွှေမိုးညိုရယ်၊ ပြိုတော့မည်လား (ရီလို့ရယ်မှောင်) ၂၊ ရန်ကင်းဆို ဟို ရွှေတောင်က၊ ထက်ကောင်းကင် ရွှေပိန်ညင်းရယ်၊ မိုးခေါ်လို့ ဆင်း"

(လယ်ထွန် မင်္ဂလာတီးလုံး ပထမတီး၊ တပိုဒ်ကိုဆို တပိုဒ်ကို ဗုံကြီးသံနှင့် ပြန်တီးသည်။)

X X X X X

# မဟာတူရိယာ

**တီး - စိန်ဗေဒါ**
**ရေး - ဦးသက်တင်**
**ဆို - ဦးစိန်ခင်**

*ပွဲကြီးရေ၊*
*ဘာတုံးဟ ညိုစိမ့်၊*
*"အသရေမညှိုးသပ၊ အခြေတန်ခိုးကြွလိုက်တာက၊ နေမျိုးဗလ ကျော်သူကြီးရေ့၊ အထင်ခံမယွင်း၊ သဘင်မှန်ရင် ပညာချင်းယှဉ်နဲ့၊ ဘုရင်ခံမင်းမြတ်ကတောင် ဘွဲ့ထူးအပ်တာ အများ သိကြပါပေ့၊ ကြွားမဝံ့ အပိုမမောက်ခဲ့ပါဘဲ၊ ဗဟိုတလျှောက် နဂရာ ဇမ္ဗူပေါ်တွင်၊ မောင်ညိုစိမ့် အဆိုသွင်းသမို့၊ အပိုအဖျင်းတွေဖြင့် ကျွန်တော်တို့ဆရာ ဝါမကြွားပါဘူး၊ ရွှာစားရေ့၊ ဆရာ့ ကုလားအက်သားလေး လက်ဖျားနဲ့ တောက်တော်မှုစမ်း ပါအုံး ခင်ဗျာ။*

(မြန်မာတို့ ရေးကသုံးကြတာ၊ ယဉ်ကျေးတဲ့ ရေးက သမားစဉ်ပါ၊ မောင်း-ကြေး-စောင်း-ပတ္တလား ပြွေပါ၊ ဆိုင်းတော်မဟာ ပဥ္စတူရိယာ) ၂။

(ရွှေနန်းတော်အတွင်းမှာ သီချင်းကဗျာ) ၂၊ ဘုရင်ရှေ့ ကျွန်တော်တို့ဆရာ အသုံးတော် ခံလာတာ၊ (မင်္ဂလာရှိတဲ့ တေးကဗျာ တေးကဗျာ၊ ပညာရှိလို့လဲ ရေးတာ ရေးတာ၊ သင်ရိုးဆိုတဲ့ ကြိုးသံတွေလဲ ပါ) ၂၊ ဩော် တျာသတ်ဆိုတဲ့ ဘွဲ့သံလဲ ပါ၊ သီချင်းခံငယ် အလတ်ဘုန်းတော်ဘွဲ့မှာ စ၍ချီကာ ရေးတဲ့ဂီတကဗျာ။

(မှူးမတ် အပေါင်းတို့ ဆက်သွင်းတာ၊ မတ်ကြီး အပေါင်းတို့ ဆက်သွင်းတာ၊ ရတု ရကန် အဲအန် ဧချင်း မော်ကွန်း ပျို့လင်္ကာ) ၂

(တောင်နန်းစံရဲ့ တင်လွှာ၊ မြောက်နန်းစံရဲ့ တင်လွှာ၊ ဘောလယ် ပတ်ပျိုး၊ ဒွေးချိုး တေးထပ် အနန္တကဗျာ) ၂။

(မင်းညီမင်းသား ဆိုလေသမျှမှာ၊ စာစီ စာကုံး အံ့လောက်စရာ) ၂၊ ဖျင်းချင်း၊ ဖျင်းချား၊ ဖျင်းဖြတ် ဖြတ်မှာ ရေးကဆရာကြီးတွေ ထားခဲ့သည့် ပညာ) ၂၊ ချွတ်ချွင် စမို ကရောင်းနှင့် ဒိန်းသံ၊ မြင်းတက်ဆိုတဲ့ ယိုးဒယား သံသာ) ၂၊ ဩော်.... ဩော်.... တလိုင်းသံ အဆုံးသတ် ဒို့ဗမာ တူရိယာ။

ယဉ်ကျေးတဲ့ ရှေးရိုးမြန်မာ၊ သိမ်မွေ့တဲ့ ရှေးဦးပညာ၊ သင်ကြားရန် နှိုးဆော်ကာ၊ စိန်ဗေဒါ တေးဂီတာ။

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s28

# ဝါသနာဘာဂီ

"ဝါသနာဘာဂီ ဆက်တိုင်းမှီတယ် ဆိုချင်၊ မကြီးမငယ် အရွယ်က ကောင်းသူမို့၊ စိတ်တိုင်းကျ မနောဟာဒယ ရွှင်ကာ ပြုံးကာ တီးတတ်သူရဲ့၊ စိန်ဗေဒါ အသားညိုကလေးက၊ ယခုက,နေရှာကြတဲ့ အငြိမ့်မင်းသမီး ကလေးတွေလို၊ တပည့်ကလေးများတွေလို၊ မူပို မြူရှူ ပလီပလာ တီတီတာတာတွေကိုကွယ်၊ အဟုတ်ပင် ကြာကလေးများ ပေးကြည့်ချင်သော်လဲ၊ အခွင့်ပင် တကယ်ပေးတောင် အဟုတ်ဘဲ မလုပ်ရဲအောင်ပင်။

(*ဒါက သိက္ခာကိုကွ*)

(*ဟုတ်တယ်လေ*)

အဲဒါကြောင့် အပို မပြောချင်၊ ကျွန်တော့်ဆရာ အရုပ်ဆိုးကလေးပါလားလို့၊ မိဘများက (မေတ္တာထားကာ) ၂ ရှစားတော် မှုကြခင်ဗျာ။

<u>တီးလုံး</u> (သည်အရွယ်၊ တင့်တယ်ပဲ့မလား၊ ရည်းစားထားလို့ သရော်ကြမယ်၊ ထားတော့ ထားချင်မယ်)"

X X X X X

သီချင်း download link:

https://soundcloud.com/maungko/sbd-s29

# ရွှေမန်ကျည်း ခုနစ်စင်

"(ရွှေမန်းကျည်းရဲ့ ခုနစ်စဉ် ၊ ယဉ်ပါလေစ ရပ်ကယ်က) ၂ ။
(ကိုကြီးနတ်ကဲ့ဆီးကြိုလာ၊ ကျားညီနောင် ကြောင်၂ ကွင်း မယ်မငြင်းသာ) ၂ ။
(ကိုသာမြတ်ကဲ့ စီးစို့လာ ကျားညီနောင် ကြောင် ၂ ကွင်း မယ်မငြင်းသာ)၂ ။
(မယ်မငြင်းသာ လာပြန်တော့ကာ) ၂ ။
ထမီဖာ လိုပါသေးရဲ့
တဘက်ဖာ လိုပါသေးရဲ့
ဘီးနဲ့မှန် လိုပါသေးရဲ့
(မွေမေလေးတို့ ခန်းအိပ်ရာကို) ၂
၁ကြိမ် ၂ကြိမ် ဦးနိမ်ချလို့
၃ကြိမ် ၄ကြိမ် ဦးနိမ်ချလို့
၅ကြိမ် ၆ကြိမ် ဦးနိမ်ချလို့
၇ကြိမ် ၈ကြိမ် ဦးနိမ်ချလို့
၉ကြိမ် ၁၀ကြိမ် ဦးနိမ်ချလို့
၁၁ကြိမ် ၁၂ကြိမ် ဦးနိမ်ချလို့
၁၃ကြိမ် ၁၄ကြိမ် ဦးနိမ်ချလို့
လိုက်ပရစီ
လိုက်ပရစီ
(စိန်ဗေဒါရေ့ လိုက်ပရစီ) ၂"
အို့ စိန်ဗေဒါရေ့ လိုက်ပရစီ၊
ကိုကြီးမြတ် ရေလိုအေး လိုက်ပရစီလေး။

(ဤသီချင်းတွင် အဆိုမှာ နောက်ဆိုဖြစ်ပြီး၊ ဆရာက စကားကို အပိတ်ပြသည့် လက်သံများပါသည်)

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s30

# ၁၆ မိုင် သက်တော်ရှည်

**တီး - စိန်ဗေဒါ**
**ရေး - နန်းတော်တောင် ဆရာခင်**
**ဆို - ဦးစိန်ခင်**

(၁၆မိုင် လမ်းလျှောက်မည်) ၂၊ အာရောဂျံ၊ ပရမံ၊ လာဘံ၊ သုခံ ဝဟံ) ၂၊ (ပျော်ပျော်နေ စိတ္တသုခံ၊ သက်တော်ရှည်) ၂၊ (ပျော်ပျော်နေ ကာယသုခံ သက်တော်ရှည်) ၂၊ ကိုယ်ရော စိတ်ရော၊ စိတ်ရော ကိုယ်ရော သုခံ ဝဟံ။

(ကျွန်တော်တို့ဆရာ ရွှာစားကြီး စိန်ဗေဒါ၊ အမျိုးစလိုက်မို့၊ အဘိုးထိုက်စွာ၊ ပဝါစနှင့် ကာလဆံလိုက်တာ) ၂၊ တက်ခေတ် လူပျိုနှင့်သာ ဆယ်ဆသာ၊ ကျွန်တော်တို့ဆရာ၊ ကြည့်ရတာ စိတ်ပျို ကိုယ်နုတာ။

(၁၆ မိုင် လမ်းလျှောက်မည်၊ ၁၆ မိုင် လမ်းလျှောက်မည်၊ အာရောဂျံ၊ ပရမံ၊ လာဘံ သုခံ ဝဟံ) ၂ (ပျော်ပျော်နေ စိတ္တသုခံ သက်တော်ရှည်) ၂၊ (ပျော်ပျော်နေ ကာယသုခံ သက်တော်ရှည်) ၂၊ ကိုယ်ရော စိတ်ရော စိတ်ရော ကိုယ်ရော သုခံ ဝဟံ"

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s31

# အလှူ မင်္ဂလာပွဲများတွင် တီးနေရင်း ပျင်းသည့်အခါ လက်ဖက်ရည်ပွဲ တောင်းသည့် သီချင်း

**တီး - စိန်ဗေဒါ**
**ဆို - ညိုစိမ့်**

"(ကျက်သရေတော်ဆောင်၊ ထိန်ထိန်ဝေဖြာ၊ စိန် စိန်ဗေဒါ) ၂ အောင်ကေဝလာ မဏ္ဍပ်တွင်းမှာ၊ မင်းမင်းစုံစွာ ဂုဏ်သရေတော်ဖြာ၊ ဧည့်ခံပါအုံးဆရာ၊ ရွှေနားတော် ဆင်ပါအုံးဆရာ၊ အလှူ့တကာနဲ့ အလှူ့အမများသာ၊ အားရလွန်ဝမ်းသာ၊ သာသာ၊ လောကွတ်ကျေပွေ့ ဆရာ။

ဒို့ဆရာကဖြင့် တာဝန်အေးပြီကွာ၊ ဆိုင်းဝိုင်းထဲက အပြင်မထွက်ရာပါ၊ မင်းတို့ငါတို့ရဲ့ တာဝန်ကျလာလျှင်၊ အမှုတော်ကုန်အောင် ထမ်းဘို့ရာ ကြိုးစားခဲ့ပါ၊ အားတဲ့အခါ စားနှင့်ဘို့ရာ၊ လက်ဖက်ရည် ပွဲလာပါ၊ အို မြန်မြန်ကြီး လာပါ၊ ကျွန်တော်တို့စိတ်ရွှင် မအိပ်ချင်အောင်၊ လက်ဖက်ထည့်လိုက်ဗျာ၊ အလှူ့တကာနဲ့ အလှူ့အမများသာ၊ အားရလွန်ဝမ်းသာ၊ သာသာ၊ လောကွတ်ကျေပွေ့ ဆရာ"

X X X X X

# အပါးတော်ပြန် ဆိုင်းဆင့်

"အပါးတော်ပြန် ကျွန်တော်တို့ ဆိုင်း၊ မြင်မြင်ရာနဲ့ နှိုင်း၊ ဂိုဏ်းထိ ကုန်ကြမနော်၊ ကျော်လဲ ကျော်ပေတာ၊ မော်လဲ မော်ပေတာ၊ ဆိုင်းကျက်သရေ တက်နေအဝှန်း၊ ထွန်းသစ်တဲ့ ကျွန်တော်တို့ဆရာ၊ ဇမ္ဗူတိုင်း နဂရာ၊ အလုံ့ကျွတိုင်းမှာ၊ တီးလေရာ မက်မပြေ ကျက်သရေရှိတဲ့ စိန်ဗေဒါ"

(ဆိုင်းနောက်ထိုင်များက သီပေါဘုရင့်အပါးတော်မှာ တီးပြန်ခဲ့သည့်ဆိုင်းဟု ကိုယ်ရည်သွေးကြပုံ)

X X X X X

# စိန်ဗေဒါ ကိုယ်ရည်သွေး ဆိုင်းဆင့်

"သောင်းမန္တလာ၊ ဇမ္ဗူချာ၊ တေဇာကဲမောက်၊ မတူဘဲနှင့်၊ လူထဲရောက်ပြီး၊ မှောက်လိုမှောက်၊ မှားလိုမှား၊ ကြွားသူကြွား၊ ဝါသူဝါ၊ အစဉ်အလာ နည်းလမ်းမသိဘဲနှင့်၊ သဘင်ဆရာ စည်းကမ်းမရှိ၊ အလွဲတွေက အကဲထိုက်မရောက်၊ ပညာမွဲရယ်နှင့် ပွဲကြိုက်လောက်အောင်၊ အတွင်သာဆွဲပြီး အသိနဲ့တော့လဲ အကြံမပါ၊ အမှန်ဟာကျတော့လဲ အမှားထား၊ နားပါးမှ မူကိုယူနိုင်တယ်၊ ဘယ်သူ့ကိုဘယ်သူပြိုင်သော်လဲ ကျောက်တိုင်ကြီးများ မနဲ့သလို၊ ဗျောက်ကိုင်တပည့် မောင်ဘစောရယ်က၊ ဝါပြောလျှင် နိုင်ငံက သိပါလိမ့်မဗျ၊ ပြိုင်စံမရှိ သိကြားပေးသော ဇမ္ဗူရာဇ် ရွှေဆိုင်းအစစ်၊ ပြေတိုင်းက ချစ်လောက်အောင်၊ ကျောက်မြတ် ရတနာရွှေစီ၊ နောက်ထပ် ဆရာတွေမမှီအောင် အကန့်အကန့် ထူးခြားတာက၊ စန္ဒကူးသားပတ်လုံး ဖြစ်လျက်အနေ၊ သစ်နက်ရေ အပေါ်က တခြားအုပ်၊ ဟောဒီနယားရုပ်ကျတော့ ရောဝဏ်ဆင်စွယ်အစစ်။ မှန်း.... ပင်လယ်ကသစ်ပွင့်ကျတော့ ပန်းပွားချ၊ အများမရနိုင်တဲ့ နတ်မီးရှူးတိုင်တွေက ထပ်ကာထပ်ကာပိုင်း၊ နတ်ရွာကသိဂ်ျကျတော့ ကောတုမ္ဗရာဇ်က အထည်ကိုဆင်၊ ယဉ်ယဉ်ကလေး အလံလေးချက်စိုက်၊ တဖန်ရှေးအဆက်ဆက်လိုက်၍ တခါမှ မမြင်ဘူးသော၊ ခယာဘင်အထူး ဝိဇယုတ္တ ခရုသင်းကဲ့သို့၊ တူရိယာသံစုံဆက်သွင်းတာမတော့၊ လက်ရင်းလက်ဖျား၊ ပတ်သွားပတ်လာ၊ ပတ်စာပတ်ပိတ်၊ အနှိပ်အကွပ်၊ အသွတ်အသွင်း၊ အဆင်းအတက်၊ အစက်အတောက်၊ အထောက်အခု၊ ယှဉ်မတုကြနှင့်၊ သဘင်မှူ နည်းကရိယာမှာ၊ တနည်းသိတာနှင့် သိပ်ပြီးဖျန်းမနေကြနှင့်၊ ကျီးကန်းချောက်တဲ့ လောက်စာလုံးပမာပါဘဲ၊ ထီးနန်းဖောက်တဲ့ အမြောက်ပုံးလာရင် တမင်ရှားကြတော့၊ သဘင်သမား တီးထုံးမသိသူတို့ကို၊ ကိုင်း.... ဆရာ ရွာစား စည်းဒုံးနဲ့ ဖိတော်မူစမ်း"

X X X X X

# ဂုဏ်ပညာ တေးထပ် တီးလုံး

"(တက္ကသိုလ် ဂိုဏ်းဖွင့်ပေါ့၊
မနိုင်းသင့် ကျေညာ) ၂၊
ဆိုင်းဘုရင့် ရှိန်တေဇာမှာ၊
စိန်ဗေဒါ ခေါင်ဆုံး၊
(ပဋ္ဌသိမ့် မှတ်ကျောက်မှန်သည်) ၃
နတ်စောင်းသဏ္ဍာန် ထားတော့တန်နှုန်း"

X X X X X

သီချင်း download link:
https://soundcloud.com/maungko/sbd-s35

# ဆရာ ဦးဗေဒါ စောင်းသံမှန်နှင့် တီးသည့် ရွှေတိုင်ညွန့်၏ ဗိမ္ဗိသာရ သီချင်း

"သနားစရာ ဘုရားတကာကြီးရဲ့အမည်၊ ဘုရင်ဗိမ္ဗိသာရ အဂ္ဂဝေဒေဟီ၊ မဟာပဟိုရ်ရှိစည်နဲ့ ရာဇဂြိုဟ်ပြည်၊ ဘုန်းတော်ရောင် ပွင့်လင်းပေသည်၊ ဝိဘာဂဝဋ္ဋတရား မကောင်းရရှာပြီ သူ့ဆရာ ဒေဝဒတ်က ထီးပြသာဒ် ကြံစီ ကြီးကြပ်စံသည် သားတော်မောင် အဇာတသတ်ရယ်က နန်းရပ်ထီးဖြူ လုယူလေတော့သည်။

ဒေါသရှေ့ထား သားဇာတသတ် ပြည်ကိုမွေသည်၊ အနားလာမကပ်နဲ့ ဝေဒေဟီ စကားလာမစပ်နဲ့ သေပေစီ၊ ပတ္တမြားရောင်ဖြာတဲ့ စမုတ်ဆောင်ထဲ၊ ဓားတထောင်ထွာနဲ့ ဥသျှောင်တဲ၊ ဘုရားကျောင်းတကာကြီး၊ တုပ်နှောင်လှဲတော့သည်၊ ငရဲပြည် အဇာတသတ် ထိုမင်းသားသည်၊ အနာဂတ်ကို သူမစဉ်းစားလေပြီ။

(ထားကံပုလီ၊ ကြွေလုသည်းဆိုင်၊ တတ်နိုင်ပါဘဲ၊ သူနိုင်ငါမင်း ပြုတော့သည်) ၂၊ ဓါးတလက်လက်နဲ့ ခြေဆွဲ၊ ဆားတစက်စက် အရေချ၊ စကားတချက်နှစ်ချက်တောင် မပီသပြီ၊ ဗိမ္ဗိသာရ ဘုရင်နန်းကျ မရှင်လန်းသပ ဘဝင်မချမ်းမြတဲ့ ဝဋ္ဋတရားကို ခံစားရတော့သည်။

ပဋ္ဌာနန္တရိယ ကံကြီးထိုက်မှာ မကြောက်ကြဘူးလား မရွံ့ကြဘူးလား မလန့်ကြဘူးလား အတည်၊ ငါးဖြာအနန္တ ဂုဏ်ကျေးဇူးကိုရည်၊ ဘယ်သောအခါမှ မမေ့ခဲ့ပေါင်၊ ကျနော်ရှိသေ ကြည်ဖြူပါသည်၊ နေ့တိုင်းဘဲ ဦးတင်ရည်၊ ညတိုင်းဘဲ ဦးတင်ရည်၊ ငါးဖြာဂုဏ်ရည် အမှန်ယုံကြည်၊ ရွှေတိုင်ညွန့်က ဝိစိတြာ ကဗျာရေးဖွဲ့ကာ စီ"

< ပုံ ၁၄ - ပန်းချီပုံ - staff notetation ပုံ>

(*ရွှေတိုင်ညွန့်ရေးပြီး ဒေါ်ကြည်အောင် သီဆိုခဲ့သော ဝိစိတြ သီချင်း ဖြစ်ပါသည်။*)

# နောက်ဆက်တွဲ

## စာအုပ်ထဲတွင် မပါသော သီချင်းများ

- မင်္ဂလာဗျောသွန်း
- https://soundcloud.com/maungko/sbd-s2-1

- မြန်သပြေညာဘောင်
- https://soundcloud.com/maungko/sbd-s2-2

- တရုတ်နဲ့ပတ်စမ်း
- https://soundcloud.com/maungko/sbd-s2-3

- တလိုင်း ၁၂ ခန်း
- https://soundcloud.com/maungko/sbd-s2-4

- ဖူးစာရှင်တီးလုံး
- https://soundcloud.com/maungko/sbd-s2-5

- ရွှေဘုန်းတော်တိုးပါလို့
- https://soundcloud.com/maungko/sbd-s2-6

- ဇရေကောင်း
- https://soundcloud.com/maungko/sbd-s2-7

- မဟာမြိုင်တီးလုံး
- https://soundcloud.com/maungko/sbd-s2-8

- အချစ်ဝါဒတီးလုံး
- https://soundcloud.com/maungko/sbd-s2-9

- ပြေတော်မူတီးလုံး
- https://soundcloud.com/maungko/sbd-s2-10

- ခြောက်သွယ်ညွှန့်တီးလုံး
- https://soundcloud.com/maungko/sbd-s2-11

- ဇေယျာညွှန့်တီးလုံး
- https://soundcloud.com/maungko/sbd-s2-12

- မဟာမိတ်တီးလုံး
- https://soundcloud.com/maungko/sbd-s2-13

- ပဒေသာပတ်စမ်း (စိန်ဗေဒါနှင့် နဲ့ကိုမြစိန်)
- https://soundcloud.com/maungko/sbd-s2-14

## စိန်ဗေဒါ ကွယ်လွန်ခြင်း ၂၅ နှစ်ပြည့် အထိမ်းအမှတ် ဆွေးနွေးချက်များ

(ဆရာလှသမိန်၏ စိန်ဗေဒါ အတ္ထုပ္ပတ္တိ၊ ဦးသန်းမြင့်၊ ဒေါ်အောင်ကြည်၊ ဦးဂုဏ်ဘဏ်၊ ဘာဂျာဆရာစိုး၊ ဦးလှဖေ၊ စန္ဒယား ဆရာတောက်တို့၏ ဆွေးနွေးချက်များ)

- စိန်ဗေဒါ အတ္ထုပ္ပတ္တိ အကျဉ်းနှင့် ခြောက်သွယ်ညွန့်တီးလုံး ဆွေးနွေးချက်
- https://soundcloud.com/maungko/sbd-c1

- ဇေယျာညွန့်တီးလုံး ဆွေးနွေးချက်
- https://soundcloud.com/maungko/sbd-c2

- မန်ကျည်းခုနစ်စဉ်တီးလုံး ဆွေးနွေးချက်
- https://soundcloud.com/maungko/sbd-c4

- ဂုဏ်ပညာတီးလုံး ဆွေးနွေးချက်
- https://soundcloud.com/maungko/sbd-c5

- နှုတ်ဆက်တီးလုံးဆွေးနွေးချက်
- https://soundcloud.com/maungko/sbd-c6

- မွန်တလိုင်း ၁၂ ခန်း ဆွေးနွေးချက်
- https://soundcloud.com/maungko/sbd-c7-a

- ပျော်ညွန့် ဆွေးနွေးချက်
- https://soundcloud.com/maungko/sbd-c8